# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၅ ရက် ၂၀၁၅ ခုနှစ်၊ မေ ၂၂ ရက်၊ သောကြာနေ့ အတွဲ [၅၄]၊ အမှတ် [၂၂၉]


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း

လှူဒါန်းခြင်းသည်

မြတ်သောမင်္ဂလာ မည်၏။

# ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့တွင်ဖြစ်ပေါ်နေသော ရွှေ့ပြောင်းအခြေချလိုသူများ၊ ပင်လယ်တွင်းလှေစီးဒုက္ခသည်များကို လူသားချင်း စာနာစောင့်ရှောက်ကူညီပေးရေး ဆွေးနွေး



နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့တွင် ဖြစ်ပေါ်နေသော ရွှေ့ပြောင်းအခြေချလိုသူများ၊ ပင်လယ်တွင်း လှေစီးဒုက္ခသည်များကို လူသားချင်းစာနာစောင့်ရှောက်ကူညီပေးရေး၊ လူမှောင်ခိုမှု၊ လူကုန်ကူးမှုများ တားဆီး နှိမ်နင်းရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့နှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ရွှေကျင်-မဒေါက်ကလေးတံတားသစ်ကြီး မကြာမီဖွင့်လှစ်တော့မည်




ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)က တာဝန်ယူဆောက်လုပ်ခဲ့သည့် မဒေါက်ကလေးတံတားသစ်ကြီးမှာ တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းတံတားကြီးသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ်၌ တည်ရှိသည်။ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နှင့် ရွှေကျင်မြို့တို့ကို ဆက်သွယ်ပေးထားသည့် ညောင်လေးပင်-ပုဇွန်မြောင်း-မဒေါက်-ရွှေကျင် လမ်းမကြီး မိုင်တိုင်အမှတ် ၁၂/၀ ရှိ စစ်တောင်းမြစ်ကျိုးအင်းချောင်းကို ဖြတ်သန်း တည်ဆောက်ထားသည်။

မူလမဒေါက်ကလေးတံတားသည် သစ်သားတိုင်ဘေလီတံတားအဖြစ် အချိန်ကြာမြင့်စွာသုံးစွဲခဲ့ရာမှ အချိန်ကာလကြောင့် ယိုယွင်းနေပြီဖြစ်သဖြင့် လည်းကောင်း၊ တစ်လမ်းသွား စာမျက်နှာ ၁၁ ကော်လံ ၅ ✻

ယနေ့ မာတိကာ


ဆီးရိုးယားရှေးဟောင်းမြို့ အိုင်အက်စ်တို့ သိမ်းပိုက် စာမျက်နှာ » ၄

မူလတန်းကလေး ငါးသန်းခွဲကျော်ကို ကျောင်းဝတ်စုံများ အခမဲ့ပေးမည် စာမျက်နှာ » ၁၄

ဆူနာမီ သို့မဟုတ် သေမင်းတမန်ရေလှိုင်း စာမျက်နှာ » ၁၅





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တရားမဝင်သစ်ဖမ်းဆီးရေးအရှိန်မြှင့်တင်

မြန်မာနိုင်ငံမှထွက်ရှိသည့် ကျွန်းသစ်သည် ကမ္ဘာပေါ်တွင် အရည်အသွေးကောင်းမွန်ပြီး တာရှည်ခံကြောင်း ပညာရှင်တို့က အသိအမှတ်ပြုထားပါသည်။ ဤသို့ဂုဏ်သတင်းကျော်ကြားမှုနှင့်အတူ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တရားမဝင် သစ်ထုတ်လုပ်မှု၊ သစ်ခိုးမှုများလည်းကြီးထွားလာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် သစ်တောများပြုန်းတီးလာရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်မှာ တရားမဝင်သစ်ထုတ်လုပ်မှုများနှင့် သစ်ခိုးမှုများကြောင့်ပင်ဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံ၌ အဖိုးတန်သစ်များ ရှင်သန်ပေါက်ရောက်မှုအားကောင်းလာစေရန် သစ်တောရေးရာဝန်ကြီးဌာနက ဦးဆောင်၍ အစီအမံများချမှတ်ကာ ဆောင်ရွက်နေပြီဖြစ်ပါသည်။ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ခြင်းကိုလည်း ပိတ်ပင်ထားပြီးဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်း၏ အဓိကရည်မှန်းချက်သည် မြန်မာနိုင်ငံအတွင်း သစ်တောလွှမ်းခြုံမှုဧရိယာ ကျယ်ပြန့်တိုးပွားလာစေရန် ဖြစ်ပါသည်။ သစ်တောသစ်ပင်များ လွှမ်းခြုံမှုအားကောင်းလာအောင် ဆောင်ရွက်ရာတွင် သစ်တောစိုက်ခင်းများ နှစ်စဉ်စိုက်ပျိုးထူထောင်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ထိန်းသိမ်းရေးနှင့် ဖမ်းဆီးအရေးယူမှုအပိုင်းတို့သည် လွန်စွာအရေးကြီးပါသည်။ ဖမ်းဆီးအရေးယူမှုအပိုင်းကို ထိရောက်စွာဆောင်ရွက်နိုင်မှသာ တရားမဝင်သစ်ထုတ်လုပ်မှုများ လျော့ကျလာမည်ဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း တရားမဝင်သစ်ထုတ်လုပ်မှုနှင့် သစ်ခိုးမှုများ သိသိသာသာဖမ်းဆီးအရေးယူမှုများ ပြုလုပ်လာနိုင်ခဲ့ပါသည်။ တရားမဝင်သစ်များထုတ်လုပ်ရာတွင် သစ်အလုံးလိုက်သာမက၊ ဖြတ်တုံး၊ ခွဲသားအစရှိသဖြင့် ပုံစံအမျိုးမျိုး၊ လမ်းကြောင်းအသွယ်သွယ်ဖြင့် ခိုးယူမှုများရှိခဲ့ပါသည်။ အထူးသဖြင့် တမလန်းသစ်များကို အများဆုံးဖမ်းဆီးနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဖမ်းဆီးရမိသည့်တရားမဝင်သစ် (ကျွန်း၊ သစ်မာ၊ အခြား) စုစုပေါင်း ၅၁၇၂၅ ဒသမ ၂၂၄၄၁ တန်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရပါသည်။

တရားမဝင်သစ်အများဆုံး ဖမ်းဆီးရမိသည့်ဒေသများမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(လားရှိုး) နှင့် ပဲခူးရိုးမဒေသတို့မှဖြစ်ကြောင်း သိရပါသည်။ ပြီးခဲ့သည့် သကြံန်ကာလအတွင်းမှာပင် တရားမဝင်သစ်ဖမ်းဆီးရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ သစ် ၁၆၃၈ ဒသမ ၈၃၁၉ တန်၊ လုံးပတ်သုံးပေအောက်သစ် ၆၆ ဒသမ ၈၉၅၂ တန်၊ ထော်လာဂျီနှစ်စီး၊ ဆိုင်ကယ်သုံးစီးနှင့် သစ်ခိုးထုတ်သူ ၅၄ ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း သိရပါသည်။

တရားမဝင်သစ်ဖမ်းဆီးရေးကို အဓိကအားဖြင့် သစ်တောဦးစီးဌာန၊ အခြားဆက်စပ်ဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သစ်တောဦးစီးဌာနများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်အစရှိသဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူ့သယံဇာတများဖြစ်သည့် ကျွန်းနှင့် သစ်မာများ မသမာသောနည်းလမ်းဖြင့် မဆုံးရှုံးရလေအောင် တရားမဝင်သစ်ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ ခိုးယူမှုများကို တာဝန်ခံ၊ တာဝန်ရှိအဖွဲ့အစည်းအသီးသီးအနေဖြင့် ဝိုင်းဝန်းတားဆီး၊ ဖမ်းဆီးမှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားသင့်ပါကြောင်း။ ။

# အာရှဒေသ အစိုးရအသုံးစရိတ် စီမံခန့်ခွဲမှုကွန်ရက်အဖွဲ့ဝင်နိုင်ငံများ မျက်နှာစုံညီအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာရှဒေသ အစိုးရ အသုံးစရိတ်စီမံခန့်ခွဲမှု ကွန်ရက် (Public Expenditure Management Network in Asia) အဖွဲ့ဝင်နိုင်ငံများ၏ ၂၀၁၅ ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-II) တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဒေါက်တာ လင်းအောင်နှင့် ဒေါက်တာ မောင်မောင်သိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊ အာရှဒေသအစိုးရအသုံးစရိတ်စီမံခန့်ခွဲမှုကွန်ရက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရုရှားနိုင်ငံမှလေ့လာသူများ၊ PEMNA အတွင်းရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ World Bank၊ Korean Ministry of Strategy and Finance၊ UNICEF၊ IMF နှင့် US-OTA စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အာရှဒေသအစိုးရအသုံးစရိတ် စီမံခန့်ခွဲမှုကွန်ရက်သည် အရှေ့အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အစိုးရအသုံးစရိတ် စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်သော ကွန်ရက်တစ်ခုဖြစ်ရန်ရည်ရွယ်၍ တည်ထောင်ထားခြင်းဖြစ်ပါကြောင်း၊ အဓိကအားဖြင့် အဖွဲ့နှစ်ဖွဲ့ ဖွဲ့စည်းထားပါကြောင်း၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အဖွဲ့အစည်း (Budget Communities of Practice - B.Cop) နှင့် ငွေတိုက်ပိုင်းဆိုင်ရာ အဖွဲ့အစည်း (Treasury Communities of Practice -T.Cop)တို့ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား အတွေ့အကြုံများကို အပြန်အလှန်လေ့လာဆွေးနွေးဖလှယ်ပြီး မျှဝေအသုံးချပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှစ၍ PEMNA အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး အဖွဲ့၏လှုပ်ရှားမှုများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ Country Director Mr. Ulrich Zachau က အမှာစကား ဆက်လက်ပြောကြားပြီး ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အာရှဒေသ အစိုးရအသုံးစရိတ်စီမံခန့်ခွဲမှု ကွန်ရက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ၊ စီမံကိန်းနှင့် ဘတ်ဂျက် ချိတ်ဆက်ဆောင်ရွက်မှုများ၊ နှစ်လတ်ဘဏ္ဍာရေးမူဘောင်ရေးဆွဲခြင်း၊ စွမ်းဆောင်ရည် ပြည့်ဝသောဘတ်ဂျက်ရေးဆွဲခြင်း၊ ငွေကြေးစီမံခန့်ခွဲမှုများ၊ ငွေတိုက်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဖွဲ့များခွဲ၍ ဆက်လက်ဆွေးနွေးကြသည်။ အဆိုပါ အစည်းအဝေးကို မေ ၂၀ ရက်မှ ၂၂ ရက်အထိ MICC-II တွင် သုံးရက်ကြာကျင်းပမည်ဖြစ်သည်။ PEMNA အဖွဲ့တွင်အဖွဲ့ဝင် (၁၄) နိုင်ငံရှိပြီး ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ စင်ကာပူ၊ ဘရူနိုင်း၊ အရှေ့တီမော၊ မွန်ဂိုလီးယား၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံသည် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို စနစ်တကျ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေခြင်းကြောင့် ကမ္ဘာ့ဘဏ်နှင့် PEMNA အဖွဲ့တို့က မေတ္တာရပ်ခံချက်အရ ယခုကဲ့သို့ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲဝင်လက်ရာများ တိုင်းအဆင့်ရွေးချယ်



**ပဲခူး မေ ၂၁**

၂၀၁၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ဆုပေးပွဲနှင့်ပြပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲဝင် လက်ရာများအား တိုင်းဒေသကြီးအဆင့် ဆုရွေးချယ်ခြင်းအခမ်းအနားကို မေ ၂၀ရက်က ပဲခူးမြို့လိပ်ပြာကန်ရပ်ကွက်ရှိ ရဲရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ တိုင်းဒေသကြီးအဆင့် ဆုရွေးချယ်ရေးဘုတ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဆုရွေးချယ်ရေးဘုတ်အဖွဲ့များက ပြိုင်ပွဲဝင်ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီလက်ရာများအား ဆုများရွေးချယ်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းမှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဇွန် ၂၆ ရက်တွင် ဆုရရှိသူများအား ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **သန့်စင် (ပဲခူး)**

# မိုးပွင့်(အထူး)နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**ကွတ်ခိုင် မေ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာအုပ်စုအတွင်းရှိ နမ့်ဖတ်ကာကျေးရွာရပ်ကွက် ၁/၂/၃/၄ နှင့်ပန်ကိုင်၊ ပန်ဂျရော့၊ သံမှို၊ သံလော့၊ ကောင်းလိန်၊ ပူတာဘွန်၊ မန်ဘိမ်း၊ ဟိုပုံ၊ ဟိုလော့၊ လော့ခွမ်၊ ဟိုမော့ကျေးရွာများသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး ဦးစီးဌာနမှူး ဦးမင်းမင်းဇော်(ဦးစီးအရာရှိ)နှင့် ဝန်ထမ်းများသည် ကျေးရွာစုရပ်သို့သွားရောက်၍ မိုးပွင့်(အထူး) နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၅၄၈ ဦးကိုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**



## ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန်ပေးဆောင်ပါ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(ပြင်ပပေါက်ဈေး)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၂.၀ |
| ဥရောပ | တစ်ယူရို | ၁၂၀၃.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၀.၇၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၂၆၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၀၀၂ |
| တရုတ် | တစ်ယွမ် | ၁၇၄.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀.၆၈ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၈၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၀၀-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၄၀၀-၂၅၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၅၀-၆၇၀ |
| ဂရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၅၀-၃၀၅၀ |
| ဂရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၅၀၀ |
| သကြား | တစ်ပိဿာ | ၁၀၅၀-၁၀၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ/ပုံတင်ပြသည်။

# လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးသည် ပထမရရှိမည့်လိုအပ်ချက်ဖြစ်၍ ပြည်သူများပူးပေါင်းပါဝင်

**နေပြည်တော် မေ ၂၁**

ရခိုင်ပြည်နယ်တွင် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများအား တွေ့ဆုံစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၂ ခုနှစ်ဇွန်လမှ စတင်ခဲ့သော ရခိုင်ပြည်နယ် အရေးအခင်းဖြစ်ပွားပြီး နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကိုဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် အထိုက်အလျောက် အောင်မြင်နေပြီဖြစ်ပါကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး အပိုင်းတွင် ရာနှုန်းပြည့်မဟုတ်သော်လည်း ရှိသင့်သလောက်ရှိလာပြီဖြစ်သည့်အတွက် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ပိုပြီးအာရုံစိုက်လာနိုင်ပြီဖြစ်ပါကြောင်း။

ယခုဆိုလျှင် ပြည်နယ်၏ နေရာဒေသအတော်များများသည်လည်း လျှပ်စစ်မီးရရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးကိုအသုံးပြုပြီး စစ်တွေမြို့၏စီးပွားရေးသည်လည်း ယခုထက်ပိုပြီး ဖွံ့ဖြိုးလာမည်ဟု ခန့်မှန်းနိုင်ပါကြောင်း။

မဝေးတော့သည့် ကာလတွင် ပြည်နယ်၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးအပါအဝင် သောက်သုံးရေ၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည်တို့လည်း တဖြည်းဖြည်း ပြည့်စုံလာမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလို တိုးတက်မှုများ ရရှိလာခြင်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနှင့် ရလာခြင်းမဟုတ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ ကြိုးစားအားထုတ်မှုကြောင့် ဖြစ်ပါကြောင်း။

လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် ပထမရှိရမည့် အရင်းခံလိုအပ်ချက်ဖြစ်၍ ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု များစွာအရေးကြီးပါကြောင်း။

ရခိုင်ပြည်နယ်၏ ပြောင်းလဲမှုများကိုလည်း အမြဲမပြတ်စောင့်ကြည့်နေပါကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာလကုန်မှစ၍ လျှပ်စစ်မီးလွှတ်အထိမ်းအမှတ်အခမ်းအနား၊ ရခိုင်ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများဖြစ်သည့် ကျွင်ကိုင်ပွဲနှင့် ရထားဆွဲပွဲစသည့် အားကစားပြိုင်ပွဲများ၌ လူကြီး၊ လူငယ်မြို့လုံးကျွတ် ပါဝင်ဆင်နွှဲကြသည်မှာ အားရဂုဏ်ယူဖွယ်ဖြစ်ရပါကြောင်း၊ ဤသည်မှာ ပြည်နယ်ဝန်ကြီးချုပ်၏ ဦးဆောင်မှုနှင့် ပြည်နယ်သူ ပြည်နယ်သားများ ပူးပေါင်းပါဝင်မှုကြောင့် ပေါ်ထွက်လာသည့်ဖြစ်စဉ်များ ဖြစ်ပါကြောင်း၊ ယခုလာရောက်ရခြင်းသည် ပြည်နယ်သူ ပြည်နယ်သားများ၏ အောင်မြင်မှုကို ဂုဏ်ပြုရန်နှင့် ပြည်နယ်မှ လိုအပ်သည့် ကျန်းမာရေး၊ ပညာရေးမှအစ တခြားဆိုင်ရာလိုအပ်ချက်များကို ပံ့ပိုးကူညီနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့မိမြို့ဖ ဦးသန်းထွန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသာပွင့်တို့က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယသမ္မတက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်မှုလုပ်ငန်းများနှင့် ဆေးရုံတက်လူနာများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် စစ်တွေမြို့ရှိ ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေး စင်တာရုံး၌ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများအား တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်းရှိကယ်ဆယ်ရေးစခန်းများကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ UNICEF, UNDP, MSF နှင့် UNOCHA တို့မှ တာဝန်ရှိသူများက ယခုကဲ့သို့ အပြုသဘောဆောင်ဆွေးနွေးခွင့်ရသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ လက်ရှိ ပင်လယ်ပြင်၌ ရောက်ရှိနေသည့် လှေစီးသူများ ကမ်းခြေသို့ ရောက်ရှိရေးသည် အရေးကြီးပါကြောင်း၊ ပင်လယ်ပြင်ရှိ လှေများပေါ်တွင်ပါရှိသည့် ကလေးသူငယ်များနှင့် လူငယ်များ၏ အာဟာရ၊ စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာများ ပံ့ပိုးကူညီပေးရန် လိုအပ်ပါကြောင်း၊ ၎င်းတို့အနက် မိသားစုနှင့် ကွဲကွာပါရှိလာသည့် ကလေးများ၏ အသက်ရှင်ရပ်တည်ရေးအတွက် သီးခြားဂရုစိုက်စောင့်ရှောက်မှုမျိုး လိုအပ်ပါကြောင်း။

အဆိုပါကိစ္စရပ်များဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် လိုအပ်သောပစ္စည်းများအား ကြိုတင်နေရာချထား ဆောင်ရွက်နေပါကြောင်း၊ ယူနီဆက်တွင် ကလေးသူငယ်ဆိုင်ရာကာကွယ်စောင့်ရှောက်ရေးအတွက် ကျွမ်းကျင်သူများရှိပြီး ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများတွင် ကူညီစောင့်ရှောက်ပေးရန်ပင်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့်လည်း ကူညီစောင့်ရှောက်မှုများကို လုပ်ဆောင်လျက်ရှိပါကြောင်းဖြင့် ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေက ၂၀၁၅ ခုနှစ် မေ ၂၀ ရက်တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် မြန်မာနိုင်ငံအစိုးရအဖွဲ့၏ သဘောထားထုတ်ပြန်ချက်ကို ပြန်လည်ဖတ်ကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယခုခရီးစဉ်အတွင်း စစ်တွေမြို့နယ်သက္ကေပြင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ဘင်္ဂါလီရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျန်းမာရေး၊ ပညာရေး လိုအပ်ချက်များအတွက် တင်ပြချက်များအပေါ် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးညွှန်ကြားခဲ့ကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အနက် ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများတွင် ယာယီတဲစခန်းများဖြင့် နေထိုင်ကြသူများအား မိသားစုတစ်ခုချင်းစီအလိုက် နေထိုင်နိုင်သည့် လုံးချင်းအိမ်ရာများကို ဆောက်လုပ်နေရာချထားပေးလျက်ရှိရာ ပထမအဆင့်အနေဖြင့် လုံးချင်းအိမ်ရာ ၅၀၉၁ လုံးကို တည်ဆောက်ရန် လျာထားသည့်အနက် လုံးချင်းအိမ်ရာ အလုံးပေါင်း ၂၀၀၀ ကို တည်ဆောက် နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**



ပေါက်တောမြို့နယ် ကြိမ်နီပြင်စခန်း (ကံပြင်ကျေးရွာ)တွင် လုံးချင်းအိမ်ရာများ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



လုံးချင်းအိမ်ရာများ တည်ဆောက်နေစဉ်။

# မြန်မာ့တပ်မတော်အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမည်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်အား ဖေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

**နေပြည်တော်  မေ  ၂၁**

မူဝါဒအရ မိမိတို့တပ်မတော်အနေဖြင့် လှေစီးဒုက္ခသည်များ မရှိစေလိုပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံသားများကို ယင်းသို့ထွက်ခွာသွားစေရန် တွန်းအားပေးဆောင်ရွက်မှုများ မရှိပါကြောင်း၊ သို့ဖြစ်၍ လှေစီးဒုက္ခသည်များ ဘယ်ကလာသည်ကို ဦးစွာ စဉ်းစားရမည်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ ကူညီဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်အား ဖေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲလ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပထမဦးစွာ ဧည့်သည်တော် ဒုတိယဝန်ကြီးက အင်ဒိုနီးရှား၌ ရောက်ရှိနေသည့် လှေစီးဒုက္ခသည်များတွင် မြန်မာနိုင်ငံမှ အင်အား ၂၀၀၀ ကျော်ခန့် ပါဝင်သည်ဟု ကြားသိရပါကြောင်း၊ ယင်းဒုက္ခသည်များကို အမြန်ကယ်တင်ပြီး လုံခြုံသည့်နေရာသို့ ပို့ဆောင်လျက်ရှိရာ မြန်မာနိုင်ငံ၊ မြန်မာ့တပ်မတော်အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့ရာ **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယင်းသတင်းများရရှိပြီးဖြစ်ပါကြောင်း၊ ဒုက္ခသည်အများစုအနေဖြင့် UNHCR မှ အထောက်အပံ့ကို ရရှိလိုသဖြင့် မြန်မာနိုင်ငံမှ လာခြင်းဖြစ်သည်၊ ရိုဟင်ဂျာများဖြစ်သည်ဟု ပြောဆိုမှုများရှိနိုင်ပါကြောင်း၊ ၎င်းတို့၏နေရပ်အမှန်ကို သေချာစွာ စစ်ဆေးရန်လိုကြောင်း၊ ယင်းအချက်များအပေါ်တွင်အခြေခံ၍ နိုင်ငံတစ်ခုကို တစ်ဖက်သတ်မစွပ်စွဲသင့်ကြောင်း၊ ပြည်ပသတင်း မီဒီယာအချို့ကလည်း ယင်းလှေစီးဒုက္ခသည်များမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လာရောက်ခြင်းဖြစ်ကြောင်း တွေ့ဆုံမေးမြန်းခန်းများတွင် ဖော်ပြနေပါကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထွက်ပြေးလာသူအချို့ ခရီးဆက်လက်သွားရောက်ရန် အခက်အခဲရှိသဖြင့် မိမိတို့နိုင်ငံ မောင်တောမြို့အောက်ဘက်ရှိ မြင်းလွတ်ရွာသို့ ဝင်ရောက်လာ၍ လိုအပ်သည့် စား၊ ရေ၊ ရိက္ခာများ ဖြည့်ဆည်းထောက်ပံ့ပြီး ပြန်လည်စေလွှတ်ပေးခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ ညွှန်ကြားမှုနှင့်အညီ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားလက်နက်ကိုင်ကိစ္စရပ်များတွင် တိုင်းရင်းသားများသာမက ပြည်ပလှုံ့ဆော်မှုအချို့ ပါဝင်နေကြောင်း၊ နောက်ခံသမိုင်းကြောင်းကိုလည်း ထည့်သွင်းစဉ်းစားရကြောင်း၊ ငြိမ်းချမ်းရေးရယူရန်မှာ အမှန်တကယ်ဆန္ဒရှိရန် အရေးကြီးပါကြောင်း၊ ပါတီစုံလမ်းကြောင်း လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပြီး အာဏာယူရန်မဖြစ်နိုင်ကြောင်း၊ လက်နက်စွန့်ရန် ဝန်လေးနေသည့်အဖွဲ့များရှိနေပါကြောင်း၊ ယနေ့သွားနေသည့် ပါတီစုံလမ်းကြောင်းတွင် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် ၂၀၁၁ ခုနှစ်မှစပြီး နိုင်ငံတော်သမ္မတကြီးကလည်း ငြိမ်းချမ်းရေး ကမ်းလှမ်းခဲ့ပါကြောင်း၊ သမ္မတကြီး ကမ်းလှမ်းခဲ့သည့် ငြိမ်းချမ်းရေးကို မရရအောင် တပ်မတော်အနေဖြင့်လည်း အတတ်နိုင်ဆုံးလိုက်လျော၍ ပါဝင်ဆောင်ရွက်နေကြောင်း၊ တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ရေး ပြင်ဆင်ထားပါကြောင်းဖြင့် တပ်မတော်၏ငြိမ်းချမ်းရေးမူကိုအခြေခံ၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်း တပ်မတော်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ချက်များအတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာပြီး လွတ်လပ်မျှတမှုရှိရေး အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေး ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ရေး၊ စစ်ရေး၊ နိုင်ငံရေး၊နိုင်ငံတကာဆက်ဆံရေး စသည့် စိန်ခေါ်မှုများနှင့် နိုင်ငံသားများ၏ ဒီမိုကရေစီရင့်ကျက်မှုများပေါ်တွင် မူတည်၍ တပ်မတော်၏အခန်းကဏ္ဍကို အချိန်ယူ ပြုပြင်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့၌ ရွှေ့ပြောင်းအခြေချလိုသူများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများ ဆွေးနွေး

**နေပြည်တော်  မေ  ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မဒမ် ရက်ဒ်နို မာဆူဒီ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား မေ ၂၁ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပြင် မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေးဆိုင်ရာဆောင်ရွက်ချက်များကိစ္စ၊ လတ်တလော နိုင်ငံတကာသတင်းများတွင်ဖော်ပြနေသည့် ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့၌ ဖြစ်ပေါ်နေသော ရွှေ့ပြောင်းအခြေချလိုသူများကိစ္စနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများ၊ ပင်လယ်ပြင်တွင် ဥပဒေစိုးမိုးမှုရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဖလမ်း၌ မူကြိုကလေးများ အာဟာရတိုက်ကျွေး

**ဖလမ်း  မေ  ၂၁**

ဖလမ်းမြို့ ဖာရ်ထောက်ရပ်ကွက်ရှိမန်ကက်သလစ် အသင်းတော်မှ ဖွင့်လှစ်သော မူကြိုကျောင်းရှိ ကလေးများ အာဟာရမြင့်မားစေရေးအတွက် အာဟာရတိုက်ကျွေးခြင်းကို မေ ၂၁ ရက် နံနက်က အဆိုပါ မူကြိုကျောင်း၌ကျင်းပရာ ဖလမ်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့် အဖွဲ့ဝင်များက မူကြိုကလေး ၅၁ ဦးတို့ကို ပေါင်မုန့်နှင့် နွားနို့ အာဟာရများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ ကာကွယ်တားဆီးနိုင်ရေးပူးပေါင်းဆောင်ရွက်နိုင်မည့်အနေအထားများဆွေးနွေး

**နေပြည်တော်  မေ  ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတို ဆရီ အနီ ဖက် အမန် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား မေ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ယင်းသို့တွေ့ဆုံရာတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးက မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့၏ မေ ၂၀ ရက် ထုတ်ပြန်ချက်နှင့်ပတ်သက်၍ လာရောက်ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း၊ လှေစီးခရီးသည်များကိစ္စကို နိုင်ငံတကာမှ အာရုံစိုက်လျက်ရှိခြင်းကြောင့် သက်ရောက်မှုရှိသည့်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လှေစီးခရီးသည်များနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ကြေညာချက်ကို များစွာကျေနပ်အားရမိပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဒေသတွင်း လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ ကာကွယ်တားဆီးနိုင်ရေးကို မြန်မာနိုင်ငံက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အနေအထားများကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသည့် လှေစီးဒုက္ခသည်များနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားသောရှုထောင့်မှ ပူးပေါင်းကူညီဆောင်ရွက်သွားမည်



**နေပြည်တော် မေ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် လွယ်ကူစွာဆောင်ရွက်ရသည့်လုပ်ငန်းများ မဟုတ်သော်လည်း မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်နေချိန်တွင် အမေရိကန်ပြည်ထောင်စုက စီးပွားရေးပိတ်ဆို့မှု တစ်နှစ်ထပ်မံတိုးမြှင့်သည်ကို ကြားသိရသည့်အတွက်လည်း များစွာစိတ်မကောင်းဖြစ်မိပါကြောင်း၊ မိမိအနေဖြင့်လည်း မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများကို အစဉ်တစိုက်ကန့်ကွက်ခဲ့ပါကြောင်း၊ အနာဂတ်ကာလတွင် ရှင်လန်းချမ်းမြေ့စေမည်ဟု ယုံကြည်မျှော်လင့် ပါကြောင်း၊ စီးပွားရေးပိတ်ဆို့ဆောင်ရွက်မှုများသည် မိမိနိုင်ငံ ပြည်သူများအပေါ် များစွာရိုက်ခတ်၍ ဆင်းရဲဒုက္ခများ ရောက်စေပါကြောင်း၊ လွှတ်တော်တွင် ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို လည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးအတွက် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးနှင့်ပွင့်လင်းမြင်သာမှုရှိစေရေးတိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးတို့နှင့်ဆက်စပ်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပြင်ဆင်သင့်သည့်အချက်များကိုပြင်ဆင်ပြီး ပြောင်းလဲသင့်သည်များကို ပြောင်းလဲရန်နှင့် ထားရှိသင့်သည်များကို ထားရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၌ ဖြစ်ပေါ်နေသောကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသည့် လှေစီးဒုက္ခသည်များနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံများအားလုံး ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့်ထပ်တူ စိုးရိမ်မှုများရှိပြီး လူသားချင်းစာနာထောက်ထားသော ရှုထောင့်မှ ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အမေရိကန်ပြည်ထောင်စုအနေဖြင့်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ကော်မတီအတွင်းရေးမှူး ဦးဝင်းသန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အမေရိကန်နိုင်ငံခြားရေး ဒုတိယဝန်ကြီးနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Derek Mitchell လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂသံအမတ်ကြီးအားလက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Roland Kobia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ဂေါက်သီးရိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၂၁**

၂၀၁၅ ခုနှစ် မေ ၂၁ ရက်မှ ၂၄ ရက်အထိမလေးရှားနိုင်ငံ Kelab Golf Sarawak တွင်ကျင်းပမည့် "The 113th Malaysian Amateur Open 2015" ပြိုင်ပွဲနှင့် မေ ၂၆ ရက်မှ ၂၈ ရက်အထိ Saujana Golf & Country Club တွင် ကျင်းပမည့် ''MPI Saujana Amateur Championship 2015"ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန် ခေါင်းဆောင်သော မြန်မာအမျိုးသား ဂေါက်သီးရိုက်အသင်းသည် မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာအမျိုးသားဂေါက်သီးရိုက်အသင်းအား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ မြန်မာဂေါက်သီးရိုက်အသင်းတွင် အသင်းအုပ်ချုပ်သူ/နည်းပြအဖြစ် ဦးအောင်လှဟန်နှင့် အမျိုးသား အားကစားသမားများအဖြစ် မောင်မောင်ဦး၊ ဇင်မင်းသူ၊ ဟိန်းစည်သူနှင့် သီဟမျိုးဆက်တို့ လိုက်ပါသွားကြောင်း သိရသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် စင်ကာပူနိုင်ငံတွင် လက်ခံကျင်းပမည့် ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်ပေးနိုင်ရေးရည်မှန်းချက်ဖြင့် နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## မူးယစ်ဆေးဖြတ်သူများအား နှစ်သိမ့်ပညာပေး

**ကျောက်မဲ မေ ၂၁**

မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး မူးယစ်ဆေးစွဲသူများ စနစ်တကျဆေးဝါးကုသမှုခံယူနိုင်ရေးအတွက် မက်သဒုံးသောက်သုံးသူ မူးယစ်ဆေးဝါး ဖြတ်နေသူများအား နှစ်သိမ့်ပညာပေးဆွေးနွေးပွဲကို ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးရှိ သင်တန်းခန်းမတွင် မေ ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကျောက်မဲခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်အောင်၊ ခရိုင်တရားသူကြီး ဒေါ်ခင်စန်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းခိုင်နှင့် ကျောက်မဲဥက္ကဋ္ဌ ဦးတင်မောင်သိန်းတို့က ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**မောင်မောင်**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကျင်းပရေး အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၁**

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကျင်းပရေးဗဟိုကော်မတီ (၁/၂၀၁၅)အစည်းအဝေးကို မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်ကို ကြိုတင်ပြင်ဆင်ခြင်း၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းဟူ၍ အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းနောက်ကောက်ယူပြီးသော စာရင်းဇယားများ ပြုစုခြင်း၊ ဆန်းစစ်လေ့လာသုံးသပ်ခြင်းနှင့် အစီရင်ခံစာပြုစုခြင်းတို့ကို စီမံချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြုစုပြီးဖြစ်သော ပင်မသန်းခေါင်စာရင်း အစီရင်ခံစာကို မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်းနှင့် ပင်မအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနား အောင်မြင်ရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူးဦးမြင့်ကြိုင်က သန်းခေါင်စာရင်း ပင်မအစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားဆိုင်ရာကော်မတီများ ဖွဲ့စည်းမှုနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို လာမည့် မေ ၂၉ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖုန်းခေါ်ဆိုခ ၅ ရာခိုင်နှုန်းကောက်ခံမည့်ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကင်းလွတ်ခွင့်ပြုရန် အဆိုတင်သွင်း

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက **နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူအများပြည်သူတို့၏ ဖုန်းခေါ်ဆိုခကြိုတင်ထည့်သွင်းငွေများထဲမှ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမည့်ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကင်းလွတ်ခွင့်ပြုနိုင်ရန် တည်ဆဲပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်သို့ အမြန်ဆုံးတင်သွင်း အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို** တင်သွင်းခဲ့သည်။

**အနည်းဆုံးလုပ်ခလစာ သတ်မှတ်နိုင်ရေးကိစ္စအပါအဝင် အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေး ပူးပေါင်းကော်မရှင်၏ အစီအရင်ခံစာပါ အပိုဒ် ၂၄ မှ ၃၃ အထိ ပါဝင်သောသုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍** အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ၂၀၁၄ခုနှစ် ဧပြီလအထိ အလုပ်သမားအဖွဲ့ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ဥပဒေလေးခု ရုပ်သိမ်းခြင်း၊ အသစ်ရေးဆွဲလျက်ရှိသည့် ဥပဒေခြောက်ခုတို့ကိုလည်း ပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံခြားသားအလုပ်သမားဆိုင်ရာ ဥပဒေနှင့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေတို့ကိုလည်း ထပ်မံအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ဖြစ်ပေါ်လာသည့် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များနှင့် နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံ အလုပ်ရုံဌာနများ၏ အလုပ်သမားရေးရာကိစ္စရပ်များ၊ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ အပြည့်အဝရရှိနိုင်စေရေး၊ လူမှုရေးတရားမျှတစွာဖြင့် သင့်လျော်ကောင်းမွန်သည့် စက်မှုလုပ်ငန်းခွင်ဖြစ်စေရန် တာဝန်ရှိမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် ဝန်ကြီးဌာနလုပ်ငန်းစဉ်များနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့ပြင် လယ်ယာနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ အပါအဝင် လက်ရှိကာလအထိ တိုးတက်ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများထံသို့ တိုက်ရိုက်တင်ပြတိုင်ကြားလာသော တိုင်ကြားစာများအပြင် အခြားတိုင်စာများကိုလည်း စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဗဟိုကော်မတီအနေဖြင့် ၂၀၁၅ မေ ၁၅ ရက်အထိ အစီရင်ခံစာအပိုင်း (၁)မှ (၈)အထိပါ မြေကိစ္စ ၁၀၂၂၅ မှုအပေါ် စိစစ်ခဲ့ရာ ပြန်လည်စွန့်လွှတ်မှုမြေများမှာ အသုံးပြုရန်ထက် ပိုမိုမှုကြောင့်စွန့်လွှတ်ခြင်း၊ မြေကိစ္စ ၁၇၄ မှုတွင် မြေဧရိယာ ၇၅၆၁၉ ဒသမ ၉၆ ဧက၊ အသုံးမပြု၍အားလုံး စွန့်လွှတ်ခြင်း၊ မြေကိစ္စ ၂၉၉ မှုတွင် မြေဧရိယာ ၄၃၇၀၈ ဒသမ ၇၁၈ ဧက စုစုပေါင်း မြေကိစ္စ ၄၇၃ မှု၌ မြေဧရိယာ ၁၁၉၃၂၈ ဒသမ ၆၇၈ ဧကကို



အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ပြန်လည်စွန့်လွှတ်နိုင်ရန် စိစစ်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် အစီရင်ခံစာ အပိုင်းများတွင် ပါဝင်ခြင်းမရှိသော်လည်း သီးခြားစွန့်လွှတ်သည့် မြေကိစ္စများတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနများနှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်ပေးခဲ့သည့်အတွက် သီးခြားပြန်လည်စွန့်လွှတ်မြေစုစုပေါင်း ၉၃၄ မှုတွင် မြေဧရိယာ ၂၂၄၄၀၃ ဒသမ ၀၇၉ ဧက ဖြစ်ပါကြောင်း။

ဗဟိုကော်မတီအနေဖြင့် ယနေ့အချိန်အထိ ဆက်လက်စိစစ်ဆဲမြေကိစ္စအမှုတွဲပေါင်းမှာ အစီရင်ခံစာအပိုင်း (၄)တွင် နှစ်မှု၊ အပိုင်း (၅)တွင် ၁၀၆ မှု၊ အပိုင်း (၆)တွင် ၄၆၄ မှု၊ အပိုင်း (၇)တွင် ၈၁ မှု၊ အပိုင်း (၈)တွင် ၁၈၇၅ မှု၊ အပိုင်း (၉)တွင် ၁၈၀၆ မှု၊ အပိုင်း (၁၀)တွင် ၁၆၀၁ မှု၊ အပိုင်း (၁၁)တွင် ၈၆၇ မှုရှိပြီး ယင်းအမှုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မေ ၂၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၀) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၏ **ကမာရွတ်မြို့နယ် အမှတ်(၈) ရပ်ကွက် သီရိမင်္ဂလာလမ်း ခြံအမှတ် (၅၄/အေ)တွင် YCDC ၏ ခွင့်ပြုချက်ဖြင့် ငါးထပ်တိုက် ဆောက်လုပ်မှုကို အရေးယူပေးရန် ပန်ကြားချက်နှင့်ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ကမာရွတ်မြို့နယ် (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း အမှတ် (၅၄/အေ) ၌ ဆောက်လုပ်လျက်ရှိသည့် ငါးထပ်တိုက်အဆောက်အအုံသည် ရပ်ကွက်အတွင်းရှိ နေထိုင်သူများက ကန့်ကွက်ထားသော်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တည်ဆဲအဆောက်အအုံဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းကြောင့် ဆောက်လုပ်ခွင့်ပြုထားခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြေကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **ဒိုက်ဦးမြို့နယ်ရှိ ဒရယ်မီးချောင်းနှင့် အကြောင်ချောင်းကို တူးဖော်ပေးရန်နှင့် ကျန်ရှိသည့် ချောင်းကော၊ မြောင်းကောများအား တူးဖော်ပေးရန် လုပ်ငန်းများကို ပွင့်လင်းရာသီဖြစ်သည့် ယခုအချိန်မှ စတင်၍ ကြိုတင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ချောင်းမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ(BE)တွင် လျာထားတောင်းခံထားပြီးဖြစ်သော်လည်း ရန်ပုံငွေခွင့်ပြုချက်ရရှိပြီးမှသာ လုပ်ငန်းများစတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။



ကျောက်တံခါး မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေမေးမြန်းစဉ်။ (သတင်းစဉ်)

ကျောက်တံခါး မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ၏ **ရန်ကုန်-မန္တလေးကားလမ်းမကြီးနှင့် ခင်အင်းကြီး၊ ဘိုကုန်း၊ ဆားပြင်ကျေးရွာများသို့ ဆက်သွယ်ထားသော လမ်းမကြီး**အား မည်သည့်အချိန်တွင် ပြုပြင်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ခင်အင်းကြီး-ဘိုကုန်း- ဆားပြင်ကျေးရွာ ဆက်သွယ်သောလမ်းသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၌ ခွင့်ပြုထားခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေက ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အစီရင်ခံစာ ဖတ်ကြားတင်သွင်းခဲ့သည်။ **(သတင်းစဉ်)**

# တပ်ကုန်းမြို့ ညောင်ပင်သာကျေးရွာ လျှပ်စစ်ဓာတ်အားစနစ်ဖြင့် ၂၄ နာရီပတ်လုံး မီးရရှိ၍ ဒေသခံများဝမ်းသာပျော်ရွှင်

**တပ်ကုန်း မေ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာလေးသည် ယခုအခါ လျှပ်စစ်ဓာတ်အားစနစ်မှ ၂၄ နာရီပတ်လုံး မီးစတင်ရပြီဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ လူနေမှုဘဝများ မြင့်မားတိုးတက်တော့မည်ဖြစ်သည်။



ညောင်ပင်သာကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ယနေ့ ညနေ ၆ နာရီခွဲက အဆိုပါကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန် ၊ ဦးမြင့်ရွှေနှင့်တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

"ဒီနေ့ဟာ တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာမှာ လျှပ်စစ်ဓာတ်အားစနစ်မှ ၂၄ နာရီ မီးရရှိရေးကို ပထမဦးဆုံး ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ခရမ်းစပ်ကုန်းကျေးရွာအုပ်စုရှိ ဒီညောင်ပင်သာကျေးရွာနဲ့ ဖွင့်လှစ်ရန်ကျန်ရှိသေးတဲ့ ကင်မွန်းကျေးရွာအုပ်စု ဆင်သေ-သာယာဝှမ်း လျှပ်စစ်မီးလင်းရေးလုပ်ငန်း နှစ်ခုစလုံးကို နေပြည်တော်ကောင်စီရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေနဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ကျန်ရှိတဲ့ လျှပ်စစ်မီးလင်းရေးလုပ်ငန်းတစ်ခုကိုလည်း သတ်မှတ်ချိန်မီဖွင့်လှစ်နိုင်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဖွင့်လှစ်ပေးလိုက်တဲ့အတွက် ကျေးရွာတွေဟာ မြို့နှင့်မခြား မကြာမီ ဖွံ့ဖြိုးတိုးတက်တော့မှာပါ"ဟု အဆိုပါ မီးလင်းရေးဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင်ဦးမြင့်ရွှေက ပြောသည်။

ယခုကဲ့သို့ လျှပ်စစ်မီးရရှိသည့်အတွက် ညောင်ပင်သာကျေးရွာ ဒေသခံများ နေ့စဉ်ချက်ပြုတ်ရာ၌ အသုံးပြုရသည့် ထင်းနှင့်မီးသွေးသုံးစွဲခြင်းများ လျှော့ချနိုင်သည့်အတွက် အနီးပတ်ဝန်းကျင် သဘာဝတောတောင်များလည်း ပြန်းတီးမှု သက်သာလာမည်ဖြစ်သလို လျှပ်စစ်ဓာတ်အားကို အခြေခံပြီး အခြားအိမ်တွင်း အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများလည်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်လာနိုင်မည်ဖြစ်သဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝများလည်း အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်တော့မည်ဖြစ်သည်။

ညောင်ပင်သာကျေးရွာ မီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၅၀ ဒသမ ၀၀၀ အကုန်အကျခံ၍ ၁၄-၁၂-၂၀၁၄ ရက်ကစတင်ပြီး 200 KVA ထရန်စဖော်မာ တစ်လုံး၊ 11 KVA ဓာတ်အားလိုင်း ပေ ၂၀၀၊ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၅၂၈၀ တို့ကို တပ်ဆင်ပေးခဲ့ရာ ၁၁- ၄- ၂၀၁၅ ရက်က လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်သဖြင့် ယခုအခါဓာတ်အား စနစ်မှ ၂၄ နာရီ မီးရရှိပြီဖြစ်သောကြောင့် ရွာသူ ရွာသားများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**
**ဓာတ်ပုံ-တင်စိုးလွင်**

# လူကုန်ကူးမှုကိုဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကိုဖယ်ရှားရန် ထိရောက်မြန်ဆန်သည့် အကောင်အထည်ဖော်မှုများဆောင်ရွက်

● *ကျော်ဖုံးမှ*

**စွပ်စွဲပြောဆိုနေမှုများသည် မြန်မာနိုင်ငံမှ နည်းပါးသည့် အရေအတွက် ပါဝင်ကောင်း ပါဝင်နိုင်သော်လည်း အများစုမှာ မိမိတို့နိုင်ငံမှ မဟုတ်သည်ကို ပြတ်ပြတ်သားသားပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသားဟုတ်မဟုတ် လိုအပ်သည့် ဇာစ်မြစ်ကို စိစစ်ခြင်း၊ နိုင်ငံတကာ ကောင်းစစ် လုပ်ငန်းများနှင့်အညီ စိစစ်မှုများကို ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြုနိုင်ပါက ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူခြင်းများ ပြုလုပ်သွားမည်**ဖြစ်ကြောင်း။

ယခုနှစ် မတ်လအတွင်းတွင် မလေးရှားနိုင်ငံ လန်ကာဝီကျွန်းတွင် ထိန်းသိမ်းထားသည့် တရားမဝင် မြန်မာအလုပ်သမား ၁၀၂ ဦးကို တပ်မတော်(ရေ) စစ်ရေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့သည့်ဖြစ်စဉ်နှင့် ယခုလအတွင်း အင်ဒိုနီးရှားနိုင်ငံတွင် ဒုက္ခရောက်နေသည့် မြန်မာရေလုပ်သား ၅၀၀ ခန့် လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ စတင်ခေါ်ဆောင်နေသည့် လုပ်ဆောင်ချက်များကိုကြည့်ပါက မိမိတို့အစိုးရအနေဖြင့် မြန်မာနိုင်ငံသား မှန်ကန်ပါက လူမျိုး၊ ဘာသာ မခွဲခြားဘဲ လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ယာယီသက်သေခံကတ်ပြား ပြန်လည်အပ်နှံခြင်းနှင့် နိုင်ငံသားစိစစ်မှုလုပ်ငန်းများကိုလည်း နိုင်ငံသားဥပဒေနှင့်အညီ အေးချမ်းစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤလုပ်ငန်းစဉ်တွင်လည်း လူမျိုးရေး ခွဲခြားဆက်ဆံမှုအခြေခံခြင်းမဟုတ်ဘဲ နိုင်ငံသားစိစစ်မှု လုပ်ရိုးလုပ်စဉ်လုပ်ငန်းသာဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်ကြောင့် မိမိနိုင်ငံအား စွန့်ခွာသွားသူများ မရှိနိုင်ပါကြောင်း။

ရခိုင်ပြည်နယ်အခြေအနေသည် ၂၀၁၂ ခုနှစ် ပဋိပက္ခဖြစ်ပွားသည့်အချိန်နှင့် များစွာကွာခြားနေပြီ ဖြစ်ကြောင်း၊ လူ့အသိုက်အဝန်းနှစ်ခုကြား ပဋိပက္ခ ဖြစ်ပွားခြင်းမရှိသည့်အပြင် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရသူများကို အမြဲတမ်းနေထိုင်ရမည့်နေရာများကို ရွှေ့ပြောင်းအခြေချနိုင်ရေးအတွက် အိမ်ရာများဆောက်လုပ်ပေးနေသကဲ့သို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖော်ထုတ်ပေးလျက်ရှိကြောင်း၊ ပညာရေးအခွင့်အလမ်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်အောင်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူပင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများလည်း စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကသာမက နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် **ရခိုင်ပြည်နယ်အတွင်း ဖိနှိပ်မှုများ၊ ခွဲခြားဆက်ဆံမှုများကြောင့် ထွက်ပြေးလာသည်ဆိုသည့် မှန်းဆပြောဆိုချက်များသည် လက်ရှိအခြေအနေနှင့် ကွဲလွဲနေကြောင်း၊ စီးပွားရေးအခြေအနေအရ ရွှေ့ပြောင်းအခြေချလိုသူအချို့ ရှိနိုင်သည့်အတွက် ပြည်နယ်အတွင်း လူမှောင်ခို တားဆီးကာကွယ်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ရမည်**ဖြစ်ပါကြောင်း။

ထို့အပြင် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီအသိုက်အဝန်းအား လူမှောင်ခိုကူးသူများမှ စည်းရုံးဆွဲဆောင်မှု မပြုနိုင်ရေး၊ ပင်လယ်ပြင်တရားမဝင်ထွက်ခွာခြင်းဖြင့် စိတ်ကူးယဉ်မျှော်လင့်ချက်များထက် လက်တွေ့တွင် အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ကြီးမားကြောင်း၊ အသိပညာပေးရေး၊ ဘင်္ဂါလီစခန်းများတွင် ဘဝလုံခြုံမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် အနာဂတ်မျှော်လင့်ချက် ရှင်သန်စေရေးအတွက် ပိုမိုတိုးတက် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ ပိုင်နက်ရေပြင်အား ကြားစခန်းထောက်အဖြစ် အသုံးပြုသွားလာမှုများကိုလည်း ပင်လယ်ပြင်လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြဲမပြတ်စောင့်ကြည့်ပြီး လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားကြရန်ဖြစ်ပါကြောင်း၊ မြန်မာ့ရေပိုင်နက်အတွင်း ရောက်ရှိလာသည့် ပင်လယ်တွင်း လှေစီးဒုက္ခသည်များကိုလည်း ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကာ လူသားချင်းစာနာမှု အကူအညီများပေးပြီး မည်သည့်နိုင်ငံမှ အစပြုသည်ဖြစ်စေ လိုအပ်သော ကာကွယ်စောင့်ရှောက်မှု၊ စိစစ်မှုများ ပြုလုပ်ခြင်း၊ သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံအနေဖြင့် လူမှောင်ခိုမှု၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှု ပြဿနာများသည် ဒေသတွင်း၌ ဖြစ်ပွားနေသည့် ပြဿနာဖြစ်သည့်အတွက်မိမိတို့ နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်သွားရန် ခက်ခဲပါကြောင်း၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းပြီး တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကို ဖယ်ရှားရန် ထိရောက်မြန်ဆန်သည့် အကောင်အထည်ဖော်မှုများ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။**

ပြဿနာကို လွှဲမှားသည့်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရပ်တည်ချက်များ၊ လက်တွေ့နှင့်ကင်းကွာသည့် ရပ်တည်ချက်၊ ရှုမြင်ချက်များနှင့် တရားသေဆုပ်ကိုင်ပြီး ဖြေရှင်းရန်ကြိုးပမ်းခြင်းသည် မှန်ကန်သည့်အဖြေ ဒေသတွင်းနိုင်ငံများအားလုံးအတွက် အကျိုးဖြစ်မည့်ရလဒ်များနှင့် ဝေးကွာစေမည်ဖြစ်ပါကြောင်း၊ ယခုပြဿနာကို တစ်ယူသန်တံဆိပ်ကပ်စွပ်စွဲမှုများလုပ်ပြီး ချဉ်းကပ်ပါက ပူးပေါင်းဆောင်ရွက်မှု အားနည်းသွားစေနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

## ပင်လယ်တွင်း လှေစီးဒုက္ခသည်များသည် မြန်မာနိုင်ငံမှလာသည်ဟု စွပ်စွဲပြောဆိုနေမှုများသည် မြန်မာနိုင်ငံမှ နည်းပါးသည့် အရေအတွက် ပါဝင်ကောင်းပါဝင်နိုင်သော်လည်း အများစုမှာ မိမိတို့နိုင်ငံမှမဟုတ်သည်ကို ပြတ်ပြတ်သားသားပြောကြားလို

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အရှေ့တောင်အာရှနိုင်ငံများသို့ သွားရောက်ရာမှ စက်ချွတ်ယွင်းပြီး မြန်မာ့ရေပိုင်နက်သို့ ရောက်ရှိလာသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများအား အရေးယူခဲ့မှု၊ သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်မှု အခြေအနေများနှင့်ပတ်သက်ပြီး ပြောကြားရာတွင် ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့နယ်ခွဲရှိ စလူချိုင်ရွာ ပင်လယ်ကမ်းစပ်သို့ ရောက်ရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၆၀ ဦးနှင့် ၂၀၁၂ ခုနှစ် မတ်လ ၇ ရက်တွင် ပုသိမ်ခရိုင် ငရုပ်ကောင်းမြို့နယ်ခွဲရှိ ကွင်းဘတ်ကျေးရွာ ပင်လယ်ကမ်းစပ်သို့ ရောက်ရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၄၈ ဦးတို့ကို ဥပဒေနှင့်အညီ အရေးယူခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နေ့တွင် ပုသိမ်ခရိုင် ငရုပ်ကောင်းမြို့နယ်ခွဲရှိ ပန်းမှော်ကျေးရွာနှင့် အုန်းကျွန်းကြီးကျေးရွာကြား ပင်လယ်ပြင်တွင် ရောက်ရှိလာသည့် စက်လှေတစ်စင်းအား တပ်မတော်စစ်ကြောင်းမှ တွေ့ရှိခဲ့သော ဘင်္ဂါလီအမျိုးသား ၁၇၉ ဦးအားလည်းကောင်း၊ ၂၀၁၃ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ပုသိမ်ခရိုင် ငရုပ်ကောင်းမြို့နယ်ခွဲရှိ နံ့သာပုကျေးရွာမှ ကိုက်ငါးဆယ်ခန့်အကွာရှိ ပင်လယ်ရေပြင်တွင် စက်လှေပေါ်မှ ခုန်ချထွက်ပြေးလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၃၆ ဦးအားလည်းကောင်း၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် သာစည်ကုန်းရွာမှ လေးဖာလုံခန့်အကွာရှိ ပင်လယ်ပြင်တွင်တွေ့ရှိခဲ့သော စက်လှေတစ်စင်းပေါ်မှ ဘင်္ဂါလီလူမျိုး ၁၆ ဦးအားလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဧပြီလ ၅ ရက်တွင် မောင်တောမြို့နယ် အင်ဒင်ကျေးရွာအုပ်စုရှိ အင်ဒင်အနောက်ရွာမှ ကိုက်နှစ်ရာခန့်ရှိ ပင်လယ်ပြင်အတွင်း တွေ့ရှိခဲ့သော စက်လှေတစ်စင်းပေါ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၈၅ ဦးအားလည်းကောင်း၊ ၂၀၁၅ ခုနှစ် မေလ ၁၇ ရက်တွင် မောင်တောမြို့နယ် ဥဒေါင်းအနောက်(အနောက်ရွာ)အနီး ကန်ပူးချောင်းပုစွန်ကန်ရှိ တဲအတွင်းမှတွေ့ရှိခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၁ ဦးအားလည်းကောင်း လိုအပ်သော စိစစ်မှုများပြုလုပ်၍ အုပ်ချုပ်မှုကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်းဖြင့် ဆွေးနွေး



ပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်အားခသက်သာသည့် အလုပ်သမားများ လိုအပ်နေခြင်းနှင့် စေခိုင်းမှုများ ရှိနေခြင်းတို့ကြောင့် ဒေသတွင်း လူမှောင်ခိုဈေးကွက်ဖြစ်ပေါ်ကာ ရေလမ်းကြောင်းမှ လူမှောင်ခိုကူးမှုသည် ကာလကြာမြင့်စွာကပင် ဖြစ်ပေါ်နေခဲ့ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် တရားမဝင်လူကုန်ကူးမှုကို တားဆီးနှိမ်နင်းလျက်ရှိပြီး ၂၀၁၂ ခုနှစ်အတွင်း လူမှောင်ခို လှေနှစ်စင်းအားလည်းကောင်း၊ ၂၀၁၃ ခုနှစ်အတွင်း လူမှောင်ခိုလှေတစ်စင်းနှင့် လူမှောင်ခိုသယ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် ပိုင်နက်ပင်လယ်အတွင်း တရားမဝင်ဝင်ရောက်လာသည့် ပြည်ပငါးခိုး လှေနှစ်စင်း၊ စုစုပေါင်း သုံးစင်းအားလည်းကောင်း၊ ၂၀၁၄ ခုနှစ်အတွင်း လူမှောင်ခို လှေငါးစင်းအားလည်းကောင်း၊ ၂၀၁၅ ခုနှစ် ပထမ လေးလပတ်ကာလအတွင်း လူမှောင်ခိုသယ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် ပိုင်နက်ပင်လယ်အတွင်း တရားမဝင်ဝင်ရောက်လာသည့် ပြည်ပငါးခိုးလှေတစ်စင်းအားလည်းကောင်း ဖမ်းဆီးနိုင်ခဲ့ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် ရောက်ရှိနေသည့် ပင်လယ်လှေစီးဒုက္ခသည်များအနက်မှ မြန်မာနိုင်ငံသားများဟု ပြောဆိုနေသူများနှင့် ပတ်သက်ပြီး နိုင်ငံတကာ ကောင်းစစ်လုပ်ငန်းများနှင့်အညီ စိစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လူမှောင်ခိုမှု၊ လူကုန်ကူးမှုများကို ကာကွယ်တားဆီးနှိမ်နင်းနိုင်ရန်အတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မေ ၂၅ ရက်နေ့ ထိုင်းနိုင်ငံတွင် ပြုလုပ်မည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်နိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်ဖွဲ့စည်းမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ အစည်းအဝေးအစီအစဉ်၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး အိမ်ရှင်ထိုင်းနိုင်ငံနှင့် အသေးစိတ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးရဲထွဋ်နှင့် ဒုတိယဝန်ကြီးများက ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာအရေးပေါ် စီမံခန့်ခွဲမှုအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဘားအံမြို့ ဘုရင့်ညီဂူနှင့် နောင်ကျန်ကျေးရွာ လျှပ်စစ်မီးလင်းရေးဓာတ်အားခွဲရုံဖွင့်

ဘားအံ မေ ၂၁

**ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ကျန်ကျေးရွာအုပ်စုအတွင်းရှိ ဘင်ဂျီကျေးရွာ သမိုင်းဝင် ရှေးဟောင်းဘုရင့်ညီလိုဏ်ဂူတော်နှင့် နောင်ကျန်ကျေးရွာ လျှပ်စစ်မီးနှင့် ဓာတ်အားခွဲရုံများ ဖွင့်လှစ်ပွဲကို မေ ၂၀ ရက် ညနေ ၆ နာရီက အဆိုပါ ဘုရင့်ညီဂူမုခ်ဦးနှင့် နောင်ကျန်ကျေးရွာတို့၌ ဆောင်ရွက်ကြသည်။**



ရှေးဦးစွာ ဘုရင့်ညီဂူ လျှပ်စစ်မီးဖွင့်ပွဲတွင် ဘုရင့်ညီဂူကျောင်း ဆရာတော် ဦးသောမ၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောကြည်လင်းနှင့် ဘင်ဂျီကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောချစ်လွင်တို့က လည်းကောင်း၊ နောင်ကျန်ကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲတွင် တာဝန်ရှိသူများက လည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဘုရင့်ညီဂူ ၃၃/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ဓာတ်အားခွဲရုံနှင့် နောင်ကျန်ကျေးရွာ ၃၃/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ဓာတ်အားခွဲရုံတို့ကို ဒေသခံပြည်သူများနှင့်အတူ ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ လျှပ်စစ်မီးရရှိရေးအတွက် သထုံဓာတ်အားပေးစက်ရုံမှလာသော ၃၃ ကေဗွီဓာတ်အားလိုင်းမှတစ်ဆင့် ၃၃/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေဓာတ်အားခွဲရုံနှင့် နောင်ကျန်ကျေးရွာ ၃၃/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ဓာတ်အားခွဲရုံများ ဆောင်ရွက်ပြီး နိုင်ငံတော်၊ ပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများက စုပေါင်းအကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းဝင်ရှေးဟောင်းဘုရင့်ညီဂူနှင့် နောင်ကျန်ကျေးရွာမှ အိမ်ထောင်စု ၁၀၀ ကျော် လျှပ်စစ်မီး သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်**

# မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ကြိုးမဲ့ဆက်သွယ်ရေးနည်းပညာကို ငါးနှစ်အတွင်း သုံးစွဲရန်လျာထား

**ရန်ကုန် မေ ၂၁**

နောက်ဆုံးပေါ် မိုဘိုင်းဆက်သွယ်ရေးနည်းပညာ LTE သည် ကြိုးမဲ့အင်တာနက် ချိတ်ဆက်စနစ်လုပ်ငန်းမှတစ်ဆင့် နည်းပညာများ အသုံးပြုမှုများကို အခြေခံကာ လူသားတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို မြှင့်တင်နိုင်ခြင်းနှင့် အချက်အလက်စီးဆင်းမှုမှတစ်ဆင့် ဝင်ငွေရရှိမှု တိုးပွားလာနိုင်ခြင်းတို့ကြောင့် ကမ္ဘာအရပ်ရပ်ရှိ ဆက်သွယ်ရေးအော်ပရေတာများက အသုံးပြုမှုများပြားလျက်ရှိရာ ယင်းနည်းပညာသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ စတင်ဝင်ရောက်လာရန် ပြင်ဆင်လျက်ရှိနေပြီဖြစ်သည်။

“ မိုဘိုင်းကြိုးမဲ့ဆက်သွယ်ရေးစနစ်အသစ်ကြောင့် ကျွန်တော်တို့ရဲ့ Carrier Business ကနေ ၂၀၁၄ ခုနှစ်အတွင်းမှာ ဝင်ငွေ ၁၆ ဒသမ ၄ အထိတိုးလာပြီး အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံရရှိခဲ့ပါတယ်။ ဒီအတွက်လည်း LTE ဖြေရှင်းမှုနည်းလမ်းက ကမ္ဘာအရပ်ရပ်က အော်ပရေတာတွေအတွက် လက်ရှိအသုံးပြုနေတဲ့ ကွန်ရက်ရဲ့လုပ်ဆောင်ချက်ကို ပိုပြီးလွယ်ကူလာစေတာကြောင့် အရှေ့တောင်အာရှကို မိတ်ဆက်ရခြင်းဖြစ်တယ်” ဟု ဟွာဝေး၏ အရှေ့တောင်အာရှ ဒေသတွင်းဌာနချုပ် ဥက္ကဋ္ဌ မစ္စတာ ဒေးဗစ်ဆန်းက ပြောကြားသည်။

လက်ရှိ ကမ္ဘာပေါ်တွင် LTE ကွန်ရက် ၁၈၉ ခု ရှိလာပြီဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း MPT၊ တယ်လီနောတို့နှင့် အဓိကပူးပေါင်းကာ ဆက်သွယ်ရေးနည်းပညာများနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ရောင်းချနေသည့် ဟွာဝေးက အရှေ့တောင်အာရှဈေးကွက်သို့ ကြိုးမဲ့ဆက်သွယ်ရေးနည်းပညာသစ်များကို ပိုမိုသုံးစွဲနိုင်ရေးအတွက် ပြင်ဆင်လျက်ရှိနေပြီဖြစ်သည်။

“မြန်မာနိုင်ငံမှာ ဆက်သွယ်ရေးနည်းပညာတွေ တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားပြောင်းလဲလာပါတယ်။ LTE ဆိုတာ ကြိုးမဲ့ဆက်သွယ်ရေး နည်းပညာတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့စစ်တမ်းအရ ၂၀၂၀ မတိုင်မီ ငါးနှစ်အတွင်းမှာ မြန်မာနိုင်ငံဟာ LTE နည်းပညာကို ကြိုက်နှစ်သက်စွာ သုံးစွဲလာကြပါလိမ့်မယ်” ဟု ဟွာဝေးမှ နည်းပညာဆိုင်ရာ အကြီးအကဲ မစ္စတာ ဘော့ချိုင်းက ပြောကြားသည်။

ဟွာဝေးမှ Southeast Asia LTE ထိပ်သီးအစည်းအဝေး ၂၀၁၅ ကိုလည်း ဗန်ကောက်မြို့၌ မေ ၂၁ ရက်နှင့် ၂၂ ရက်တွင် ကျင်းပလျက်ရှိကာ အခမ်းအနားသို့ ထိုင်းအမျိုးသားအသံလွှင့်ဌာနနှင့် ဆက်သွယ်ရေးကော်မရှင် (NBTC)၊ GSMA အာရှ၊ ကမ္ဘာလုံးဆိုင်ရာ မိုဘိုင်းဆက်စပ်ပစ္စည်းများ အဖွဲ့အစည်းနှင့် Qualcomm တို့အပြင် မြန်မာနိုင်ငံမှ ဆက်သွယ်ရေး အော်ပရေတာများလည်း တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းနွေမိုး**




# ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများကို ဘေးမဲ့ပေးရန် နှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော(သို့မဟုတ်) ဥနှင့် ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက “ရေချိုငါးလုပ်ငန်း ဥပဒေ” ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည် စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ရှမ်းစာပေနှင့်ယဉ်ကျေးမှု ရှမ်းစာနှင့် ရှမ်းစကားသင်တန်းဆင်း

**ဟိုပင် မေ ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ နန့်ရင်းကျေးရွာ အလက(ခွဲ)-၁ ၌ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် ရှမ်းစာနှင့်ရှမ်းစကားသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၇ ရက်က ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းသိန်းအောင်တို့က အမှာစကားပြောကြားကြသည်။

ယင်းသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ခဲ့ပြီး တစ်လကြာ သင်ကြားပို့ချခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



ဘင်္ဂါလီများ တင်ဆောင်ပို့ဆောင်ပေးသည့် လူမှောင်ခိုရေယာဉ်အတွင်းပိုင်းအား တွေ့ရစဉ်။



ဘင်္ဂါလီများ တင်ဆောင်ပို့ဆောင်ပေးသည့် လူမှောင်ခိုရေယာဉ်အတွင်းပိုင်းအား တွေ့ရစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဥရောပသမဂ္ဂသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Roland Kobia နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ယခင်အတွေ့အကြုံများအပေါ် သင်ခန်းစာများရယူ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် Voter Training ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ် Time Frame တို့ကိုရှင်းလင်းပြောကြားခဲ့ပြီး ဥရောပသမဂ္ဂသံအမတ်ကြီးက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအတွက် ကြိုတင်လေ့လာရေးအဖွဲ့ စေလွှတ်မည့်အခြေအနေကို ရှင်းလင်းပြောကြားသည်။

ဧည့်သည်တော်အဖွဲ့မှ Ms. Lora Borissova က ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် လုပ်ငန်းစဉ်ကို ရှင်းလင်းတင်ပြပြီးနောက် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးနှင့်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရန်ကုန်မြို့ ဥရောပသမဂ္ဂအဖွဲ့ရုံးမှသံအမတ်ကြီးနှင့်အဖွဲ့အားတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ရန်ကုန်မြို့ ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E.Mr.Roland Kobia နှင့်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် တွေ့ဆုံပြီး ရွေးကောက်ပွဲလုံခြုံရေးနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့အတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ပယ်နယ်တီ လေးကြိမ်အထိပေးခဲ့ပြီး ကာတာအသင်းက သုံးကြိမ်နှင့် မြန်မာအသင်းက တစ်ကြိမ်တို့ရကာ ကာတာအသင်းမှာ ပယ်နယ်တီ သုံးကြိမ်ဖြင့်ပင် ဂိုးပြတ်သွားခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် မဲလ်ဘုန်းစီးတီးအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်ခဲ့သည်။ မြန်မာယူ-၂၀ အသင်းအတွက် ချေပဂိုးကို ပယ်နယ်တီမှ တစ်ဆင့် အသင်းခေါင်းဆောင် နန္ဒကျော်က သွင်းယူပေးခဲ့သည်။ မြန်မာယူ-၂၀ အသင်းသည် ဩစတြေးလျ ခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲနှစ်ပွဲကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။

# ကဗျာစပ်ဆို၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် မေ ၂၁**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)(MANA)ကကြီးမှူး၍ မူးယစ်ဆေးနှင့် ပတ်သက်သော အဋ္ဌမအကြိမ် ကျပန်းစကားပွဲ၊ ကဗျာစပ်ဆို၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရွတ်ဆို အသိပညာပေးပြိုင်ပွဲများကို ဇွန် ၁၉ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျောက်ဆည်ဓမ္မာရုံနှင့် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့၌ ကျင်းပမည်ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစပ်ဆိုပြိုင်ပွဲ(အလွတ်တန်း)အတွက် ပြိုင်ပွဲဝင်စာမူများကို ဇွန် ၇ ရက်အရောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)သို့ ပေးပို့ရမည်ဖြစ်သည်။

ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပမည့်ကျပန်းစကားပြောပြိုင်ပွဲ (အသက် ၁၄ နှစ်မှ ၁၈ နှစ်အထိ) သက်လတ်တန်း(အင်္ဂလိပ်/မြန်မာ)ကို ဇွန် ၁၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မြောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ ဇွန် ၂၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များနှင့် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပမည့် ကဗျာရွတ်ဆိုပြိုင်ပွဲ (အသက် ၉ နှစ်မှ ၁၃ နှစ်အထိ) သက်ငယ်တန်း (မြန်မာ/အင်္ဂလိပ်) ဇွန် ၂၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မြောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ ဇွန် ၂၂ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များနှင့် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

နောက်ဆုံးအဆင့် ကျပန်းစကားပြောပြိုင်ပွဲ (မြန်မာ/အင်္ဂလိပ်)နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ (မြန်မာ/အင်္ဂလိပ်) ကို နံနက် ၉ နာရီမှ စတင်ကာ ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**ကိုချစ်**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံက ဆန်တန်ချိန် နှစ်သန်းတင်ပို့ရန် မျှော်မှန်းထား

တရုတ်၊ အာဖရိကနှင့် ဥရောပနိုင်ငံများမှ ဆန်လိုအပ်ချက်မြင့်မားလာခြင်းနှင့်အတူ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆန်တင်ပို့မှုမှာ တန်ချိန်နှစ်သန်းအထိ ရောက်ရှိလာနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ၌ ဆန်လိုအပ်ချက် မြင့်တက်လာသည့်နောက်ပိုင်း ကုန်းလမ်းခရီးမှ တစ်ရက်လျှင် ဆန်တန်ချိန် ၄၀၀၀ ခန့် တင်ပို့နေရကြောင်း၊ ပြည်ပသို့ဆန်တင်ပို့မှုမြင့်တက်လာခြင်းနှင့်အတူ မြန်မာနိုင်ငံသည် မကြာမီနှစ်များ၌ ကမ္ဘာ့ထိပ်တန်းဆန် တင်ပို့သည့်သုံးနိုင်ငံထဲက တစ်နိုင်ငံဖြစ်လာနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်က တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က တန်ချိန် ၁ ဒသမ ၂ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က တန်ချိန် ၁ ဒသမ ၈ သန်းရှိကြောင်း သိရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၄-၂၀၁၅ ခုနှစ်က ဆန်တန်ချိန် ၁ ဒသမ ၈ သန်း တင်ပို့နိုင်ခြင်းသည် ၄၉ နှစ်တာကာလအတွင်း အမြင့်မားဆုံးတင်ပို့မှုဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်က ဆန်တန်ချိန် ၁ ဒသမ ၄ သန်း တင်ပို့နိုင်ခြင်းသည် ၇၄ နှစ်တာကာလအတွင်း အမြင့်မားဆုံးတင်ပို့မှုဖြစ်ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းက လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံရရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှင့်နှိုင်းယှဉ်ပါက များစွာတိုးတက်လာကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံသာ ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏အဓိကပို့ကုန်မှာ လယ်ယာထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် သစ်တောထွက်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

**ကျော်သဲအိမ်**

❒ *ကျောဖုံးမှ*

"ဒီပွဲကို ကျွန်တော်ဖြစ်မြောက်အောင် အတတ်နိုင်ဆုံး ကြိုးစားသွားမှာပါ။ ကျွန်တော်ခုလို ကြိုးစားတာကလည်း ကိုယ်ကျိုးအတွက် လုံးဝမပါပါဘူး။ ပြောရရင် ခုမှ စပွန်ဆာ ရှာတုန်းပါ။နိုင်ငံတစ်ဝန်း အခုလို ချန်ပီယံရွှေခါးပတ်လုပွဲကြီး မကျင်းပနိုင်ခဲ့တာလေးနှစ်ကျော်ပါပြီ။ အကြောင်းအမျိုးမျိုးကြောင့် မလုပ်ဖြစ်ခဲ့ကြတာပါ။ အခုပြန်လုပ်ရတဲ့ ရည်ရွယ်ချက်ကလည်း ဒီရာသီအခုလိုလမျိုးမှာ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့သမားတွေဟာ ပွဲဝေးသွားရင် အခြားကိုစိတ်ရောက်ကုန်ပြီး လက်ဝှေ့လောကကို စွန့်ခွာသွားကြတာတွေမနည်းပါဘူး။ မြန်မာ့ရိုးရာလက်ဝှေ့ အစဉ်တိုးတက်နေဖို့က ပွဲမပြတ်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားပြီး ရိုးရာလက်ဝှေ့မြင့်တင်ရေးကို လုပ်ဆောင်ပေးချင်တဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေကို ကျွန်တော့်အနေနဲ့ အမြဲတမ်းဖိတ်ခေါ်လျက်ပါ" ဟု ရွှေခါးပတ်ချန်ပီယံလုပွဲ(၂၀၁၅) ပြိုင်ပွဲ ဖြစ်မြောက်ရေးစီစဉ်သူ ဦးစိုင်းဇော်ဇော်က ပြောကြားသည်။

ယခုကျင်းပမည့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲကြီးကို မြန်မာနိုင်ငံတစ်ဝန်း ရိုးရာလက်ဝှေ့ကလပ်များမှ အကောင်းဆုံး လက်ဝှေ့သမားများကို ဖိတ်ခေါ်ပြီး ကိုယ်အလေးချိန် ဝိတ်တန်းအလိုက် အတန်း ခုနစ်တန်းအတွက် တစ်တန်းလျှင် ရှစ်ဦးရွေးချယ်ပြီး ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲတို့ကို အဆင့်ဆင့် ယှဉ်ပြိုင်ထိုးသတ်အနိုင်ယူပြီးမှ ချန်ပီယံရွှေခါးပတ်ကို ရရှိမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည့် ဝိတ်တန်းများမှာ ၅၁ ကီလို၊ ၅၄ ကီလို၊ ၅၇ ကီလို၊ ၆၀ ကီလို၊ ၆၃ ဒသမ ၅ ကီလို၊ ၆၇ ကီလိုနှင့် ၇၁ ကီလိုတန်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ပြိုင်ပွဲကို ယခုလာမည့် မေ ၃၀ ရက်တွင် ဝိတ်တန်းအလိုက် ကွာတားပွဲစဉ် ၁၄ ပွဲ၊ မေ ၃၁ ရက်တွင် ဒုတိယနေ့ကွာတားပွဲစဉ် ၁၄ ပွဲ၊ ဇွန် ၇ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ် ၁၄ ပွဲ၊ ဇွန် ၁၄ ရက်တွင် နောက်ဆုံးဖိုင်နယ် ရွှေခါးပတ်ချန်ပီယံလုပွဲ ခုနစ်ပွဲနှင့် အလွတ်တန်းစိန်ခေါ်ပွဲ နှစ်ပွဲတို့ကို သိမ်ဖြူလက်ဝှေ့ အားကစားရုံ၌ပင် ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**



# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပညာရည်အဆင့်အတန်းမြင့်မားရေး အကောင်းဆုံးနည်းလမ်းများ ဖော်ထုတ်ဆွေးနွေးနိုင်မည်ယုံကြည်

**နေပြည်တော် မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် နောင်တောင်းပရဟိတတပ်ဦးကျောင်းတွင် ဒုတိယအကြိမ် ဘုန်းတော်ကြီးသင်ပညာရေးညီလာခံကို မေ ၁၉ ရက်မှ ၂၁ ရက်အထိကျင်းပလျက်ရှိရာ ဒုတိယနေ့ မေ ၂၀ ရက်တွင် ညီလာခံသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်ရေးဗဟိုအဖွဲ့ ဘဒ္ဒန္တကုသလအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော်များ၊ အတွင်းရေးမှူးဆရာတော်များ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအသီးသီးမှ သင်ကြားရေးဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရှမ်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းလျှောက်ထားရာတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ဆရာတော်များက ကိုယ့်အားကိုယ်ကိုး၍ တည်ထောင်ခဲ့ခြင်းဖြစ်သော်လည်း ဆရာတော်များ၏ကြိုးစားအားထုတ်မှု ကရုဏာ၊ မုဒိတာများကို လေးစားတန်ဖိုးထားသည့်အတွက် နိုင်ငံတော်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ထောက်ပံ့ငွေများ နှစ်စဉ်ထောက်ပံ့ပေးနေခြင်းဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ပညာသင်ကြားရေးလုပ်ငန်းစဉ်များသည် နောင်ပေါ်ထွက်လာမည့် အမျိုးသားပညာရေးဥပဒေ၊ နည်းဥပဒေများနှင့်လည်း ညီညွတ်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ဤဘုန်းတော်ကြီးသင်ပညာရေးညီလာခံတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ပညာရည်အဆင့်အတန်းမြင့်မားစေရေးတို့အတွက် အကောင်းဆုံးနည်းလမ်းများကို ညှိနှိုင်းဖော်ထုတ်ဆွေးနွေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း လျှောက်ထားသည်။

ညီလာခံ၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်မြင့်မားစေရေး၊ သင်ကြားရေးဆရာတော်၊ ဆရာ ဆရာမများ၏ အရည်အသွေးတိုးတက်မြင့်မားစေရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအချင်းချင်းအတွေ့အကြုံဖလှယ်မျှဝေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ပြည်သူ့နီတိများကို အလေးထားသင်ကြားပေးရေး စသည့် ခေါင်းစဉ်များဖြင့် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ ပညာသင်ကြားရေးလုပ်ငန်းစဉ်များသည် နောင်ပေါ်ထွက်လာမည့် အမျိုးသားပညာရေးဥပဒေ၊ နည်းဥပဒေများနှင့်လည်း ညီညွတ်ရန်လိုအပ်မည်ဖြစ်**

# လင်းဇင်ဆည်လက်တံ(၃)မြောင်း ပြုပြင်မည်ဆို၍ တောင်သူများ ဝမ်းမြောက်ဝမ်းသာကြိုဆို

**မကွေး မေ ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရှိ လင်းဇင်ဆည်လက်တံ(၃)မြောင်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အဆင့်မြင့်ရေလွှဲမြောင်းကို သံရေတံလျှောက်အဖြစ် ပြောင်းလဲပြီး အသစ်တည်ဆောက်သွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လင်းဇင်ဆည် လက်တံ(၃)မြောင်းကို ဆည်ရေသောက်စနစ်ဖြစ်ရန် အဆင့်မြင့် ဖြတ်ကူးရေတံတားများနှင့် ပြုလုပ်ခဲ့ရာ အင်းပုတ်၊ မကျည်းပင်ပု၊ မကြီးကုန်း၊ ဟောင်းလင်း၊ ငွေတောင်၊ လက်ပံ၊ ကန်ရွာ၊ တောဆိတ်ကျေးရွာ တို့ စပါး၊ ကုလားပဲတို့ကို စိုက်ပျိုး၍ အဆင်ပြေခဲ့ကြောင်း၊ ယခုအခါ လင်းဇင်လက်တံ(၃)မြောင်း ရေဝင်မကောင်းခြင်း၊ အဆင့်မြင့်ဖြတ်ကူးတံတားမကောင်းခြင်းစသော ရေဝင်မကောင်းခြင်းများကြောင့် ဆည်ရေသောက်ဧက ၁၃၀၀ လုံး အကုန်မစိုက်တော့ဘဲ ဆည်ရေဝင်ရောက်မှု အခြေအနေကိုကြည့်၍ ဧက ၁၀၀ ကျော်သာ စိုက်ပျိုးနေရသည်မှာ နှစ်အတော်ကြာနေပြီ ဖြစ်ကြောင်းကို အင်းပုတ်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

လင်းဇင်ဆည် ရေမရောက်၍ လင်းဇင်ဆည်ရေကို မသုံးရသည့် လယ်များ၌ ဝါ၊ ငရုတ်တို့ကို စိုက်ပျိုးသော်လည်း မိုးရေရှားပါးမှုကြောင့် အရင်းရှုံးသည့်နှစ်ကများသဖြင့် ယင်းလယ်မြေများသည် ဆည်ရေသောက်ရမှ အဆင်ပြေကြောင်း လင်းဇင်ဆည်လက်တံ(၃)မြောင်းကို အမြန်ပြုပြင်ပေးနိုင်လျှင် တောင်သူများအတွက် အဆင်ပြေမည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

**ဇာဇာ (မကွေး)**



# မိတ္ထီလာ၌ ၂၀၁၅ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကျပ် သန်း ၃၂၅၀ ထုတ်ချေးသွားမည်

**မိတ္ထီလာ မေ ၂၁**

မိတ္ထီလာတွင် ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ စုစုပေါင်းငွေကျပ် သန်း ၃၂၅၀ ကို ဒေသခံစိုက်ပျိုးရေး တောင်သူများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဝင်းဇော်ထံမှ သိရသည်။

"မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၄ အုပ်စုက ဒေသခံစိုက်ပျိုးရေး တောင်သူတွေကို ၂၀၁၅ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ စုစုပေါင်းငွေကျပ်သန်း ၃၂၅၀ ခန့် ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ မိမိဆန္ဒသဘောအရ ပါဝင်တဲ့ တောင်သူသုံးဦးတစ်ဖွဲ့စနစ်နဲ့ စပါးတစ်ဧက ငွေကျပ် တစ်သိန်း၊ တခြားသီးနှံ တစ်ဧက ငွေကျပ်နှစ်သောင်း ထုတ်ချေးပေးသွားမှာဖြစ်ပြီး လုပ်ကွက်ယ်လုပ်ကိုင်တဲ့ တောင်သူများကို ဦးစားပေးတဲ့အနေနဲ့ အများဆုံးဆယ်ဧကအထိပဲ မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ ထုတ်ချေးပေးမှာပါ။ ချေးငွေကို အခုလတ်တလော ထုတ်ချေးတော့မှာမို့ မိတ္ထီလာခရိုင်အတွင်း အစောဆုံး မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကို တောင်သူများထံထုတ်ပေးနိုင်ခြင်းလည်းဖြစ်ပါတယ်" ဟု မြို့နယ်မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာက ပြောသည်။



**မိတ္ထီလာမြို့ မုန်တိုင်ကျေးရွာအနီး မိုးရာသီ သီးနှံစိုက်ပျိုးရန် ထွန်ယက်နေသည့် တောင်သူတစ်ဦးကို မေ ၁၉ ရက်က တွေ့ရစဉ်။**

လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)ရှိသူများကိုသာ မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ပြီး မေလမှ စက်တင်ဘာလအထိ မြို့နယ်အတွင်း စိုက်ပျိုးမည့် လျာထားစပါးဧက ၂၀၂၀၀၊ လျာထားအခြားသီးနှံ ဧက ၆၁၅၀၀ စုစုပေါင်း ဧက ၈၁၇၀၀ အတွက် ချေးငွေများထုတ်ချေးပေးသွားမည်ဟု သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

**အိမ်တက်ပြုလုပ်စဉ် ခေါက်ဆွဲကြော်ကျွေးမွေးညှော်ခံရာမှ အစာအဆိပ်သင့်**

**ကသာ မေ ၂၁**

ကသာခရိုင် ဗန်းမောက်မြို့နယ် မံထုံဒေသစိတ် အင်းပေါက်အုပ်စု ကလပ်ကျေးရွာ၌ မေ ၂၁ ရက် နံနက်ပိုင်းက ဦးအောင်ရွှေ၏ နေအိမ်၌ အိမ်တက်ပြုလုပ်စဉ် ဧည့်သည်များအား ခေါက်ဆွဲကြော်ကျွေးမွေးရာမှ အစာအဆိပ်သင့်ပြီး ရွာသား ၄၀ ခန့် ပျို့အန်ရောဂါဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ ပျို့အန်ရောဂါဖြစ်သူများအား မံထုံကျေးရွာကျန်းမာရေးမှူး ဒေါ်ခင်လဲ့ရင်နှင့်အဖွဲ့က ကလပ်ကျေးရွာခွဲခေါင်းဆောင် ဦးနိုင်ဝင်း၏နေအိမ်နှင့် ဦးထွန်းဝင်း၏နေအိမ်များတွင် ဆေးဝါးများကုသပေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

* ရှေ့ဖုံးမှ

တံတားဖြစ်နေခြင်းကြောင့် လည်းကောင်း၊ ယင်းဒေသ၏ ကုန်စည်စီးဆင်းမှုတွင် အထောက်အကူမပြုတော့ဘဲ နှောင့်နှေးနေမှုများကြောင့် လည်းကောင်း၊ ခရီးသွားပြည်သူ၊ ကုန်တင်ယာဉ်များက အချိန်ပေး အလှည့်ကျစောင့်ဆိုင်းပြီး ဖြတ်ကူးသွားလာနေကြရသည်။ ထို့ကြောင့် ယာဉ်များ ရာသီမရွေး သွားလာနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ဤတံတားကြီးကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

တံတားတည်ဆောက်မှုနှင့် ပတ်သက်၍ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၂)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဌေးဦးက "ဒီတံတားကြီးကို ၂၀၁၂ ခုနှစ် အောက်တိုဘာလက စတင်တည်ဆောက်ခဲ့ပါတယ်။ ခုတံတား စီမံကိန်း တစ်ခုလုံး တည်ဆောက်ပြီးစီးပြီဖြစ်လို့ ဖွင့်ပွဲအခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေပါပြီ။ မကြာမီ တံတားကြီးကို ဖွင့်လှစ်ပေးတော့မှာပါ" ဟု ပြောသည်။

တံတားကြီးမှာ အရှည်ပေ ၆၀၀ ရှိသည်။ ချဉ်းကပ်ကားလမ်းမှာ ရွှေကျင်ဘက်ကမ်း ပေ ၇၀၀၊ မဒေါက်ဘက်ကမ်း ပေ ၆၅၀ (ကတ္တရာလမ်း) ဖြစ်သည်။ တံတားအကျယ်မှာ ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီကျယ်ဝန်းကာ ခန်းဖွင့်ဖွဲ့စည်းပုံ (P.C)Girder ပေ ၉၀ လေးခန်းနှင့် (R.C) Girder ပေ ၆၀ လေးခန်း၊ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၇၄ ပေ၊ အမြင့် သုံးပေဖြစ်သည်။ တံတားအမျိုးအစားမှာ Mini Bored Pile သံကူကွန်ကရစ်အုတ်မြစ်နှင့် သံကူကွန်ကရစ် ကိုယ်ထည်ကြမ်းခင်းတို့ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။ တံတားနှင့် ချဉ်းကပ်ကားလမ်း ကုန်ကျမှုတန်ဖိုးမှာ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၂၆၇၅ ခန့် ကုန်ကျကြောင်း သိရသည်။

ဦးစီးအရာရှိ(မြို့ပြ) ဦးလှညွန့်က တံတားကြီးမှာ ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာအုပ်စုတွင် တည်ရှိကြောင်း၊ တံတား တည်ဆောက်ရာတွင် ဌာနကျွမ်းကျင်လုပ်သားများအပြင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများ ပါဝင်လုပ်ကိုင်ခဲ့ကြောင်း၊ ရွှေကျင်-ရန်ကုန်၊ ရွှေကျင်-တောင်ငူ တိုက်ရိုက်သွားသည့် အဝေးပြေးယာဉ်များအပြင် ရွှေကျင်မြို့ပေါ် ရှစ်ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၈၂ ရွာမှ ဒေသခံပြည်သူများ၊ ရွှေကျင်-ညောင်လေးပင်၊ ညောင်လေးပင်-ရွှေကျင်သို့ ခေါက်တုံ့ခေါက်ပြန် ရာသီဥတုမရွေး ယာဉ်မျိုးစုံတို့ဖြင့် တံတားသစ်ကြီးကိုဖြတ်၍ သွားလာနိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

# ခြောက်လကြာရောင်းစားခံရသည့် မြန်မာအလုပ်သမားတစ်ဦး ထွက်ပြေးလွတ်မြောက်

**ကတန် မေ ၂၁**

မလေးရှားနိုင်ငံနယ်စပ်ရှိ ကတန်ငါးဖမ်းလှေဆိပ်၌ ခြောက်လကြာ ရောင်းစားခံခဲ့ရသည့် မြန်မာအလုပ်သမားတစ်ဦးမှာ ငါးဖမ်းစက်လှေပေါ်မှထွက်ပြေး၍ ပင်လယ်ပြင်တွင် နှစ်ရက်ကြာ ရေကူးခဲ့ပြီးနောက် မေ ၁၉ ရက်က လွတ်မြောက်လာခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ Myanmar Association in Thailand မှ ဆက်သွယ်ပြောကြားသည်။

အဆိုပါ လွတ်မြောက်လာသူမှာ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ သစ်ပုတ်တောင်မှ ခိုင်လင်းအောင် (၂၆ နှစ်) ဆိုသူဖြစ်ပြီး ရမ်းဗြဲမြို့ရှိ ဆန်းတင်လှိုင်ဆိုသည့် ပွဲစားကတစ်ဆင့် ထားဝယ်မြို့မှ အသက် ၅၀ ကျော် အရွယ်ရှိ ဒေါ်မငွေးဆိုသည့် ပွဲစားမထံသို့ ပို့ဆောင်ခဲ့ကာ လူဦးရေ ၅၀ ခန့်နှင့်အတူ ကတန်ငါးဖမ်းလှေဆိပ်သို့ ၂၀၁၄ ခုနှစ် ဇူလိုင်လက ရောင်းစားခံခဲ့ရခြင်းဖြစ်ကြောင်း၊ လှေပေါ်မှ ၎င်းအပါအဝင် အခြားမြန်မာသုံးဦးတို့နှင့်အတူ ရေကူးခတ်ထွက်ပြေးလာခဲ့ကြသော်လည်း အခြားနှစ်ဦးနှင့် ကွဲသွားခဲ့ပြီး ၎င်းတို့သေသည် ရှင်သည်မသိခဲ့ကြောင်း လွတ်မြောက်လာသူခိုင်လင်းအောင်က MAT အဖွဲ့သို့ ပြောခဲ့ကြောင်းသိရသည်။

ထွက်ပြေးလွတ်မြောက်လာခဲ့သည့် ခိုင်လင်းအောင်က " လုပ်အားခလည်းမရဘူး။ ပြီးတော့ အဲ့ဒီ ငါးဖမ်းစက်လှေက ကမ်းကိုလည်း မကပ်ရဘူး။ သေမထူး နေမထူးဆိုပြီး ထွက်ပြေးလာတာ နှစ်ရက်ကြာ ရေကူးလာပြီး ကမ်းတစ်ခုကို ရောက်သွားတယ်။ ထိုင်းနိုင်ငံသူ အမျိုးသမီးကြီးတစ်ဦးအကူအညီနဲ့ ကျွန်တော်တို့ရွာက ရွာသားတစ်ဦးနဲ့ အဆက်အသွယ်ရခဲ့ပါတယ်။ အဲဒီကမှတစ်ဆင့် MAT အဖွဲ့ကို ဆက်သွယ်ပြီးတော့ MAT ရုံးကိုရောက်လာခဲ့တာပါ" ဟု ပြောသည်။

ထိုင်းနိုင်ငံသည် အမေရိကန်နိုင်ငံ၏ အစီရင်ခံစာအရ လူကုန်ကူးမှု အဆိုးရွားဆုံးနိုင်ငံအဖြစ် ကြေညာခြင်းခံထားရဆဲလည်း ဖြစ်ကြောင်း၊ ထို့အပြင် ထိုင်းဝန်ကြီးချုပ်က ခြောက်လအတွင်း လူကုန်ကူးဂိုဏ်းများကို ဖော်ထုတ်ရမည်ဟု ထိုင်းနိုင်ငံအတွင်း အမိန့်ထုတ်ပြန်ထားသဖြင့် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက် တရားမဝင် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမြောက်အမြားတို့မှာ မကြာခဏ ဖမ်းဆီးခံနေရဆဲဖြစ်ကြောင်းကို ထိုင်းသတင်းဌာနများကလည်း စဉ်ဆက်မပြတ် ဖော်ပြလျက်ရှိနေကြောင်း MAT အဖွဲ့မှတာဝန်ရှိသူများက ပြောကြားသည်။ **စိုးဝင်း-SP**



# ဓာတုဆိုးဆေးပါဝင်သော စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၂၁**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးများတွင် ရောင်းချလျက်ရှိသော စားသောက်ကုန်များတွင် ဓာတုဆေးဝါးခွင့်မပြုဆိုးဆေး ပါဝင်မှု ရှိ မရှိ စစ်ဆေးဆောင်ရွက်မှုအား မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် သပြေကုန်းဈေးတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်စံ၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခန့်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ နှင်းနန္ဒကျော်၊ ဈေးတာဝန်ခံ ဦးသန်းငွေး ပါဝင်သော ပူးပေါင်းအဖွဲ့မှ ဈေးအတွင်းရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများဖြစ်သည့် လက်ဖက်ချဉ်စပ်၊ ငရုတ်သီးမှုန့်၊ ခေါက်ဆွဲခြောက်များအား ဓာတုဆေးဝါး ခွင့်မပြုဆိုးဆေး ပါဝင်မှု ရှိ မရှိ စစ်ဆေးပြီး ခွင့်မပြုဆိုးဆေးပါဝင်သော စားသောက်ကုန်များကို မီးရှို့ဖျက်ဆီး မြေမြှုပ်ခဲ့ကြောင်း သိရသည်။ ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်မြို့မဈေးတွင် ပူးပေါင်းအဖွဲ့သည် ဓာတုဆိုးဆေး ပါဝင်သော စားသောက်ကုန်ပစ္စည်းများကို မီးရှို့ဖျက်ဆီး မြေမြှုပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# သဖန်းဆိပ်ဆည် အနောက်ဘက်လယ်မြေများ ရေရရှိရေးအတွက် ဟဲကင်းရေလွှဲဆည်နှင့် ကုန်းကြီးရေလွှဲဆည်တို့ကို အားထည့်တည်ဆောက်လျက်ရှိ

**စစ်ကိုင်း မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးမှုအရ သဖန်းဆိပ်ဆည်အနောက်ဘက်ကမ်းရှိ လယ်မြေများ ရေရရှိရေးအတွက် လယ်မြေဧရိယာဧက ၂၀၀ ခန့်ကို ရေပေးဝေနိုင်ရန် ဟဲကင်းရေလွှဲဆည်နှင့် လယ်မြေ ၃၈ ဧကကို ရေပေးဝေနိုင်ရန် ကုန်းကြီးရေလွှဲဆည်တို့ကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကုန်းကြီးရေလွှဲဆည်ကို ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ရေရှင်ကျေးရွာအုပ်စု ရေရှင်ကျေးရွာနှင့် ကုန်းကြီးကျေးရွာအကြားရှိ နန်းကြီးသာချောင်း၏ လက်တက်ငယ်ဖြစ်သော သရက်နီချောင်းပေါ်တွင် အလျား ၈၁ ပေ၊ အကျယ် ပေ ၂၀ သံကူကွန်ကရစ်ရေလွှဲဆည်အဖြစ် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဟဲကင်းရေလွှဲဆည်ကို ကျွန်းလှမြို့နယ် ရေရှင်ကျေးရွာအုပ်စု ဟဲကင်းကျေးရွာအနီး ကြီးသာချောင်း၏ လက်တက်ငယ် နမော်ချောင်းပေါ်တွင် အလျား ၉၁ ပေ၊ အကျယ်ပေ ၄၀ ရှိ သံကူကွန်ကရစ်ရေလွှဲဆည်ကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စတင်တည်ဆောက်နေခြင်းဖြစ် ကြောင်း သိရသည်။ ဟဲကင်းရေလွှဲဆည်၏ နှစ်စဉ် ပျမ်းမျှစီးဝင်ရေသည် ဧက ပေ ၁၁၀၀ ခန့်ရှိမည်ဖြစ်ပြီးကုန်းကြီး ရေလွှဲဆည်၏ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေသည် ဧက ပေ ၂၁၀ရှိမည်ဖြစ်ကြောင်း သိရသည်။ ဟဲကင်းရေလွှဲဆည်နှင့်ကုန်းကြီးရေလွှဲဆည် တည်ဆောက်ခြင်းအနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဒေသနေပြည်သူများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟဲကင်းရေလွှဲဆည်နှင့် ကုန်းကြီးရေလွှဲဆည်တို့အား ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်၍ ဟဲကင်းရေလွှဲဆည်မှ လယ်မြေဧက ၂၀၀ ခန့်နှင့် ကုန်းကြီးရေလွှဲဆည်မှ လယ်မြေ ၃၈ဧကကို ရေပေးဝေနိုင်ရန်နှင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာစေရန် အားထည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# အရက်မူးပြီးနေအိမ်မီးရှို့ရာမှ ပတ်ဝန်းကျင်နေအိမ်များပါ မီးလောင်မှုဖြစ်ပွား

**ကော့ကရိတ် မေ ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၄)ရပ်ကွက် ရတနာလမ်းမွန်စုတွင် မေ ၁၉ ရက် ည ၈ နာရီ မိနစ် ၅၀ က နိုင်ဇော်ထွန်း(ခ) တင်စိုး(၃၂နှစ်) သည် အရက်မူးနေပြီ ၎င်းနေအိမ်အတွင်းသို့ ခေါင်းအုံးကို မီးရှို့ပစ်သွင်းရာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ကော့ကရိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးမျိုးဇော် ဦးစီးသည့် မီးသတ်ယာဉ်သုံးစီး၊ ကျုံဒိုးမြို့ မီးသတ်ယာဉ်နှစ်စီးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြရာ ည ၉ နာရီ ၁၀ မိနစ်က မီးညွန့်ကျိုးသွားခဲ့ပြီး ည ၉ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ကော့ကရိတ်သို့ မုတ်သုံရာသီမိုးမှာ မေ ၁၇ ရက်မှစတင်ဝင်ရောက်ခဲ့ပြီး မီးမလောင်မီအချိန်ကလည်း မိုးရွာသွန်းမှုရှိခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် နိုင်ဇော်ထွန်းနေအိမ်နှင့်ကပ်လျက် မသန်းအေး၊ မမဲ၊ ဒေါ်အေးမိတို့၏ နေအိမ်များမှာလည်း မီးလောင်ဆုံးရှုံးသွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ ကော့ကရိတ်မြို့မှ ဒေသဆိုင်ရာတာဝန်ရှိသူများ မြို့ထောက်ကူအဖွဲ့များက လာရောက်ကြီးကြပ်ပြီး အိမ်မီးရှို့သူ နိုင်ဇော်ထွန်းအား ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# အမျိုးသမီးတစ်ဦး နေအိမ်ဖောက်ထွင်းနေစဉ် ဖမ်းဆီးရမိ

**ကသာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက်တွင် မေ ၂၀ ရက်က အမျိုးသမီးတစ်ဦးကို နေအိမ်ဖောက်ထွင်းနေစဉ် ပြည်သူများက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် နံနက် ၆ နာရီခွဲတွင် မခင်ဝင်းရီမှာ နေအိမ်တံခါးများအား သော့ခတ်ပြီး ချောင်းထဲသို့ အဝတ်လျှော်သွားရာ နံနက် ၇ နာရီခန့်တွင် နေအိမ်သို့ပြန်လာစဉ် အိမ်တံခါးသော့မှာ ပျက်နေပြီး အိမ်ပေါ်တွင် အမျိုးသမီးတစ်ဦးတွေ့သဖြင့် ရဲစခန်းသို့ ပို့မည်ပြုစဉ် ၎င်းအမျိုးသမီးမှာ အိမ်ပေါ်မှထွက်ပြေးသွားရာ ၎င်းစီးသောဖိနပ်၊ ခမောက်ဦးထုပ်နှင့် သော့ကန့်လန့်ဖွင့်ရာတွင် အသုံးပြုသည့်သံချောင်းတစ်ချောင်းတို့ကျန်ခဲ့သည်။ မခင်ဝင်းရီက သူခိုးဟုအော်ဟစ်သဖြင့် ရပ်ကွက်အတွင်းရှိသူများက ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။ ခဏအကြာရဲတပ်ဖွဲ့ဝင်များရောက် ရှိလာပြီး ၎င်းအမျိုးသမီးကိုမေးမြန်းရာ မခင်နွယ်ဝင်းဆိုသူဖြစ်ကြောင်းသိရသည်။ နေအိမ်ရှိပစ္စည်းများကို ပြန်လည်စစ်ဆေးရာ ပစ္စည်းတစ်စုံတစ်ရာပျောက်ဆုံးခြင်းမရှိသော်လည်း နေအိမ်တံခါးများအား သော့ကန့်လန့်ဖွင့်၍ နေအိမ်အတွင်းသို့ ပစ္စည်းများခိုးယူရန် အကြံဖြင့်ဝင်ရောက်သူ မခင်နွယ်ဝင်းအား အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် နေအိမ်ကိုဖောက်ထွင်းသူ မခင်နွယ်ဝင်း(ခ)မလှသွယ် မော်တိတ်ရွာ အင်းတော်မြို့နယ်နေသူအား အင်းတော်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ကိုနိုင်(အင်းတော်)**


## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဆာလာအိတ် (အကြီး၊ အလတ်၊ အသေး)များအား ဝယ်ယူလိုပါသဖြင့် ဒုတိယအကြိမ် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်၊ သက်ဆိုင်ရာကုမ္ပဏီ၊ အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။
၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ၂၂-၅-၂၀၁၅ရက်မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင် ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင် အဆိုပြုလွှာတင်သွင်းသည့်ပုံစံဖြစ်ရပါမည်။
၅။ မိမိတို့ပေးသွင်းနိုင်သည့် တင်ဒါအမျိုးအမည်၊ ပုံစံ၊ တန်ဖိုး၊ ရရှိနိုင်သည့်အရောင်၊ ပေးသွင်းနိုင်သည့်အရေအတွက်တို့ကို ဖော်ပြ၍ တင်ဒါအဆိုပြုလွှာများကို ၂၅-၅-၂၀၁၅ ရက်မှစတင်၍ ၁-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထားပြီး ရုံးအမှတ်(၂၂)သို့ လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ရောက်ရှိလာသော အဆိုပြုလွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။
၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂) ဖုန်း-၀၆၇-၄၀၄၃၁၁၊ ၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)ရှိ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် လိုအပ်သော တာယာ(၂၀)မျိုးနှင့် ဘက်ထရီ(၇)မျိုးအား မြန်မာကျပ်ငွေ (Kyats) ဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၅ခုနှစ် ဇွန် ၅ရက် (သောကြာနေ့) ညနေ ၁၆း၀၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စီမံရေးရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၂၈၊ ၀၉-၄၃၁၅၈၁၇၉၊ ၀၉-၄၃၀၄၃၆၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံတစ်မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၂၂-၅-၂၀၁၅ရက်မှစ၍ ၅-၆-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၅-၆-၂၀၁၅ ရက် (၁၆း၃၀) နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ တို့သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
မွန်ပြည်နယ်-မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် (၁၁)ကေဗွီဓာတ်အားလိုင်းအသစ်များသွယ်တန်းခြင်း၊ (၁၁/၀.၄) ကေဗွီဓာတ်အားခွဲရုံအသစ်များတည်ဆောက်ခြင်း၊ (၄၀၀)ဗို့ဓာတ်အားလိုင်းသစ်များတည်ဆောက်ခြင်း၊ စံမမီဓာတ်အားလိုင်းများအား ကွန်ကရစ်တိုင်၊ သံလက်တန်းနှင့် ကြိုးများလဲလှယ်ခြင်းလုပ်ငန်းများတို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသည်။

**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ရက်မှ ၁၅-၆-၂၀၁၅ရက်၊ ၁၆း၀၀ နာရီအထိ
**တင်ဒါသွင်းရမည့်ရက်** - ၁၅-၆-၂၀၁၅ ရက်မှ ၁၅-၇-၂၀၁၅ ရက်အထိ
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၄၂၂၄၊ ၀၉-၈၇၂၅၅၇၁၊ ၀၉-၈၇၂၅၅၇၂၊ ၀၉-၃၆၁၁၉၈၂၈**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်မောင်မိုး(ခ)ရမ်ဇမ်အာလီ မှတ်ပုံတင်အမှတ် KMW-၁၄၄၁၈၆ ၏ Pass Port (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၇၂၁၀၅၇**



# မူလတန်းကလေး ငါးသန်းခွဲကျော်ကို ကျောင်းဝတ်စုံများ အခမဲ့ပေးမည်

**ရန်ကုန် မေ ၂၁**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ထားသည့် မေ ၂၅ ရက်မှ ၃၁ ရက်အတွင်း မူလတန်းကျောင်းသားဦးရေ ငါးသန်းကျော်အတွက် ကျောင်းဝတ်စုံများကို အခမဲ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

“ဒီနှစ်ကျောင်းဖွင့်ရာသီမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ မူလတန်းကလေးငယ် ငါးသန်းကျော်ကို ကျောင်းဝတ်စုံတွေ အခမဲ့ ပေးအပ်သွားမှာ ဖြစ်ပါတယ်။ တစ်ယောက်တစ်စုံစီ ပေးအပ်မှာဖြစ်ပါတယ်”ဟု ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မူလတန်းကလေး ၅၇၃၆၉၄၀ ဦးအတွက် ကျောင်းဝတ်စုံများကို အခမဲ့ပေးအပ်ရန် စီစဉ်လျက်ရှိကာ တစ်ဦးလျှင်အဖြူ အစိမ်းတစ်စုံစီ ပေးအပ်မည်ဖြစ်ကြောင်း၊ ကျောင်းဝတ်စုံများအပြင် ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းသုံးပုံနှိပ်စာအုပ် တစ်စုံစီကိုလည်း ပေးအပ်သွားမည် ဖြစ်ကြောင်း၊ မူလတန်းကျောင်းသားများအတွက် အခမဲ့ပညာရေးအစီအစဉ်အရ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ ပေးအပ်မည့် ဝတ်စုံများအတွက် ကုန်ကျငွေအဖြစ် ကျပ် ၇၁၇၁ ဒသမ ၁၇၅ သန်း၊ ဗလာစာအုပ် ခြောက်အုပ်စီ အတွက် ကျပ် ၅၇၃၆ ဒသမ ၉၄ သန်းနှင့် ပုံနှိပ်စာအုပ်အတွက် ကျပ် ၅၅၄၅ ဒသမ ၄၈ သန်း၊ စုစုပေါင်းငွေကျပ် ၁၈၄၅၃ ဒသမ ၅၉၅ သန်းကို အသုံးပြုရန် နိုင်ငံတော် အစိုးရက လျာထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနိုင်မှုကြောင့် ကျောင်းသားမိဘများအနေဖြင့် ငွေကြေးကုန်ကျမှု အထိုက်အလျောက် သက်သာမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြင်ပဈေး၌ မူလတန်းကျောင်းဝတ်စုံတစ်စုံလျှင် ကျပ် ၃၀၀၀ မှ ၅၀၀၀ အထိ ရှိနေပြီး ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များအပါအဝင် ကျပ်တစ်သောင်းဝန်းကျင်ခန့် သက်သာနိုင်မည်ဖြစ်သည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သဏ္ဍာ**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူနာများပိုမိုလက်ခံကုသပေးနေရ

**ရန်ကုန် မေ ၂၁**


ရန်ကုန်မြို့တွင် ပုဂ္ဂလိကဆေးရုံနှင့် အထူးကုဆေးခန်းများ တိုးတက်များပြားလာသော်လည်း ရန်ကုန်ဆေးရုံကြီးတွင် လာရောက်ကုသနေသည့် လူနာဦးရေမှာလည်း တိုးတက်များပြားလာလျက်ရှိကာ အဆိုပါလူနာများအနက် ရန်ကုန်မြို့အပြင် အခြားအနယ်အနယ်အရပ်ရပ်မှ လူနာများလည်း ပါဝင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ကုသသည့်လူနာများမှာ ၂၀၀၈ ခုနှစ်က လူနာအရေအတွက် နှစ်သောင်းကျော်သာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ခြောက်သောင်းကျော်အထိ ရှိလာခဲ့သည်။ ရန်ကုန်ဆေးရုံကြီးသို့ လာရောက်ကုသသည့် လူနာများအနက် အများစုမှာ ငွေကြေးမတတ်နိုင်သည့် လူနာများဖြစ်ကြောင်း သိရသည်။ ဝေဒနာရှင်လူနာများအတွက် ခေတ်မီစက်ကိရိယာများနှင့် ဆေးဝါးများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ယခင်ထက်ပိုမိုဖြည့်ဆည်းပေးထားမှုကြောင့် လူနာများ၏ယုံကြည်မှု ပိုမိုတိုးတက်လာခဲ့ကာ ဆေးရုံတက်ရောက်ကုသမှုလည်း တိုးလာခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ခုတင် ၁၅၀၀ ဆံ့ဆေးရုံကြီးဖြစ်ကာ ရောဂါအလိုက်ကုသသည့် ဌာနပေါင်း ၂၄ ခုရှိသည်။ ဆရာဝန်နှင့် သူနာပြုဦးရေ ရာဂဏန်းအထိရှိပြီး အထွေထွေရောဂါလူနာများအား နေ့စဉ်ကုသပေးလျက်ရှိသည်။ ရန်ကုန်မြို့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် အစိုးရဆေးရုံ ၂၀ခန့်ရှိပြီး ပုဂ္ဂလိကဆေးရုံများမှာ ၃၁ ရုံရှိကြောင်း၊ ပုဂ္ဂလိကဆေးရုံအရေအတွက် များနေပြီဖြစ်သော်လည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ လူနာများအတွက် အရေးပါနေဆဲဖြစ်ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရောဂါသည်များအတွက် ကင်ဆာနှင့် နှလုံးရောဂါများကုသနိုင်ရန် တိုးချဲ့ဆောင်များ ဆက်လက်တည်ဆောက်သွားရန်လည်း အစီအစဉ်ရှိကြောင်းနှင့် ယင်းအဆောက်အအုံများ တည်ဆောက်ပြီးစီးပါက လူနာများကို ပိုမိုလက်ခံကုသပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးနိုင်၊ ဓာတ်ပုံ-ခနအောင်**



# ဒေါ်လာဈေးမြင့်တက်မှုကြောင့် ဆေးပစ္စည်းများနှင့် သွင်းကုန်အမျိုးမျိုး ဈေးနှုန်းမြင့်တက်လာ

**ရန်ကုန် မေ ၂၁**

ယခုရက်ပိုင်းအတွင်း အမေရိကန်ဒေါ်လာဈေး မြင့်တက်လာမှုကြောင့် သွင်းကုန်ပစ္စည်းတစ်ခုဖြစ်သည့် နိုင်ငံခြားဆေးအမျိုးမျိုးလည်း ဈေးနှုန်းများ မြင့်တက်လာကြောင်း ရန်ကုန်မြို့ရှိ ဆေးဝါးလက်လီလက်ကား အရောင်းဆိုင်များမှ သိရသည်။

“ကျွန်မတို့က ဒေါ်လာအပေါ် အခြေခံတဲ့ ရောင်းကုန်တွေဖြစ်တော့ သွင်းကုန်ကုမ္ပဏီတွေက ငါးရာခိုင်နှုန်းကနေ စတက်ရောင်းဖို့ ပြောထားပါတယ်။ ၂၀ ရာခိုင်နှုန်းလောက်အထိ တက်ဖို့ရှိတယ်လို့ပြောပါတယ်။ သွင်းကုန်က ဒေါ်လာနဲ့ဝယ်ရတာဆိုတော့ ဒီအပေါ်မှာမူတည်ပြီး ဈေးကတက်နေတာပါ”ဟု မင်္ဂလာဈေးရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှ ဒေါ်ဝင်းဝင်းမာက ပြောသည်။ ဘားပလက်အရည်တစ်ပုလင်းလျှင် ကျပ်သုံးရာမှ ကျပ်ငါးရာအထိ ဈေးတက်သွားပြီး အော်ရာမင်းဂျီငါးလုံးတစ်ကတ်လျှင် ကျပ်တစ်ထောင်မှ ၁၂၀၀ အထိ တက်သွားကြောင်း သိရသည်။ ဆေးပစ္စည်းအရောင်းဆိုင်များအနေဖြင့် ငါးရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းအထိ ဈေးတက်သည်ဆိုသော်လည်း ပစ္စည်းတစ်ခုလျှင် ကျပ်နှစ်ရာဝန်းကျင် ဈေးတက်ရောင်းလာသည်ကို တွေ့ရသည်။

မေ ၂၁ ရက်က ပေါက်ဈေးများအရ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁၁၃၂ ကျပ်မှ ၁၁၃၇ ကျပ်အထိ ဈေးမြင့်တက်လာပြီး ဒေါ်လာဈေးမြင့်တက်မှုကြောင့် ဆေးပစ္စည်းများသာမက အခြားသွင်းကုန်များပါ ဈေးနှုန်းမြင့်တက်မှုရှိနေသည်။ ဒေါ်လာဈေးမြင့်တက်မှုကြောင့် ပို့ကုန်လုပ်ငန်းရှင်များ အကျိုးအမြတ်ပိုမိုရရှိလာသော်လည်း ပြည်သူအများစုအနေဖြင့် ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

**မြင့်မောင်စိုး**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၈၂၀၃၆ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးဝင်း ၉/ရမသ(နိုင်)၀၆၈၂၅၉မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အထက(၂)၊ ဆဋ္ဌမတန်း(စီ)မှ မလှလှဝင်း၏ဖခင်အမည်မှန်မှာ ဦးခွန်စိုင်းနောင် ၇/ဇကန(နိုင်)၀၄၈၈၄၅ ဖြစ်ပါကြောင်း။

**ဦးခွန်စိုင်းနောင်**




ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမည်နှင့်တည်နေရာ | တင်ဒါပိတ်ရက် |
|---|---|---|---|
| ၁ | ၁၉/မပ/တိုင်း(၈) မော်လမြိုင် | အရွယ်လမ်းခင်းကျောက်(၃၀၀၀)ကျင်းအား စစ်တောင်း-မော်လမြိုင်လမ်းပိုင်းအတွက် ဝယ်ယူရန်(ဇင်းကျိုက်ဘူတာတွဲပေါ်အရောက်) | ၅-၆-၂၀၁၅ |

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အင်ဂျင်နီယာမှူး(မြို့ပြ)တိုင်း(၈)၊ မော်လမြိုင်**
**မော်လမြိုင်ဘူတာကြီးအပေါ်ထပ်၊ ဖုန်း-၀၅၇-၂၇၁၅၅**

**အမည်ပြောင်း**

ရွှေဘိုမြို့၊ အမှတ်(၁)အခြေခံပညာ မူလတန်းလွန်ကျောင်း ပဥ္စမတန်းမှ ဦးသက်ထွန်းအောင်၏သား မောင်ဖြိုးဝေဟန်ကို မောင်ရှိုင်းနေသွေးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရှိုင်းနေသွေး**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရွှေဘိုမြို့၊ အမှတ်(၄) ရပ်ကွက်ကြီး၊ အနောက်ဈေးရပ်နေ ဦးတင်မောင်ကြည်-ဒေါ်သင်းသင်းဦးတို့၏သား မောင်အောင်ဖြိုးကိုသည် မိဘများ၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ မိဘများ၏ စီးပွားရေးကိုပါ ထိခိုက်နစ်နာစေရန် ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သော မည်သည့်ငွေကြေးကိစ္စကိုမျှ တာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်ကြည်**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၆၊ မြေကွက်အမှတ် ၁၈၇၊ မြေကွက်ရရှိထားသူ ဒေါ်လှအေး ၁၂/မဂဒ(နိုင်)၀၄၇၄၅၀မှ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၆၊ မြေကွက်အမှတ် ၂၇၄၊ မြေကွက်ရရှိထားသူ ဒေါ်အေးဝင်း ၁၄/ဝခမ(နိုင်)၁၂၁၁၄၂ မှ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၆၊ မြေကွက်အမှတ် ၃၁၃၊ မြေကွက်ရရှိထားသူ ဒေါ်မာချို ၁၂/ရကန(နိုင်)၀၃၈၄၀၁မှ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၀ရပ်ကွက်၊ အမှတ်(ဘီ/၃)၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြင့်မိုရ်၊ ကန်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၉၃၊ မြေအမျိုးအစား နှစ် ၆၀ မြေငှားဂရန်၊ ဧရိယာ ၀ဒသမ ၇၅၉၈ဧက (၄၂ပေ×ပေ၅၀)ပေါ်တွင်ရှိသော အမည်ပေါက် ဒေါ်ရှောက်ဂူ ၁၃/လရန(နိုင်)၀၅၄၈၆၇ ပိုင်ဆိုင်သော မြေကွက်အား ကျွန်ုပ်တို့မောင်နှမများ စုပေါင်း၍ မိခင် ဒေါ်ရှောက်ဂူအမည်ဖြင့် ဝယ်ယူထားသောမြေကွက်ဖြစ်ပါသည်။ သားတစ်ဦးဖြစ်သော မောင်ရန်စိုက်ချန် ၁၃/လရန(နိုင်)၀၀၃၉၉၁အား အိမ်ကိစ္စအတွက် Special Power လွှဲအပ်ထားခဲ့ရာတွင် ယခုအခါ ၎င်းတစ်ဦးတည်းသဘောဖြင့် ရောင်းချရန်ကြိုးစားနေကြောင်း သိရှိရပါ၍ အထက်ဖော်ပြပါ အိမ်ခြံနှင့် အိမ်အား တစ်စုံတစ်ရာလွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းဆောင်ရွက်မှုများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရှောက်ဂူ ၁၃/လရန(နိုင်)၀၅၄၈၆၇**
**ဒေါ်ရှောက်ဂူ၏သား ကိုသန်းအောင်မိုး ၁၂/လရန(နိုင်)၁၂၄၆၉၁**

**ဖခင်အမည်မှန်**

ရွှေဘိုမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အဝေးသင်တက္ကသိုလ် သမိုင်းဘာသာအထူးပြု တတိယနှစ်ကျောင်းသူ မဇင်မာသန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်သန်း ဖြစ်ပါသည်။

**ဦးမောင်မောင်သန်း**

# ဆူနာမီ သို့မဟုတ် သေမင်းတမန်ရေလှိုင်း

စိမ်းလန်း(ကယ်ဆယ်ရေး)



ဆူနာမီဆိုသည်မှာ ဂျပန်ဝေါဟာရတစ်ခုဖြစ်သည်။ ဆူ-ကမ်းခြေ၊ နာမီ-ကြီးမားသောရေလှိုင်း ဆူနာမီ-ကမ်းခြေကိုရိုက်ခတ်သော ရေလှိုင်းကြီးများဟု အဓိပ္ပာယ်ရှိပါသည်။ ဆူနာမီဆိုသော ဝေါဟာရသည် လူတို့အား ဆိုးကျိုးများကို ကြီးမားစွာပေးတတ်သည့် သဘာဝဘေး တစ်ခု၏အမည်ဖြစ်ပါသည်။

ဆူနာမီ၏ ထူးခြားသောရှေ့ပြေးလက္ခဏာများမှာ ပင်လယ်ရေပြင်အောက်တွင် ငလျင်လှုပ်ပြီးနောက် ကမ်းခြေမှရေများ ပင်လယ်တွင်းသို့ဆုတ်သွားသဖြင့် ရေမျက်နှာပြင်နိမ့်ကျသွားခြင်းဖြစ်ပါသည်။ ဖော်ပြပါ ရှေ့ပြေးလက္ခဏာများကို သတိပြုမိသည်နှင့် လူနှင့် သက်ရှိသတ္တဝါများသည် လုံခြုံမှုရှိရာနေရာသို့ အပြေးသွားရောက်ကြရမည်ဖြစ်ပါသည်။

ထိုသို့ ပင်လယ်ရေ မျက်နှာပြင် နိမ့်ကျပြီးနောက် မကြာမီပင်လယ်ပြင်မှ ထုထည်ကြီးမားသော ရေလှိုင်းကြီးများ အရှိန်အဟုန်ပြင်းစွာဖြင့် ကမ်းခြေသို့ လာနေစဉ် ကျယ်လောင်သော အော်သံကြီးများဖြစ်ပေါ်ပြီး မရှေးမနှောင်း ပင်ကမ်းခြေသို့ ရေလှိုင်းကြီးများရောက်ရှိလာမည်ဖြစ်ပါသည်။ ထိုအခါ လူနှင့်သက်ရှိသတ္တဝါများသည် လုံခြုံမှုရှိသည့်နေရာသို့ အပြေးသွား၍ ရှောင်ရှားကြရပါသည်။

ထိုသို့ ငလျင်လှုပ်ခြင်း၊ ရေမျက်နှာပြင်ကျခြင်း၊ အော်သံများ ကြားရခြင်း၊ ထွက်ပြေးတိမ်းရှောင်ရခြင်းတို့ကြောင့် **"လှုပ်၊ ကျ၊ အော်၊ ပြေး ဆူနာမီဘေး"**ဟု မှတ်သားနိုင်ပါသည်။ ကမ်းရိုးတန်းနေပြည်သူများအနေဖြင့် ဆူနာမီ၏ရှေ့ပြေးလက္ခဏာကို သိရှိ ထားရန် အထူးလိုအပ်ပါသည်။

ဆူနာမီဖြစ်ရသော အကြောင်းအရင်းများကို လေ့လာကြည့်သော် အောက်ဖော်ပြပါအကြောင်းများကြောင့် ဖြစ်ရသည်ဟု ပညာရှင်များကဆိုပါသည်-

(က) ပင်လယ်ရေပြင်အောက်ကြမ်းပြင်တွင် မြေငလျင်လှုပ်ခြင်း၊
(ခ) ပင်လယ်အောက်တွင်မီးတောင်ပေါက်ကွဲခြင်း၊
(ဂ) ပင်လယ်အောက်ကြမ်းပြင်တွင် မြေပြိုခြင်း၊
(ဃ) ပင်လယ်ပြင်အတွင်းသို့ ဥက္ကာပျံခဲများပြုတ်ကျခြင်း။

အထက်ပါ အခြေအနေတစ်ရပ်ဖြစ်သောအခါတွင် ထိုပတ်ဝန်းကျင်ရှိမြေထုသည် ပြင်းထန်စွာလှုပ်ရှားမှုဖြစ်ပြီး ထိုမြေထုနှင့်ဆက်စပ်နေသော ရေထုသည်လည်း ပိုမိုပြင်းထန်စွာ လှုပ်ရှားမှုဖြစ်လာရခြင်းဖြစ်သည်ဟု ဆင်ခြင်ကြည့်နိုင်ပါသည်။ တစ်နည်းအားဖြင့် ပြင်းထန်စွာ ရေဘောင်ဘင်ခတ်သည့် သဘောဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ ကြီးမားကျယ်ပြန့်သောရေထု၏ ပြင်းထန်သော လှုပ်ရှားမှုကြောင့် နီးစပ်ရာကမ်းခြေရှိ လူနှင့်သက်ရှိသတ္တဝါများ၊ အိုးအိမ်များ၊ လမ်းတံတား စသည့် အခြေခံအဆောက် အအုံများ၊ စိုက်ပျိုးမြေ များနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ပြင်းထန်စွာရိုက်ခတ် မိပြီး သေကျေပျက်စီးဆုံးရှုံးမှုကို ဖြစ်စေခြင်းဖြစ်သည်။

ဆူနာမီ၏ ပြင်းအားပမာဏ (လှိုင်းသွားနှုန်း) အနည်းအများသည် ဆူနာမီစတင်ဖြစ်ပေါ်ရာ ရေအောက် မြေငလျင်စတင်လှုပ်ခတ်သည့်နေရာ (ငလျင်ဗဟိုချက်)နှင့် ကမ်းခြေ၏အကွာအဝေး၊ ရေအောက်မြေငလျင်၏ ပြင်းအားတို့အပေါ် မူတည်သည်ကိုလည်း တွေ့ရှိရပါသည်။

ဆူနာမီစတင်ဖြစ်ပေါ်ရာဒေသသည် ကမ်းခြေနှင့် ဝေးလျှင် ရေလှိုင်းသည် ကမ်းခြေသို့ရောက်ရန် အချိန်ကြာမြင့်ပြီး လူတို့အနေဖြင့် ပြင်ဆင်ချိန်နှင့် ရှောင်တိမ်းရန် အချိန်လုံလောက်စွာရရှိနိုင်မည်ဖြစ်၍ ထိခိုက်ပျက်စီးမှုလျော့နည်းစေမည်ဖြစ်သည်။

ကမ်းခြေနှင့် နီးလျှင်မူ ရေလှိုင်းများကမ်းခြေသို့ အချိန်တို အတွင်းရောက်ရှိပြီး ပြင်ဆင်ချိန်၊ ရှောင်တိမ်းရန် အချိန်နည်းမည်ဖြစ်သည်။ အလားတူ ရေအောက်မြေငလျင်၏ ပြင်းအားကြီးပါက ရေလှိုင်းများ၏ သွားနှုန်းသည် လျင်မြန်ပြီး ဖျက်ဆီးမှုစွမ်းအား မြင့်မားမည်ဖြစ်ပါသည်။ ရေအောက်တွင် လှုပ်ခတ်သော ငလျင်သည် ပြင်းထန်ပါက ဆူနာမီရေလှိုင်းများသည် ကမ်းခြေ၌ ပေ ၁၀၀ ခန့်အထိ မြင့်နိုင်ပြီး လှိုင်း၏သွားနှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ အထက်တွင် ရှိတတ်ပါသည်။

ဥပမာအားဖြင့် ၂၀၀၄ ခုနှစ် ဆူမတြား ဆူနာမီတွင် ဆူနာမီရေလှိုင်း၏ သွားနှုန်းသည်အရှေ့မှ အနောက်သို့ တစ်နာရီလျှင်မိုင် ၅၂၀မှ ၆၀၀၊ တောင်မှမြောက်သို့ တစ်နာရီလျှင် ၂၆၀ မှ ၃၂၅ မိုင်သွားသည်ကို တွေ့ရှိရသည်။ ၎င်းအပြင် ကမ်းခြေသို့ရောက်ရှိလာသော ဆူနာမီရေလှိုင်းများတွင် ပထမဦးဆုံး ရောက်ရှိလာသော ရေလှိုင်းများသည်အကြီးဆုံးမဖြစ်ဘဲ စတုတ္ထ မြောက်ရေလှိုင်းမှသာအကြီးဆုံးဖြစ်မည်ဖြစ်ပြီး ဆူနာမီ ရေလှိုင်းများသည် ပင်လယ်ပြင်တွင် မိုင်ထောင်ချီ၍သွားနိုင်သည့်အပြင် ကမ်းခြေမှကုန်းတွင်းသို့ မီတာ ၁၀၀၀ ခန့်အထိ ဝင်ရောက်နိုင်ပါသည်။

ဆူနာမီမှာအများအားဖြင့် ပင်လယ်ပြင်တွင်အင်အားကြီးမြေငလျင်လှုပ်ပြီးနောက်ဖြစ်တတ်သဖြင့် အထက်တွင် ဖော်ပြခဲ့သော ဆူနာမီ၏ ရှေ့ပြေးလက္ခဏာများကို သိရှိထားရန်လိုပါသည်။ ပင်လယ်ပြင်တွင်ငလျင်လှုပ်ပြီး ကမ်းခြေမှရေများ ပင်လယ်တွင်းသို့ဆုတ်သွား၍ ရေမျက်နှာပြင်နိမ့်ကျသွားသည့် လက္ခဏာကိုတွေ့ရှိရပါက မကြာမီ ဆူနာမီလာတော့မည်ကို သိရှိနိုင်ပါသည်။ ထိုသို့သိရှိချိန်နှင့် ဆူနာမီရေလှိုင်းရောက်လာချိန်သည် အချိန်အနည်းငယ်သာကွာတတ်ပါသည်။ ထို့ကြောင့် ပင်လယ်ပြင်တွင် ငလျင်လှုပ်ပြီး ကမ်းခြေတွင် ရေကျသွားသည်ကိုတွေ့ရှိသည်နှင့် ဘေးလွတ်ရာသို့ လျင်မြန်စွာတိမ်းရှောင်ရန် လိုအပ်ပါသည်။ သို့သော် ရှေ့ပြေးလက္ခဏာများကို လူများသတိမပြုမိသည့်အခါတွင် အခြားနည်းဖြင့်ဆူနာမီသတိပေးချက်ကို သိရှိစေရန်အတွက် ကြိုတင်သတိပေးစနစ်များကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများအလိုက် ပြုလုပ်ထားကြရမည်ဖြစ် ပါသည်။

အန္တရာယ်ရှိသော ဘေးများဖြစ်ပေါ်နိုင်သည့် အခြေအနေရှိပါက ကြိုတင် သတိပေးချက်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အချိန်မီထုတ်ပြန်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ နယ်မြေခံသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများမှတစ်ဆင့် ပြည်သူလူထုသို့သတိပေးချက် အချိန်မီရောက်ရှိရေး ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ပင်လယ်ပြင်တွင် လှုပ်ခတ်သည့် မြေငလျင်ပြင်းအားပေါ်မူတည်ပြီး ဆူနာမီဖြစ်ပေါ်နိုင်မှုအခြေအနေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) မြေငလျင်ပြင်းအားသည် ရစ်ချ်တာစကေး (၇ ဒသမ ၈) အထက်ဖြစ်ပါက ပင်လယ်သမုဒ္ဒရာအတွင်း ကျယ်ပြန့်စွာ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်နိုင်ပါသည်။
(ခ) ရစ်ချ်တာစကေး (၇ ဒသမ ၅)အထက်မှ ၇ ဒသမ ၈ အထိလှုပ်ပါက မြေငလျင်ဗဟိုချက်မှ ၁၀၀၀ ကီလိုမီတာမိုင် ၆၅၀အကွာ ပင်လယ်ကမ်းခြေ ဒေသများအထိ ဆူနာမီရေလှိုင်းများရောက်ရှိနိုင်ပါသည်။
(ဂ) ရစ်ချ်တာစကေး ၇ ဒသမ ၀ အထက်မှ ၇ ဒသမ ၅ အထိလှုပ်ပါက မြေငလျင်ဗဟိုချက်မှ ၁၀၀ ကီလိုမီတာ ၆၅ မိုင်အကွာအထိ ဆူနာမီရေလှိုင်းများ ရောက်ရှိနိုင်ပါသည်။
(ဃ) ရစ်ချ်တာစကေး ၆ ဒသမ ၅ အထက်နှင့် ၇ ဒသမ ၀ အထိလှုပ်ခတ်လျှင် ဆူနာမီရေလှိုင်းများဖြစ်ပေါ်နိုင်မှု နည်းပါးမည်ဖြစ်ပါသည်။

သို့သော်ပင်လယ်ပြင်တွင် ရေအောက်မြေငလျင်လှုပ်တိုင်း ဆူနာမီဖြစ်ပေါ်ခြင်းမရှိပါ။ အောက်ပါအချက်များနှင့်ကိုက်ညီမှသာ ဆူနာမီဖြစ်ပေါ်နိုင်ပါသည်-

(က) မြေငလျင်သည် ပင်လယ်အောက်ကြမ်းပြင်တွင် ဗဟိုပြုရမည်။
(ခ) မြေငလျင်ဗဟိုချက်သည် မြေအောက်အနက် ၅၀ ကီလိုမီတာမကျော်ရ။
(ဂ) မြေငလျင်အင်အားသည် ရစ်ချ်စတာစကေး ခုနစ်ကျော်ရမည်။
(ဃ) မြေငလျင်ကြောင့် မြေသားလှုပ်ရှားမှုသည် အထက်အောက်လှုပ်ရှားမှု (Vertical Movement) ဖြစ်ရမည်။
(င) လှုပ်ရှားသည့် ရေအောက်ကြမ်းပြင်ဧရိယာသည် ကျယ်ပြန့်ရမည်။

မည်သို့ပင်ဖြစ်စေ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားခြင်းဖြင့်သာ သဘာဝဘေးအမျိုးမျိုးကို ရင်ဆိုင်တုံ့ပြန်နိုင်မည်ဖြစ်သဖြင့် ဆူနာမီဟူသော သဘာဝဘေးကိုလည်း ရင်ဆိုင်တုံ့ပြန်နိုင်ရန် ပြည်သူလူထုတို့အနေဖြင့် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သွားရန် လိုအပ်ပါသည်-

(၁) ဆူနာမီအန္တရာယ်ကို ကြိုတင်သတိပေးစနစ်များမှ သိရှိချိန်မှ ဆူနာမီရေလှိုင်းရောက်ရှိချိန်အထိ ကြားကာလသည် တိုတောင်းသဖြင့် ကြိုတင်စီမံမှု ကာလတွင် ဆူနာမီနှင့်ပတ်သက်၍ ထူးခြားသည့် ရှေ့ပြေးလက္ခဏာများကို အသိပညာပေးခြင်း၊ ရှောင်တိမ်းနိုင်မည့်နေရာနှင့် လမ်းကြောင်းများကို ကြိုတင်ရွေးချယ်ထားခြင်း၊ အန္တရာယ်ဖြစ်လွယ်သော ရေလွှမ်းလွင်ပြင်များ၊ ပင်လယ်ရေမျက်နှာပြင်ထက် အနည်းငယ်သာမြင့်သော ကမ်းခြေများရှိ မြို့နှင့်ကျေးရွာများအား ဆူနာမီသတိပေးချက်ရရှိချိန်တွင် အမြန်ဆုံးပြောင်းရွှေ့နိုင်စေရန် စီမံထားခြင်း၊ ဇာတ်တိုက်ပြလေ့ကျင့်ထားခြင်း စသည်တို့ကို သက်ဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များမှ ကြိုတင်စီမံပြုလုပ်ထားရမည်ဖြစ်ပါသည်။
(၂) ဆူနာမီသတိပေးချက် ကြေညာသည့်စနစ် (အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ သံချောင်းခေါက်အချက်ပေးခြင်း၊ အန္တရာယ်သတိပေးအလံများ လွှင့်တင်ထားခြင်း စသည်တို့ကို) ကြိုတင်အသိပေးဆောင်ရွက်ရန်၊
(၃) ဆူနာမီရေလှိုင်း ရောက်ရှိနိုင်သည့်နေရာ၊ ရေလှိုင်းလွတ်သည့် အန္တရာယ်ကင်းသည့် ပြေးခိုရမည့်နေရာ၊ ထို နေရာသို့သွားရမည့်လမ်းကြောင်း စသည်တို့ကို ဖော်ပြထားသည့် မြေပုံတို့ကို ကြိုတင်ရေးဆွဲဖြန့်ဝေပေးထားရန်၊
(၄) ကမ်းခြေဒေသများတွင် ဆူနာမီခိုလှုံရာအဆောက်အအုံ (Tsunami Shelter) များ ကြိုတင်ဆောက်လုပ်ထားရန်လိုအပ်ပြီး ထိုအဆောက်အအုံများမရှိပါက လုံခြုံစိတ်ချရသော အဆောက်အအုံများကို ခိုလှုံရာနေရာအဖြစ် ကြိုတင်ရွေးချယ်ထားရမည် ဖြစ်ပါသည်။
(၅) အန္တရာယ်ကျရောက်ပြီးသည်နှင့် ကယ်ဆယ်ရေးအဖွဲ့များ အမြန်ရောက်ရှိလာစေရေး စီမံပြင်ဆင်ထားရမည် ဖြစ်ပါသည်။
(၆) ကမ်းရိုးတန်းတစ်လျှောက် ကမ်းရိုးတန်းနှင့်အပြိုင် သစ်ပင်များအတန်းလိုက် အထပ်ထပ်စိုက်ပျိုးစေခြင်း၊ ကမ်းရိုးတန်းအတွင်းပိုင်းတွင်လည်း အလားတူ ဆောင်ရွက်ခြင်း။ *စာမျက်နှာ ၁၆ သို့*

❖ **ပင်လယ်ပြင်တွင်အင်အားကြီး မြေငလျင်လှုပ်ပြီးနောက် ဖြစ်တတ်သဖြင့် ပင်လယ်ပြင်တွင်ငလျင်လှုပ်ပြီး ကမ်းခြေမှရေများ ပင်လယ်တွင်းသို့ဆုတ်သွား၍ ရေမျက်နှာပြင်နိမ့်ကျသွားသည့် လက္ခဏာကို တွေ့ရှိရပါက မကြာမီ ဆူနာမီလာတော့မည်ကို သိရှိနိုင်ပါသည်။**

❖ **ထို့ကြောင့် ပင်လယ်ပြင်တွင် ငလျင်လှုပ်ပြီး ကမ်းခြေတွင် ရေကျသွားသည်ကိုတွေ့ရှိသည်နှင့် ဘေးလွတ်ရာသို့ လျင်မြန်စွာ တိမ်းရှောင်ရန် လိုအပ်ပါသည်။**

**စာမျက်နှာ ၁၅မှ**

(၇) ကမ်းရိုးတန်းအတွင်းပိုင်းတွင်တာပတ်မြေဖို့ထားခြင်း။

(၈) ကမ်းခြေတွင် ဆောက်လုပ်သော အဆောက်အအုံများကို ဆူနာမီဒဏ်ခံနိုင်အောင် ပုံစံထုတ်၍ ဆောက်လုပ်စေခြင်း။

(၉) ဆူနာမီကြောင့် ကုန်းတွင်းရေဖုံးလွှမ်းမှုသည် ကမ်းခြေမှ မီတာ ၁၀၀၀ ခန့်အကွာအဝေးထိ ရှိနိုင်သဖြင့် ပင်လယ်ကမ်းခြေနှင့်ဝေးရာတွင် နေထိုင်ခြင်းသည် လုံခြုံမှုအရှိဆုံးဖြစ်သည်။

ထို့အပြင် ဆူနာမီရှေ့ပြေးလက္ခဏာများကို တွေ့မြင်ရပါက (သို့မဟုတ်) ဆူနာမီသတိပေးချက်ရပါက ပြည်သူများအနေဖြင့် ကမ်းခြေသို့ ပြေး၍မကြည့်ပါနှင့်၊ ကုန်းမြင့်ရာသို့ အမြန်ပြေးပါ၊ ကမ်းခြေမှ အနည်းဆုံး ၁၀၀၀ မီတာအကွာအဝေးမှသာ လုံခြုံမှုရှိနိုင်သည်ကို သတိပြုပါ၊ လုံခြုံသောနေရာသို့ မပြေးနိုင်ပါက (သို့မဟုတ်) ပြေးချိန်မရပါက သစ်ပင်မြင့်အထက်သို့ တက်ရောက် ရှောင်တိမ်းပါ၊ ကား၊ ရထား၊ မြေနိမ့်အဆောက်အအုံများပေါ်တွင် နေခြင်းသည် ဘေးမကင်းပါ၊ မနေသင့်ပါ၊ ကမ်းခြေအနီးတွင် ကားထဲသို့ ရောက်ရှိနေပါက ကားထဲမှထွက်၍ လုံခြုံရာသို့ အမြန်ပြေးပါ၊ လှေ၊ သင်္ဘောထဲတွင် ရောက်ရှိနေပြီး ပင်လယ်ထဲရောက်ရှိနေပါက လှိုင်းမငြိမ်သက်မချင်း ကမ်းသို့မကပ်ပါနှင့်၊ ပင်လယ်ပြင်တွင် နေထိုင်ခြင်းသည် ပို၍လုံခြုံမှုရှိပါသည်၊ ပင်လယ်ကမ်းခြေ၊ ဆိပ်ခံတံတားများတွင်ရှိနေသော လှေ၊ သင်္ဘောထဲတွင်ရောက်ရှိနေပြီး ပင်လယ်ထဲသို့ ထွက်ခွာရန်အချိန်မရပါက လှေ၊ သင်္ဘောကို စွန့်ခွာပြီး လုံခြုံမှုရှိသော ကုန်းတွင်းပိုင်းသို့ အမြန်ဆုံးပြေးပါ၊ ဆူနာမီရေလှိုင်း တစ်ခါကျရောက်ပြီးနောက် မိနစ် ၂၀ အကြာတွင် နောက်ထပ်ရေလှိုင်းတစ်လုံးနှင့် နောက်ဆက်တွဲလှိုင်းများ ရောက်ရှိလာတတ်သဖြင့် အန္တရာယ်ကင်းကြောင်း ကြေညာချက်မရသေးလျှင် ခိုလှုံရာနေရာမှ ရုတ်တရက် ထွက်ခွာခြင်းမပြုရန်၊ ဆူနာမီလှိုင်းဖြင့်ပါသွားပါက အစွမ်းရှိသမျှအင်အားဖြင့် ကူးခပ်ပါ။ ရေတွင်ပေါ်နေသော ခိုတွယ်နိုင်သည့် အရာဝတ္ထုများကိုရှာ၍ ဖက်တွယ်ထားရန်၊ ကျောင်းတွင်ရှိနေပါက ဆရာ ဆရာမများနှင့် အကြီးအကဲများ၏ အကြံပေးချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊ ပင်လယ်အတွင်းသို့စီးဝင်နေသည့် မြစ်များ၊ ချောင်းများမှ ဝေးရာသို့ အမြန်ဆုံးရှောင်နေရန်၊ ပင်လယ်ပြင်တွင် လျှော်လှုပ်ရှားမှုသည် ကမ်းခြေနှင့်ဝေးပါက လုံခြုံရာသို့ ရွှေ့ပြောင်းရန် အချိန်ရသော်လည်း နီးပါက အချိန်မိနစ်အနည်းငယ်သာရသည်ကို သတိပြုရန်။

ဆူနာမီဘေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များအား ပြည်သူလူထုမှ သိရှိဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးရုံးများမှတစ်ဆင့် လက်ကမ်းစာစောင်များနှင့် နံရံကပ်ပိုစတာများကို ဖြန့်ဝေခြင်း၊ မြို့နယ် /ကျေးရွာ/ ရပ်ကွက်များတွင် သဘာဝဘေးပညာပေးဟောပြောခြင်း၊ အခါအားလျော်စွာ သဘာဝဘေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းတို့အပြင် ဆူနာမီဘေး၊ ရေဘေး၊ လေဘေးသရုပ်ပြလေ့ကျင့်မှုများကို တိုင်းဒေသကြီးအစိုးရများ၊ UN၊ NGOs၊ INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဆူနာမီသည် ပင်လယ်ကမ်းရိုးတန်းဒေသများတွင်သာဖြစ်တတ်သဖြင့် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများ ဖြစ်ကြသည့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့မှ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့များနှင့် ပြည်သူလူထုတို့အနေဖြင့် ဘာရင်ကျွန်းမီးတောင်ပေါက်ကွဲမှုသတင်းကြောင့် မဟုတ်သော်လည်း ပုံမှန်ဆောင်ရွက်နေကျ သဘာဝဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# သာစည်မြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆည်ကန်များကျိုးပေါက်မှုဖြစ်ပွား

**သာစည် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း မေ ၁၈ရက်ကစတင်၍ မိုးအဆက်မပြတ်ရွာသွန်းသဖြင့်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသဖြင့် ဆည်ကန်များအတွင်း ရေဝင်ရောက်မှုနည်းပါးပြီး ကန်ရေခန်းခြောက်သဖြင့်ပပ်ကြားအက်များဖြစ်ပေါ်ပြီး ယခုနှစ် မိုးရွာသွန်းချိန်တွင် ထူးပေါက်များဖြစ်ပေါ်မှုကြောင့် လည်းကောင်း၊ ကန်ပေါင်မြေ အသားမကျသဖြင့်လည်းကောင်း ဆည်၊ ကန်ကျိုးပေါက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

သာစည်မြို့နယ် သပြေဝကျေးရွာအုပ်စုတွင် ကွင်းအမှတ် (၁၆၉၆) ရှိ ကန်လျှားကန် ကန်ပေါင်ပေ ၁၀၀ ကျိုးပြတ်ခဲ့ရာ ကန်အတွင်းမှရေတစ်ဝက်ခန့်မှာ စိုက်ပျိုးရခြင်းမရှိသေးသည့်လယ်ကွင်းများအတွင်းမှ စမုံချောင်းအတွင်း စီးသွားခဲ့ကြောင်း၊ ဝမ်းသာကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၃၆) ရှိ မကျီးကန် ကန်ဘောင်အကျယ် ၇ပေ၊ အလျား ၁၀ ပေခန့်ရှိ ထူးပေါက် နှစ်ပေါက်မှ ကန်ကျိုးပေါက်ခဲ့ရာ ကန်အတွင်းမှ ရေအနည်းငယ်သာစိုက်ပျိုးရခြင်းမရှိသေးသည့် လယ်နှင့်ယာကွက်များအတွင်း စီးသွားခဲ့သည်။

ထို့အပြင် သဲပုံကျေးရွာအုပ်စု ရင်ဇင်းကန်မှာ အလျား ၁၀ပေ ခန့်ရှိ ထူးပေါက် တစ်ပေါက်နှင့် အလျားပေ ၂၀ခန့် ထူးပေါက်တစ်ပေါက်တို့မှ ကန်ကျိုးပေါက်ခဲ့ရာကန်အတွင်းမှ ရေတစ်ဝက်ခန့်မှာစိုက်ပျိုးရခြင်းမရှိသေးသည့်လယ်နှင့် ယာမြေများအတွင်း စီးသွားခဲ့ပြီး ကန်အတွင်းရှိ ရေများကို ကျေးရွာပြည်သူများက အချိန်မီပိတ်ဆို့ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း၊ ရွာပုလဲကြီးကျေးရွာ သရက်ပင် ဆည်ကျိုးပေါက်ခဲ့မှုတွင် ရေများအားလုံး စိုက်ပျိုးရခြင်း မရှိသေးသည့် လယ်ကွင်းများအတွင်းမှ မဲတောကန်အတွင်းသို့ စီးဝင်သွားခဲ့ရာ လူ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးသီးနှံများထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အဆိုပါဆည်၊ ကန်ကျိုးပေါက်မှုဖြစ်ပွားရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပထမအဆင့် အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာနိုင်ရေး ဆွေးနွေး

**တမူး မေ ၂၁**

နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ပထမအဆင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ကြေညာနိုင်ရေးအတွက် အစည်းအဝေးကို တမူးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၁၇ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပထမအဆင့် အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စများကို ဆွေးနွေးတင်ပြကာ ခရိုင် ရွေးကောက်ပွဲကော်မရှင်အရာရှိက ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက်ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ဧပြီ ၂၅ ရက်မှ ဇွန် ၇ ရက်အထိ အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ အစီအမံများ၊ တင်ပြချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်အရာရှိ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ CSO အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ချင်းတွင်းသား(iprd)**








**အမည်ပြောင်း**

ဦးတင်မျိုးလတ်၏သမီး မကွေးမြို့နယ် အလက(ခွဲ)အင်းဦး ပဉ္စမတန်းမှ မသင်းဇာခြည်မျိုးအား မသန့်ဖြူစင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသန့်ဖြူစင်**



**တိုက်ခန်းသစ် အမြန်ရောင်းမည်**

ကမာရွတ်မြို့နယ်၊ ကင်မွန်းခြံလမ်းသွယ်၊ ဆိတ်ငြိမ်ရပ်ကွက်၊ သုံးထပ်တိုက်၏ ပထမထပ် ပေ(၁၅×၄၅) အရှေ့လှည့်ထောင့်ခန်း၊ ဘိုထိုင်၊ ရေမီးစုံ၊ ကြမ်းခင်းကိုရီးယားပါကေး၊ ကြွေပြားအပြည့်၊ အဆင့်မြင့်ပြင်ဆင်ပြီး(ပွဲစားမလို)

**(ကျပ်သိန်း ၆၅၀ ညှိနှိုင်း)**

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၄၀၇၉၆၆၊ ၀၉-၇၃၃၃၃၃၈၃**

# ရိုးရာစဉ့်ထည်လုပ်ငန်းများ ပုံမှန်ထုတ်လုပ်ရောင်းချနေရ

**နေပြည်တော် မေ ၂၁**

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံဈေးကွက်များမှ ဝင်ရောက်သော ပလတ်စတစ် မီးဖိုချောင်သုံး အသုံးအဆောင်များ ခေတ်စားလာသော်လည်း နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွှေချီစဉ့်အိုးဖိုရပ်ကွက်ရှိ ရိုးရာလုပ်ငန်းဖြစ်သော စဉ့်သုတ်မြေထည် မီးဖိုချောင်သုံး အသုံးအဆောင်လုပ်ငန်းများမှာ ပုံမှန်ပြုလုပ်ရောင်းချနေရဆဲဖြစ်ကြောင်း သိရသည်။

စဉ့်သုတ်မြေထည်များအဖြစ် ဘုရားပန်းအိုးနှင့် ပန်းအိုးအမျိုးမျိုး၊ ငါးပိအိုး၊ ဆားအိုး၊ ထုံးအိုးများကို ရောင်းချရကြောင်း၊ စဉ့်သုတ်မြေအိုးများ ပြုလုပ်ရာတွင် လိုအပ်သောမြေစေးကုန်ကြမ်းကို နေပြည်တော် ဘုရားငါးဆူဒေသမှ ထော်လာဂျီတစ်စီးလျှင် ကျပ်နှစ်သောင်းခွဲနှုန်းဖြင့်ဝယ်ယူရပြီး ရာသီဥတုကောင်းမွန်ပါက ရက်သတ္တတစ်ပတ်လျှင် မြေထည်အိုး ဆိုဒ်စုံ ၅၀၀ ခန့်ဆံ့သည့် ဖိုတစ်ဖိုပြုလုပ်ပြီး မြေအိုးများကို မီးဖုတ်ကြောင်း၊ ထုတ်လုပ်ထားသော မြေထည်အသုံးအဆောင်ပစ္စည်းများကို ရန်ကုန်မြို့အပါအဝင် အနယ်နယ်အရပ်ရပ်သို့ ကား၊ ရထားတို့ဖြင့် တင်ပို့ရောင်းချကြောင်း၊ လတ်တလောတွင်မူ တောင်ငူ၊ ညောင်လေးပင်ဒေသတို့မှ ပျဉ်းမနားဒေသထုတ် မြေထည်စဉ့်သုတ်အသုံးအဆောင်ပစ္စည်းများကို အများဆုံးအော်ဒါမှာအသုံးပြုလျက် ရှိကြောင်း၊ မြေထည်စဉ့်သုတ်ပန်းအိုးပြုလုပ်သူတစ်ဦးဖြစ်သည့် ကိုမိုးနိုင်ထံမှ သိရသည်။ လုပ်ငန်းများပုံမှန်လုပ်ကိုင်နေရသော်လည်း စဉ့်သုတ်မြေထည်လုပ်ငန်းလုပ်ကိုင်သူ ဦးရေမှာ လျော့နည်းလျက်ရှိကြောင်း၊ ယခင်က စဉ့်အိုးဖိုရပ်ကွက်သည် တစ်ရပ်ကွက်လုံးရှိ အိမ်ခြေ ၈၀ ခန့်က စဉ့်သုတ်မြေထည်လုပ်ငန်းများ လုပ်ကိုင်ခဲ့သော်လည်း ယခုအခါ လုပ်ငန်းရှင် ၁၀ ဦးခန့်သာ လုပ်ကိုင်နေကြကြောင်း သိရသည်။

**ကာရန်ခ**



# မြန်မာ-ထိုင်းနယ်စပ် လူကုန်ကူးမှုတိုက်ဖျက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည်

**တာချီလိတ် မေ ၂၁**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေး Border Cooperation On Anti Trafficking In Persons(BCATIP) ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံ တာချီလိတ်မြို့ရှိ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံး အစည်းအဝေးခန်းမ၌ မေ ၁၉ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံးဥက္ကဋ္ဌ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်း ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံမှ Chief of Social Development and Human Security Office of Chiangrai Mr,Preedar Kunarmar ဦးဆောင်သော ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဖြစ်သည့် တာချီလိတ်-ချင်းရိုင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးကိုယ်စားလှယ်အဖွဲ့က နှစ်နိုင်ငံနယ်စပ်ဒေသ၌ ကြုံတွေ့ရသော အခက်အခဲများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရမည့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက BCATIP၊ TBC၊ BLO (PATROL) အဖွဲ့ဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်၊ နှစ်နိုင်ငံလိုအပ်တရားခံများရှိပါက တရားခံပြေး၏ မှတ်တမ်းဓာတ်ပုံ၊ ကိုယ်ရေးအချက်အလက် ဖြစ်စဉ်တို့ကို ဖော်ပြ၍ သတင်းပေးပို့သွားရန်၊ နိုင်ငံတကာ ဝင်ထွက်သွားလာနေသည့် အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ်၌ တောင်းရမ်းစားသောက်နေသူများအား



နှစ်နိုင်ငံပူးပေါင်းရှင်းလင်းသွားရန်၊ နယ်စပ်ဖြတ်သန်းသွားလာမှုနှင့်ပတ်သက်၍ နှစ်နိုင်ငံသတ်မှတ်စည်းကမ်းချက်နှင့်အညီ ဝင်ထွက်သွားလာတတ်စေရေး ပညာပေးဟောပြောသွားရန်၊ ASEAN Economic Community (AEC) ပေါ်ပေါက်လာပါက လူကုန်ကူးမှု၊ မူးယစ်မှုနှင့် အခြားကုန်သွယ်ရေးဆိုင်ရာ ပြဿနာပေါင်းစုံ ဖြစ်ပေါ်လာနိုင်သဖြင့် BLO PATROL ခေါင်းစဉ်ဖြင့် အစည်းအဝေးကို တစ်လ သို့မဟုတ် နှစ်လလျှင် တစ်ကြိမ် ပြုလုပ်သွားရန်၊ သတ္တမကြိမ် နှစ်နိုင်ငံနယ်စပ် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေး(BCATIP)အစည်းအဝေးကို ထိုင်းနိုင်ငံ ကျင်းခေါင်မြို့တွင် ပြုလုပ်သွားရန် စသည့်အချက်များကို ဆွေးနွေးခဲ့ပြီး သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထု ပညာပေးလုပ်ငန်း ဆောင်ရွက်ရေးဆွေးနွေး

**ဟားခါး မေ ၂၁**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ ပြည်သူလူထုအတွင်း ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဟားခါးမြို့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မေ ၁၈ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလျန်အုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးလင်းကျော်က အခြေခံမဲဆန္ဒရှင် စာရင်းထုတ်ပြန်ကြေညာမည့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ ပညာပေးလုပ်ငန်းများဆောင်ရွက်မည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အရေအတွက်၊ အဖွဲ့အစည်း၏ အင်အားနှင့်နည်းလမ်း၊ ပညာပေးလုပ်ငန်းဆောင်ရွက်နိုင်ရေး ကြုံတင်သင်တန်းစသည့် သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ရှင်းလင်းဖြေကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**


## လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် **ပို့ကုန်ထူးချွန်လုပ်ငန်းရှင် (ပထမ)ဆု** ကို ရရှိသော ဥက္ကဋ္ဌဖြစ်သူ **ဦးစိုးပိုင် (ပိုင် မိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်)** အား အထူးဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။

နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးတင်ဝင်း နှင့် သားသမီးများ
ရတနာဝင်းပွဲရုံမိသားစု၊ ပခုက္ကူမြို့

## လက်တွဲဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ခြင်း

| | |
|---|---|
| **Chief Engineer (ME/BE-Civil) အဆောက်အအုံ** | ကျား/မ ၁ ဦး |
| **Project Engineer (BE/B-Tech/AGTI-Civil) အဆောက်အအုံ** | ကျား/မ ၃ ဦး |
| **Project Engineer (BE/B-Tech/AGTI-Civil) လမ်း/တံတား** | ကျား/မ ၃ ဦး |
| **Site Engineer (BE/B-Tech/AGTI-Civil)** အဆောက်အအုံ/လမ်းတံတား | ကျား/မ ၇ ဦး |
| **Project Manager** | ကျား ၅ ဦး |
| **M&E Engineer (ME/BE-Electrical/ Mechanical)** | ကျား/မ ၂ ဦး |
| **QC/QS (ME/BE-Civil) အဆောက်အအုံ/လမ်းတံတား** | ကျား/မ ၂ ဦး |
| **Surveyar** | ကျား ၃ ဦး |
| **ပုံဆွဲကျွမ်းကျင်** | ကျား/မ ၂ ဦး |

လျှောက်ထားသူများသည် နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။ အရည်အချင်းအတွေ့အကြုံနှင့် ကြိုးစားမှုအပေါ်မူတည်၍ ထိုက်တန်သောလစာနှင့် အကျိုးခံစားခွင့်ရှိသည်။ E-mail ဖြင့် လျှောက်ထားနိုင်သည်။

**ဆက်သွယ်ရန် - ဧရာနဂါးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**
ဖုန်း-၀၆၇-၄၂၀၅၄၃၊ ၀၉-၂၂၀၀၉၈၉၊ ၀၉-၂၄၀၀၃၂၇
**Email/ headoffice @ ayeyarnagar.com.**




## ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဇီးချိုင်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၆၇၂/၁)၊ ကြာကံအပြင်ကွင်း၊ ဦးပိုင်အမှတ် ၉၊ ပင်လယ်နှင့်ကပ်လျက်တည်ရှိသော ဥယျာဉ်မြေ၊ ဧရိယာ ၅ ဒသမ ၃၉ ဧကရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုချို ၁၄/ပသန(နိုင်)၀၇၇၀၇၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇေယျာစိုး ၁၄/အဂပ(နိုင်)၁၃၁၄၉၂ က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့် ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မျိုး** | **ဦးမောင်မောင်သူရ** |
| **LL.B, D.B.L, D.A.Psy** | **LL.B, D.B.L,D.M.L,D.A.Psy** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၀၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၀၀)** |

**အမှတ် ၅၈၊ ဒုတိယထပ်၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၁၀၄၉၇၁၀၊ ၀၉-၇၉၅၅၉၄၂၉၀၊ ၀၉-၄၅၁၂၃၇၈၅၇၊ ၀၉-၇၉၄၅၀၃၇၃၈**

# မိုးသက်လေပြင်းကြောင့် စာသင်ကျောင်းနှင့် လူနေအိမ်အချို့ပျက်စီး

**မြင်းခြံ မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း မေ ၁၇ ရက်က လေပြင်းတိုက်ခတ်ပြီး မိုးရွာခဲ့သဖြင့် ကျေးရွာငါးရွာမှ စာသင်ကျောင်းနှင့် လူနေအိမ်အချို့ပျက်စီးခဲ့ရာ ပျက်စီးသောကျောင်းဆောင်များကို အမြန်ဆုံးပြုပြင်ရေးနှင့် လေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရေးတို့ကို မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေပြင်းကြောင့် ပျက်စီးမှုများဖြစ်ပွားခဲ့သော ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များက သွားရောက်ကြည့်ရှုပြီး ပျက်စီးသွားသောကျောင်းဆောင်များ အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ငွေကျပ်လေးဆယ့်ငါးသိန်း ရှစ်သောင်းကို ယာယီစိုက်ထုတ်ပေးထားကြောင်း သိရသည်။ မကြာမီတွင် ကျောင်းဖွင့်ချိန်ရောက်တော့မည်ဖြစ်သဖြင့် ကျောင်းသားကျောင်းသူများ အဆင်ပြေစေရေးအတွက် ကျောင်းဆောင်များကို အမြန်ဆုံးပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် လေတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးသည့် အိမ်ထောင်စုများကိုလည်း ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် နဘူးအိုင်ကျေးရွာ၊ မြင်သာကျေးရွာ၊ ချောင်းလည်ကျေးရွာ၊ ရွှေဘုံသာကျေးရွာနှင့် ကန်ချောကျေးရွာများမှ စာသင်ကျောင်းများနှင့် လူနေအိမ်အချို့ပျက်စီးခြင်း၊ အမိုးလန်ခြင်းများ ဖြစ်ခဲ့ခြင်းဖြစ်သည်။ နဘူးအိုင်ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းဝန်းအတွင်းရှိ ကျောင်းဆောင်သုံးဆောင်နှင့် လူနေအိမ်တစ်လုံး မန်ကျည်းပင်ပိ၍ ပျက်စီးခြင်း၊ ချောင်းလည်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းနှင့် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ရွှေဘုံသာကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းဆောင်နှစ်ဆောင်နှင့် နေအိမ် ၂၀ လုံး အမိုးလန် ပျက်စီးခြင်းနှင့် နေအိမ်လေးလုံး ပြိုကျပျက်စီးခြင်း၊ မြင်သာကျေးရွာတွင် လူနေအိမ်တစ်လုံးပြိုကျပျက်စီးပြီး အိမ်လေးလုံးအမိုးလန်ခြင်း ၊ ကန်ချောကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းဆောင်နှင့် လူနေအိမ်နှစ်လုံး အမိုးများပျက်စီးခြင်းတို့ ဖြစ်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**




# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

အစိုးရသစ်လက်ထက် ၂၀၁၀ နောက်ပိုင်း (၅)နှစ်ကာလအတွင်း ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစား၊ နိုင်ငံအတွင်းသဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်နေရာများနှင့် တိုက်ပွဲရှောင်ပြည်သူများအားလှူဒါန်းခြင်း၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး နှင့် အခြားကဏ္ဍအသီးသီးအတွက် ၆၄ ဘီလီယံကျော်(ကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်)ကို လှူဒါန်းခဲ့ပြီး၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများအား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၅.၅.၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်

နိုင်ငံတော်သမ္မတ၏ "နိုင်ငံ့စွမ်းဆောင်ရည်ဆု"

(နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)ကို

AIR KBZ LTD. – ကမ္ဘောဇလေကြောင်းလိုင်း ဥက္ကဋ္ဌ

"ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"

အား ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုဆိုင်ရာကဏ္ဍအသီးသီးတွင် ဆထက်ထမ်းပိုးတို့၍ ထမ်းဆောင်နိုင်ပါစေကြောင်းဆုမွန်ကောင်းများတောင်းအပ်ပါသည်။

AIR KBZ

BOD အဖွဲ့၊ အရာထမ်းနှင့် ဝန်ထမ်းများ
AIR KBZ LTD.

# ရာသီကုန်ပွဲစဉ်တွေမှာ ခြေကုန်ထုတ်မယ့် နာပိုလီ



မိုးမြင့်လင်းလက်

ရာသီကုန်ပွဲစဉ်တွေမှာ မျှော်လင့်ချက်ကိုယ်စီနဲ့ ပိတ်သိမ်းဖို့ကြိုးစားနေတဲ့ စီးရီးအေ အသင်းတွေရဲ့ ပွဲစဉ်(၃၇) အားပြိုင်မှုကတော့ စိတ်ဝင်စားစရာကောင်းနေပြန်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်ရှိနေသေးတဲ့ နာပိုလီ၊ ယူရိုပါလိဂ်ဝင်ခွင့်တစ်နေရာအတွက် ခိုင်မာဖို့ ကြိုးစားမယ့် ဖီအိုရင်တီးနားတို့ကြောင့် မဖြစ်မနေ အားပေးကြရဦးမယ့်ပွဲစဉ်တွေ ဖြစ်နေပြန်ပါတယ်။

### ဂျူဗင်တပ်နှင့် နာပိုလီ

ပထမအကျော့ တွေ့ဆုံမှုမှာတော့ နာပိုလီတို့ အိမ်ကွင်းမှာ တစ်ဂိုး-သုံးဂိုးနဲ့ ရှုံးနိမ့်ထားတာမို့ အခုပွဲမှာလည်း ဂျူဗင်တပ်ကွင်းဖြစ်လို့ ခက်ခဲမယ့်အနေအထားပါပဲ။ ဂျူဗင်တပ်တို့က ချန်ပီယံလိဂ်ပွဲ နွှဲထားရလို့ ကစားသမားတွေ ပင်ပန်းနေပြီး စွမ်းအားပြည့် အားထုတ်နိုင်မှုတော့ရှိမှာ မဟုတ်ပါဘူး။ ဒါ့အပြင် ကိုပါအီတာလီယာ ဖလားပွဲ ယှဉ်ပြိုင်ထားရတဲ့ ပင်ပန်းမှုဒဏ်ကိုလည်း ဂျူဗင်တပ်တို့ ခံစားခဲ့ရတာ သေချာနေပါတယ်။ ဂျူဗင်တပ်တို့ကလည်း ဂုဏ်သိက္ခာအတွက် နိုင်ပွဲရအောင် ကြိုးစားမှာမို့ အခုပွဲမှာ ကစားအားလျှော့မှာတော့ မဟုတ်ပါဘူး။ ဂျူဗင်တပ် တို့ကလည်း နာပိုလီနဲ့ ကစားခဲ့တဲ့ စုစုပေါင်းပွဲ ၁၅၂ ပွဲမှာ ဂျူဗင်တပ်တို့က နိုင်ပွဲ ၇၀ ရရှိခဲ့ပြီး နာပိုလီတို့က ၃၂ ပွဲ နိုင်ထားကာ သရေပွဲ ၅၀ ဖြစ်ထားပါတယ်။ လောလောဆယ် ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ ရလဒ်ပိုင်းကို ကြည့်ရင် နာပိုလီက တစ်ပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲရှုံး ရလဒ်တွေ ပိုင်ဆိုင်ထားတာမို့ ဂျူဗင်တပ်တို့ အလေးထားကစားမှ ရပါလိမ့်မယ်။ နာပိုလီတို့ကတော့ ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်ရှိနေတာမို့ ဒီပွဲကို မဖြစ်မနေ အနိုင်ကစားဖို့ ခြေကုန်ထုတ်မှာဖြစ်ပါတယ်။ နာပိုလီဟာ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်ကို ကြည့်ရင် ပါးမားကို နှစ်ဂိုးစီသရေ၊ ဒီနီပရိုကို တစ်ဂိုး-ဂိုး မရှိနဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာ ဂျူဗင်တပ်ကို အနိုင်ကစားဖို့ဆိုတာ လွယ်ကူမှာတော့ မဟုတ်ပါဘူး။ ဒါကြောင့် ရာသီကုန်ကို ဂုဏ်သိက္ခာရှိစွာ ပိတ်သိမ်းဖို့ ကြိုးစားမယ့် ဂျူဗင်တပ်တို့ပဲ အနိုင်ရလဒ်ကို သိမ်းပိုက်ဖို့ များပါတယ်။

### ပါလာမိုနှင့် ဖီအိုရင်တီးနား

ယူရိုပါလိဂ် ဝင်ခွင့်တစ်နေရာအတွက် သေချာဖို့ကြိုးစားမယ့် ဖီအိုရင်တီးနားဟာ အခုပွဲမှာ ပါလာမိုကို နိုင်ပွဲရအောင် အားထုတ်မှာ သေချာနေပါတယ်။ ပါလာမိုတို့ကတော့ ဒီနှစ်ရာသီကုန်မှာ အမှတ်လိုအပ်မှု မပြင်းထန်တော့တာမို့ သာမန်အားထုတ်မှုမျိုးနဲ့ ရင်ဆိုင်သွားမှာပါ။ ပါလာမိုတို့က ပြီးခဲ့တဲ့ ပွဲစဉ်တွေမှာ ဆက်ဆူအိုလိုကို ဂိုးမရှိ သရေကစားပြီး အတ္တာလန်တာကို နှစ်ဂိုး-သုံးဂိုးနဲ့ ရှုံးခဲ့တာမို့ ပုံစံကောင်း ရနေတာတော့ မဟုတ်ပါဘူး။ လာမယ့် ဘောလုံးရာသီမှာ စီးရီးအေမှာပဲ ကစားဖို့ သေချာနေတဲ့ ပါလာမိုတို့ဟာ အမာခံကစားသမားတွေနဲ့ အင်အားပြည့်ဆင်နွှဲမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဖီအိုရင်တီးနားနဲ့ ကစားတိုင်းရလဒ်မကောင်းတတ်တာကို ချေဖျက်ဖို့အတွက် အိမ်ရှင်တို့ စနစ်တကျပြင်ဆင်ကစားပါလိမ့်မယ်။ ဖီအိုရင် တီးနားနဲ့ ပါလာမိုတို့ နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဖီအိုရင်တီးနားတို့ နိုင်ပွဲတွေချည်း ရရှိခဲ့တာမို့ အခုပွဲမှာ အမှတ်လိုအပ်ချက်ရှိနေတဲ့ ဖီအိုရင်တီးနားတို့ အသာစီးရအောင် အားထုတ်ပါလိမ့်မယ်။ ဖီအိုရင်တီးနားရဲ့ အသင်းလိုက် ကစားအားက ကောင်းမွန်နေပြီး ပြိုင်ဘက်ကို အနိုင်ရအောင် စွမ်းဆောင်နိုင်တဲ့ အရည်အချင်းကောင်းတွေ ပိုင်ဆိုင်ထားတာမို့ အရေးကြီးတဲ့ ဒီပွဲစဉ်မှာတော့ အမှတ်ပြည့်ရယူရေးပဲ အာရုံစိုက်ပါလိမ့်မယ်။ ယူရိုပါလိဂ် ဝင်ခွင့်တစ်နေရာအတွက် အရေးပါတဲ့ ဒီပွဲရမှတ်က ဖီအိုရင်တီးနား ကစားသမားတွေကို စိတ်အားထက်သန်အောင် တွန်းအားပေးနေတာမို့ အနိုင်ဆိုတဲ့ ရလဒ်ကို ပုံဖော်ပြီး သုံးမှတ်ပြည့် သိမ်းယူဖို့ အားထုတ်မှာ သေချာနေပါတယ်။ ။



## အန်ဖီးလ်မှ ထွက်ခွာဖို့ ကြိုးစားနေချိန် အကောင်းဆုံးဆုရတဲ့ စတာလင်း

လီဗာပူး လူငယ်တိုက်စစ်မှူး စတာလင်းဟာ လီဗာပူးအသင်းမှ ထွက်ခွာဖို့ ကြိုးစားနေတာပါ။ သို့ပေမယ့် သူ့ကို လီဗာပူးက တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုချီးမြှင့်လိုက်ပါတယ်။ အသက် ၂၀ အရွယ်ရှိတိုက်စစ်မှူး စတာလင်းဟာ အသင်းမှ ထွက်ခွာဖို့ ကြိုးစားနေချိန် အကောင်းဆုံး လူငယ်ကစားသမားဆု ဆွတ်ခူးခဲ့တာပါ။ လီဗာပူးတိုက်စစ်မှူး လူငယ်အကောင်းဆုံး ဆုရတာနဲ့ပတ်သက်ပြီး စတာလင်းကို လီဗာပူးမှ ထွက်ခွာမသွားသင့်ကြောင်း ပရိသတ်တွေက ပြောဆိုနေကြပါတယ်။ စတာလင်းကို ဧပြီလအတွင်းက တစ်ပတ်ပေါင် ၁၀၀၀၀၀ ပေးပြီး စာချုပ်ဖို့ ကမ်းလှမ်းခဲ့ပေမယ့် သူက ပယ်ချခဲ့ပါတယ်။ ဒီအတောအတွင်းမှာပဲ မန်စီးတီးက စတာလင်းကို ပေါင်သန်း ၄၀ နဲ့ ခေါ်ယူမယ်လို့ သတင်းများ ထွက်ပေါ်နေပါတယ်။ လီဗာပူးက ထွက်ခွာခွင့်ရခဲ့မယ်ဆိုရင်တော့ မန်စီးတီးသို့ ရောက်နိုင်တဲ့ အနေအထားရှိပါတယ်။ မန်စီးတီးအသင်းဟာ လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ကစားခွင့်ရတဲ့ အသင်းဖြစ်တဲ့အတွက် စတာလင်းအတွက် အကောင်းဆုံးနေရာဖြစ်လာနိုင်ပါတယ်။ စတာလင်းက ငွေထက် ဖလားတွေယူပြီး အောင်ပွဲခံတဲ့ အသင်းကို ပြောင်းရွှေ့လိုတဲ့ဆန္ဒပြင်းပြနေပါတယ်။ အာဆင်နယ်နည်းပြ ဝင်းဂါးကတော့ သူ့ကိုခေါ်ယူဖို့ ငြင်းဆိုထားပါတယ်။ အကယ်၍ လီဗာပူးမှ ထွက်ခွာခွင့်ရမယ်ဆိုရင် မန်စီးတီးဟာ စတာလင်း နောက်ပြောင်းရွှေ့မယ့်အသင်းဖြစ်လာနိုင်ပါတယ်။

## ဆင့်ကလဲယားကို ဗီလာက အမြဲတမ်း စာချုပ်ပြီ



အက်စ်တွန်ဗီလာက ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ လေးနှစ်စာချုပ်ဖြင့် မန်စီးတီး တောင်ပံတိုက်စစ်မှူး စကော့ ဆင့်ကလဲယားကို စာချုပ်လိုက်ပြီဖြစ်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိ ဆွမ်ဆီးတိုက်စစ်မှူးဟောင်း ဆင့်ကလဲယားကို ဇန်နဝါရီလကတည်းက ဗီလာပက်(ခ်)က အငှားခေါ်ယူထားခဲ့တာပါ။ သူဟာ အက်ဖ်အေဖလားဗိုလ်လုပွဲအထိ ၁၁ ပွဲ ကစားခဲ့ရာမှာ သုံးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။အက်စ်တွန်ဗီလာမှာကစားရတာကျွန်တော့်အတွက်တော့ အပျော်ဆုံးအချိန် ဖြစ်ခဲ့ပါတယ်လို့ မန်စီးတီးမှာ အစပွဲ သုံးပွဲသာ ကစားခွင့်ရခဲ့တဲ့ ဆင့်ကလဲယားက ဆိုပါတယ်။ လာမယ့်နှစ်များမှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ အောင်မြင်မှုတွေရအောင် ကြိုးစားပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်လို့လည်း သူကဆိုပါတယ်။ ဆင့်ကလဲယားဟာ ၂၀၁၂ ခုနှစ်က မန်စီးတီးသို့ ပေါင်ရှစ်သန်းနဲ့ ရောက်ရှိလာခဲ့ပါတယ်။ သို့ပေမယ့် ၂၀၁၃ ခုနှစ်မှာ ဝက်စ်ဘရွန်းသို့ အငှားချထားခဲ့ပါတယ်။ သူဟာ ၂၀၀၅ ခုနှစ်က ချယ်လ်ဆီးသို့ ရောက်မလာမီ ဘရစ်စတော ရိုဗာအသင်းနဲ့အတူ ဘောလုံးသမားဘဝ စတင်ခဲ့တယ်လို့ ဆိုပါတယ်။ အသက် ၂၁ နှစ် အောက် အင်္ဂလန်ကစားသမား ဆင့်ကလဲယားဟာ ၂၀၁၀ ပြည့်နှစ်က ပေါင် ၅၀၀၀၀၀ နဲ့ ဆွမ်ဆီးသို့ ရောက်ရှိခဲ့ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်

## အကောင်းဆုံး ဂေါက်သီးကစားသမားဖြစ်လိုတဲ့မက်ကာရွိုင်း



ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား မက်ကာရွိုင်းက သူ့ရဲ့မျိုးဆက်မှာ အကောင်းဆုံး ကစားသမားဖြစ်လိုတယ်လို့ ပြောဆိုလိုက်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိ မြောက်အိုင်ယာလန် ဂေါက်သီးကစားသမား မက်ကာရွိုင်းဟာ ဒီနှစ်အတွက် တတိယမြောက် ဖလားကို Wells Fargo Classic ပြိုင်ပွဲမှာ ဆွတ်ခူးခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ မက်ကာရွိုင်းအနေနဲ့ ခုနှစ်ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့တာပါ။ မက်ကာရွိုင်းရဲ့ ပြိုင်ဘက်တွေကလည်း သူ့ကို ပိုကောင်းလာတယ်လို့ ချီးကျူးပြောဆိုခဲ့ပါတယ်။ ဒီအတွက်ကြောင့်လည်း ကမ္ဘာ့နံပါတ် တစ်ဂေါက်သီးကစားသမား မက်ကာရွိုင်းက သူ့ရဲ့ ဂေါက်သီးကစားသမားဘဝမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ မက်ကာရွိုင်းက ကမ္ဘာကျော်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်လိုဖြစ်အောင် ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ တိုက်ဂါးဝုဒ်ထံမှ ဂေါက်သီးပညာတွေ သင်ယူနေတယ်လို့လည်း ဆိုပါတယ်။ တိုက်ဂါးဝုဒ်ဟာ အဓိကဖလား ၁၄ လုံးအထိ ဆွတ်ခူးနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ တိုက်ဂါးဝုဒ်အလွန်မှာ မက်ကာရွိုင်းအနေနဲ့ ဂေါက်သီးလောကကို စိုးမိုးလာနိုင်တဲ့ လူငယ်ဂေါက်သီး ကစားသမားတစ်ဦးဖြစ်ပါတယ်။

# WIN a pair of Jetstar return flights to Singapore
## to watch the 28th SEA Games 2015

Simply log on to fb.com/JetstarAsiaAirways and answer two simple questions for a chance to win! Increase your chances of winning by liking our Facebook page and sharing the post with your friends. Contest ends 5 June 12 noon. Winner will be notified by 5 June 2pm. Judges decision is final. Conditions apply.



jetstar.com

Jetstar



ဆရာကောင်းမှ တပည့်ကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်း**

- [illegible]
- [illegible]
- [illegible]
- [illegible]
- [illegible]

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်အမှတ် [illegible]

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် ထိပ်ဖြိုး

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

# ပညာနန်းတော်

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဖေါ်ကောင်းနေရာပြည့်ပါပြီ

အကောင်းဆုံးဆရာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

- အဆောင်မှူး (ဘွဲ့ရ) ဆရာ၊ ဆရာမများ အဆောင်နေရှိပါသည်။

စေတနာကောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်း**

- [illegible]

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၃.၃၀ မှ ၅.၃၀ နာရီ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၁-တန်း | 〃 | ၄၅၀၀၀ | ၂၀၀၀၀ |
| ၂-တန်း | 〃 | ၄၅၀၀၀ | ၂၀၀၀၀ |
| ၃-တန်း | 〃 | ၄၅၀၀၀ | ၂၀၀၀၀ |
| ၄-တန်း | 〃 | ၄၅၀၀၀ | ၂၀၀၀၀ |
| ၅-တန်း | 〃 | ၄၅၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | 〃 | ၄၅၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | 〃 | ၄၅၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | မနက် ၅.၀၀ မှ ၁.၃၀ နာရီ | ၅၅၀၀၀ | ၃၅၀၀၀ |
| ၉-တန်း | 〃 | ၅၅၀၀၀ | ၄၅၀၀၀ |
| ၁၀-တန်း | 〃 | ၆၀၀၀၀ | ၄၅၀၀၀ |

- [illegible]

ဇွန် ၄ ရက် ဖွင့်မည်

[illegible] 118 A/B ကျွန်းချေမြိုင်လမ်း VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ဖုန်း 01-577 605 ကျောင်း - A-2, A-3 (ထက်လမ်း)၊ [illegible] သုဝဏ္ဏ၊ ဖုန်း 09 73036827, 09 47074649



MCC.i

# MCC Training Institute



**JUNE INTAKE**

**B.Sc (Hons) Business IT, University of Greenwich, UK**

- **Full - Time (Mon-Fri)**
- **Part - Time (Sat-Sun)** *(Part - Time)*

**Enroll Now!**

www.facebook.com/mcc.institute

Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-402671562, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7E-2595 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ဖခင်အမည်မှန်**

[illegible]

**အမည်ပြောင်း**

[illegible]

## ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့၊ (၃)ရပ်ကွက်၊ ဗိုလ်ကုန်းအရှေ့ရပ်၊ အကွက်အမှတ်-၄၆၊ ဦးပိုင်အမှတ် ၈/၈၊ မြေကွက်အမှတ် ၁၃၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဒေါ်ထရီဇာ အမည်ပေါက် မြေကွက်အား ဒေါ်ထရီဇာက ၁၈-၂-၁၉၉၂ ခုနှစ်တွင် နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်သန်းသန်းဝင်းအား ရောင်းချခဲ့ပြီး ဒေါ်သန်းသန်းဝင်းက ၂၀-၁၂-၁၉၉၃ ခုနှစ်တွင် ဒေါ်ခင်ရွှေဦးသို့လည်းကောင်း၊ ဒေါ်ခင်ရွှေဦး၏သဘောတူညီမှုဖြင့် ခင်ပွန်းဖြစ်သူ ဦးညွန့်လှိုင်က ၉-၁-၂၀၁၀ပြည့်နှစ်တွင် ဒေါ်အေးသိန်းသို့လည်းကောင်း နောက်ဆုံးဝယ်ယူခဲ့သူအနေဖြင့် ဒေါ်အေးသိန်းထံမှ ဒေါ်နော်ဆာသူးလေအားလည်းကောင်း အဆက်ဆက် အရောင်းအဝယ်ပြုလုပ်လာခဲ့ကြပါသည်။

ယခုအခါ ဒေါ်ထရီဇာအမည်ပေါက်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ နောက်ဆုံးဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသော ဒေါ်နော်ဆာသူးလေ၏ လက်ဝယ်တွင် ရှိနေပါသည်။ ဒေါ်နော်ဆာသူးလေက အဆိုပါမြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဂရန်အမည်ပြောင်းလျှောက်ထားရန် ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ၁၀ ရက်အတွင်း ကန့်ကွက်ပြောဆိုတင်ပြနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပြီး ဂရန်အမည်ပြောင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လှဲ့လှဲ့ဝင်း(LL.B)** | **ဒေါ်ခင်နှင်းဖြူ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၄၁)** | **အထက်တန်းရှေ့နေ** |
| **အမှတ် ၁၀/၁၇၉၊ (၁၀)ရပ်ကွက်၊** | **(စဉ်-၃၄၉၂၂)** |
| **ဥမင်လမ်း၊ ကလောမြို့။** | **၃/၁၆၁၊ ကလောမြို့။** |
| | **ဖုန်း-၀၉-၄၂၈၃၄၉၄၃၂** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်သန်းတင်ဝင်း ၁၂/သလန(နိုင်)၁၂၇၂၇၆သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဦးဝင်းထိန်-ဒေါ်တင်တင်လှိုင်**
**အောင်ချမ်းသာ (၁)၊ သန်လျင်မြို့**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

သံဖြူဇရပ်မြို့နယ်၊ ပင်ကျေးရွာနေ ဦးကြယ်စိန်၏သား ဦးထွန်းဦး ၁၀/သဖရ(နိုင်)၀၈၂၃၈၀နှင့် ဦးသန်းထိုက်ဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းဦး(ခ)ဦးသန်းထိုက်ဦး**
**၁၀/သဖရ(နိုင်)၀၈၂၃၈၀**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးထွန်းရှိန်၏သမီး ဒေါ်မြလေး ၇/တငန(နိုင်)၀၉၈၆၃၉ နှင့် ဒေါ်မြလေးဖြူသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြလေး(ခ)ဒေါ်မြလေးဖြူ**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဆည်အောင်ကျေးရွာအုပ်စု ကျောက်ပုံကန်ရွာနေ မောင်ရဲထွန်း၏ဖခင်အမည်မှန်မှာ ဦးမောင်ဆန်း(ခ)ဦးအောင်ဆန်း ၉/မထလ(နိုင်)၁၆၀၈၅၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ဆန်း(ခ)ဦးအောင်ဆန်း ၉/မထလ(နိုင်)၁၆၀၈၅၆**

**အမည်ပြောင်း**

ဦးခွန်ဖုန်း-ဒေါ်မေရီတို့၏သမီး၊ မိုးကောင်းမြို့၊ အထက(၂)ပထမတန်းမှ မဆိုင်းနူးရာအား ယနေ့မှစ၍ မဂလိုရီယာဆိုင်းနူးရာဟု ပြောင်းလဲခေါ်ပါရန်။

**မဂလိုရီယာဆိုင်းနူးရာ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မင်းအောင်မျိုးထွန်း ၃/ကကရ(နိုင်)၂၂၁၅၉၁ ၏ Pass Post (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဝေဖြိုးဝင်း ၁၂/ဥကမ(နိုင်)၂၁၄၉၅၆၏ PASS PORT, SID, WK, SSA, SSD, EDH, 4TK, PSC and RB, TF လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၂၆၂၈၀၇**



# ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့်(တောင်ပိုင်း)ကို ဆက်သွယ်ထားသည့် ဝေဟင်တံတား

**မိုင်းဆတ် မေ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျဉ်းခရိုင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတို့ကို ဆက်သွယ်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိုင်းဆတ်ခရိုင်၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ကားလမ်းပေါ်၌ အလျား ၁၀၈ ပေရှိ ဝေဟင်တံတားမှာ ယခုအခါ ပြီးစီးသွားပြီဖြစ်၍ အများပြည်သူတို့ အသုံးပြုနေကြပြီဖြစ်သည်။

အဆိုပါ ဝေဟင်တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေး အထူးအဖွဲ့က ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မူလရရှိရန်ပုံငွေကျပ်သန်း ၂၀၀ နှင့် ဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၅၀ စုစုပေါင်းငွေကျပ်သန်း ၂၅၀ ထပ်မံလိုအပ်ငွေကျပ် ၄၅ သန်းအကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝေဟင်တံတား၏ စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ တံတားအရှည် ၁၀၈ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ လူကူးလမ်းအကျယ်တစ်ဖက် သုံးပေပါရှိသည့် သံကူကွန်ကရစ်တံတား၊ တံတားအပေါ်ထည်မှာ သံမဏိသံပေါင်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းနှင့်ဓာတ်ပုံ- ခရမ်းစိုးမြင့်**

# နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ဆောင်ရွက်ပေး

**လွယ်ဂျယ် မေ ၂၁**

လွယ်ဂျယ်မြို့ အထက်တန်းကျောင်းခန်းမ၌ မေ ၁၅ ရက်နှင့် ၁၆ ရက်က မိုးပွင့်အထူးစီမံချက်ဖြင့် ကျေးရွာငါးအုပ်စုမှ တိုက်ပွဲရှောင်ကချင်တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ထုတ်ပေးခဲ့သည်။

မိုးမောက်မြို့နယ်အတွင်းမှ စိန်လုံ၊ ပန်မူ၊ ဖကောန်၊ ဖရန်ခူးတုံ၊ မိုင်ဂျာယန်၊ အင်ခေါင်းပါ၊ ဖရူဝါထန်ကျေးရွာများ၏ ခေတ္တရွာရှောင်မိသားစုများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၅၀၂ ခုကို ပြုလုပ်ပေးခဲ့သည်။

ယခုကဲ့သို့ ကချင်တိုင်းရင်းသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အဆင်ပြေချောမွေ့စေရေး မိုးပွင့်အထူးစီမံချက်ဖြင့် အင်တိုက်အားတိုက် ကွင်းဆင်းဆောင်ရွက်ရာတွင် ဗန်းမော်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးကိုကို၊ ဦးစီးအရာရှိ ဒေါ်ခေါန်ရှောင်နှင့် အဖွဲ့ဝင်များ၊ မိုးမောက်မြို့နယ် လဝကဦးစီးမှူး ဦးလှတင်နှင့်အဖွဲ့ဝင်များ၊ လွယ်ဂျယ်မြို့နယ် လဝကဦးစီးမှူး ဦးကျော်မိုး၊ မကဖ(၄) ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နယ်မြေခံစခန်းမှူးနှင့် ဌာနဆိုင်ရာဦးစီးမှူးများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပြီး တိုက်ပွဲရှောင်ပြည်သူများအား ခေါက်ဆွဲထုပ်နှင့် ရေသန့်ဘူးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# အခြေခံ စာတတ်မြောက်ရေး လှုပ်ရှားမှု ဂုဏ်ပြုပွဲကျင်းပ

**ခန္တီး မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၈ ရက်က ခန္တီးမြို့အထကကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပရာ ခန္တီးခရိုင် စာတတ်မြောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတိုးလွင်က အမှာစကားပြောကြားသည်။

ထို့နောက် စာသင်သားများကိုယ်စား ဒေါ်သာကောင်းက "ကျွန်မတို့ ခန္တီးမြို့နယ်မှ စာမတတ်သေးသော ရပ်ကွက်သူ ရပ်ကွက်သား၊ ရွာသူရွာသားတွေကို လာရောက်သင်ကြားပေးကြတဲ့ ကလေးတက္ကသိုလ်မှ ဆရာ ဆရာမများနဲ့ ကျောင်းသား ကျောင်းသူများကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဗန်းမော်မြို့၌ နွေစပါးစံကွက်ရိတ်သိမ်း

**ဗန်းမော် မေ ၂၁**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးမျိုးမင်းဦးနှင့် တာဝန်ရှိသူများ၊ စံဟဲ-မံဖာ၊ မံခွန်ကျေးရွာများမှ တောင်သူများသည် မေ ၁၈ ရက် နံနက် ၉ နာရီခွဲက စီဟဲကျေးရွာကွင်းအမှတ် (၁၈၅)၊ စံဟဲရွာမကွင်း ဦးပိုင်(၁)၊ ဧရိယာနှစ်ဧကရှိ တောင်သူ ဦးသူရအောင်၏ နွေစပါးစိုက်ခင်းတွင် ကောင်း၊ သင့်၊ ညှိ သုံးမျိုးခွဲ၍ စံကွက်ရိတ်သိမ်းကြရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း တင်း ၁၃၀ (အခြောက်)ထွက်ရှိကြောင်း သိရသည်။ **ဝါဝါ(ဗန်းမော်)**

# ဆရာအတတ်သင်တန်းသားများ လုပ်အားဒါနပြု

**သီပေါ မေ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အခြေပြုမူလတန်းဆရာအတတ်ပညာသင်တန်းမှ သင်တန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်ဦးဆောင်သော သင်တန်းသား သင်တန်းသူ ၂၅၉ ဦးတို့သည် မေ ၁၇ ရက်မှစပြီး ၂၅၀၀ ဘုန်းတော်ကြီးကျောင်းဝန်းကျင်နှင့် ရပ်တော်မူဘုရားကြီး ရင်ပြင်တော်တွင် စုပေါင်းသန့်ရှင်းရေး ကောင်းမှုကုသိုလ်ဒါနပြုကြသည်။

ထို့နောက် ၂၅၀၀ ကျောင်းတိုက်သစ်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကောသလ အရှင်သူမြတ်ထံမှင်းပါးသီလနှင့် အနုမောဒနာတရားတော် နာယူကြပြီး လှူဖွယ်ပစ္စည်းနှင့်ဝတ္ထုငွေများ လှူဒါန်းခဲ့ကြသည်။ **စိုင်း(သီပေါ)**

# ပေါင်းတည်-မဲခေါင်းလမ်းအပိုင်းလိုက်ပြုပြင်

**ပေါင်းတည် မေ ၂၁**


ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ပေါင်းတည်-မဲခေါင်းကျေးရွာ လမ်းပြုပြင်ခြင်းလုပ်ငန်းကို မေ ၅ ရက်မှစတင်၍ လမ်းပြုပြင်ထိန်းသိမ်းရေးကော်မတီနှင့် ဝက်မြေလူး မဲခေါင်းကျောင်းဆရာတော်နှင့် လုပ်အားဒါနပြုသူများက လမ်းအပိုင်းလိုက်မြေဖို့ခြင်း၊ မြေညှိခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများကို စေတနာရှင်များ၏ ထည့်ဝင်ငွေကျပ်သိန်း ၄၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည်။ အလှူငွေကောက်ခံသူ ဦးကျော်လှိုင်က ယခုလိုလမ်းပြုပြင်ခြင်းကြောင့် ယခင်က ခုနစ်မိုင်ရှိသည့် မဲခေါင်းရွာသို့ ထော်လာဂျီဖြင့် တစ်နာရီကျော်သွားရောက်ရပြီး ယခုဆိုလျှင် မိနစ် ၄၀ ခန့်သာသွားရသည့်အတွက် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပို၍အဆင်ပြေကြောင်း ပြောကြားပြီး လမ်းတစ်လျှောက်ကျေးရွာများမှ ပြည်သူများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**




**အမည်ပြောင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်မှ ဦးစိုင်းလောဝ်ဟန်မိန်း ၁၃/ညရန(နိုင်)၀၂၈၅၁၆၏သမီး မဆုလာဘ်ပြည့်အား မဆုလာဘ်ရတနာပြည့် ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုလာဘ်ရတနာပြည့်**


## မြေရှင်/အိမ်ရှင်၊ ကန်ထရိုက်တာနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ ၄ လမ်း၊ အမှတ်(၃/က)၊ မြေဧရိယာ (အလျားပေ ၄၀× အနံ ၂၅ပေ)ရှိ မြေရှင် ဦးထွန်းလွင် ၁၂/သဃက(နိုင်)၀၄၅၀၈၀ ပိုင်ဆိုင်သော မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော (၂၃ ပေ× ပေ ၄၀)အကျယ်ရှိ RC နှစ်ခန်းတွဲ (၃ ၁/၂)ထပ်တိုက်သစ်နှင့်ပတ်သက်၍ တိုက်ခန်းဝယ်ယူသူများ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါတိုက်သစ်၏ မြေရှင်နှင့်ကန်ထရိုက်တာ နှစ်ဦးသဘောတူကတိစာချုပ်အရ ကန်ထရိုက်တာပိုင်ဆိုင်သော တိုက်၏ခြေရင်းဘက်ခြမ်းရှိ တိုက်ခန်း(၅)ခန်းအနက် မှန်ခန်း(ခြေရင်း) နှစ်လွှာတိုက်ခန်းကို ဒေါ်သက်သက်ဝေ ၁၂/တမန(နိုင်)၀၄၁၃၄၁က ၁၂-၈-၂၀၁၄ ရက်စွဲပါ စာချုပ်ဖြင့်လည်းကောင်း၊ တိုက်၏ သုံးလွှာ(ခြေရင်း)တိုက်ခန်းကို ဒေါ်အုန္နလီဟန် ၁၂/မဂတ(ပြု)၀၀၀၅၇၇က ၁၂-၇-၂၀၁၄ ရက်စွဲပါ စာချုပ်ဖြင့်လည်းကောင်း၊ လေးလွှာ(ခြေရင်း)တိုက်ခန်းကို ဒေါ်နေခြည်သန်း ၁၂/ဥကမ(နိုင်)၁၇၈၆၄၇က ၂၇-၃-၂၀၁၄ရက်စွဲပါ စာချုပ်ဖြင့်လည်းကောင်း ကန်ထရိုက်တာ ဦးအောင်ဝင်းထံမှ နှစ်ဦးသဘောတူ တိုက်ခန်းတန်ဖိုးများကို ပေးချေပြီး အသီးသီးဝယ်ယူခဲ့ကြပါသည်။

ထိုသို့တိုက်ခန်းဝယ်ယူရာ၌ စရန်ငွေပေးချေစဉ်ကပင် မြေရှင်/အိမ်ရှင်အနေဖြင့်လည်း သိရှိပြီးဖြစ်ပါသည်။

အထက်အဆိုပါ တိုက်ခန်းဝယ်ယူသူများသို့ လူနေထိုင်ခွင့်နှင့်တကွ တိုက်ခန်းအင်္ဂါရပ်နှင့် ပြီးပြည့်စုံသော တိုက်ခန်းကို ၂၀၁၅ခုနှစ် ၅ လပိုင်းတွင် အထက်ပါဝယ်ယူသူ အသီးသီးလက်သို့ အပ်နှံရမည်ဖြစ်သော်လည်း ဤသတင်းစာကြော်ငြာပါသည့်တိုင်အောင် အပ်နှံနိုင်ခြင်းမရှိပါ။

ကန်ထရိုက်တာ ဦးအောင်ဝင်း၏ တာဝန်ပျက်ကွက်မှုကြောင့် တိုက်ခန်းဝယ်ယူသူများသာမက မြေရှင်/အိမ်ရှင်အနေဖြင့်လည်း ဝယ်ယူသူများနည်းတူ နစ်နာလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေများထံသို့ဖြစ်စေ စာချုပ်ပါအတိုင်း တိုက်ခန်းကျန်ငွေများကို လက်ခံ၍ တိုက်ခန်းများကို ဝယ်ယူသူအသီးသီးလက်သို့ အပ်နှံပါရန် တောင်းဆိုကြေညာအပ်ပါသည်။

အကယ်၍ သတ်မှတ်ရက်ကျော်လွန်၍ ဦးအောင်ဝင်းသည် တိုက်ခန်းများအပ်နှံနိုင်ခြင်း မရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**အထက်အဆိုပါ တိုက်ခန်းဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဒင် LL.B** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်သန္တာခိုင် LL.B** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အောင်ကျော်မ LL.B** — **အထက်တန်းရှေ့နေ**

**ခိုင်ခန့်ကျော် ဥပဒေအကြံပေးနှင့် ဥပဒေဝန်ဆောင်မှုအဖွဲ့**
**အမှတ်(၅၄၂)၊ အခန်း(C-1)၊ "မေ"ရှော့ပင်းစင်တာ၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၀၂၇၄၊ ၀၉-၄၂၁၀၀၅၈၆၇၊ ၀၉-၃၃၃၅၄၉၃၇၊ ၀၁-၅၄၅၄၇၃**



## ကန်ထရိုက် ဦးအောင်ဝင်း (BTHG-၀၁၀၉၄၁)ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ကြိုးစက်လမ်းသွယ်၊ အမှတ်(၆၃၄/ခ)၊ မြေဧရိယာ(အလျား ၂၇ပေ× အနံ ၄၈ပေ)ရှိ မြေရှင် ဦးတင်အေး ၁၂/သဃက(နိုင်)၀၇၂၄၂၄ နှင့် ဦးဝင်းခင် ၁၂/သဃက(နိုင်)၁၂၁၉၇၂တို့ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးအောင်ဝင်း (BTHG-၀၁၀၉၄၁)တာဝန်ယူဆောက်လုပ်ထားသော နှစ်ခန်းတွဲ RC(၃ ၁/၂)ထပ်တိုက်သစ်၏ ကန်ထရိုက်တာပိုင်ဆိုင်သော တိုက်ခန်းများအနက် အောက်ပါဝယ်ယူထားသူများ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်-

၁။ တိုက်ခန်း၏ ခေါင်းရင်းဘက်အခြမ်း မြေညီထပ်၏အပေါ်ထပ်(မှန်ခန်း) ၁-အလွှာတိုက်ခန်းကို ဒေါ်သင်းသင်းခိုင် ၁၂/ဗဟန(နိုင်)၀၄၀၂၃၁ ကိုင်ဆောင်သူက ဝယ်ယူထားပြီးဖြစ်ပါသည်။

၂။ တိုက်ခန်း၏ခြေရင်းဘက်အခြမ်း (၄-လွှာ)တိုက်ခန်းကို ဦးဥက္ကာကျော် ၁၂/တမန(နိုင်) ၁၀၁၀၁၀က ဝယ်ယူထားပြီးဖြစ်ပါသည်။

၃။ ထို့အတူ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ ၄လမ်း၊ အမှတ်(၃/က)ဟုခေါ်တွင်သော မြေရှင်ဦးထွန်းလွင် ၁၂/သဃက(နိုင်)၀၄၅၀၈၀ ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် အထက်အဆိုပါ ကန်ထရိုက်တာဦးအောင်ဝင်း ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(၃ ၁/၂)ထပ်တိုက်သစ်၏ ကန်ထရိုက်တာပိုင်ဆိုင်သော တိုက်ခန်းငါးခန်းအနက်မှ မြေညီ(ခြေရင်းခန်း)ကို ဒေါ်သင်းသင်းခိုင် ၁၂/ဗဟန(နိုင်)၀၄၀၂၃၁က ဝယ်ယူထားပြီးဖြစ်ပါသည်။

အထက်ပါဝယ်ယူထားသော တိုက်ခန်းအသီးသီးကို ၎င်းတို့မှအပ အခြားသူတစ်ပါးတို့အား ရောင်းချထားခြင်းမရှိကြောင်းကို ကန်ထရိုက်တာမှလည်း ၁၃-၅-၂၀၁၅ရက်စာချုပ်ဖြင့် ထပ်မံဝန်ခံကတိပြုထားပြီးဖြစ်ပါသည်။

၂၀၁၅ခုနှစ် မေလတွင် အထက်ဖော်ပြပါ ဝယ်ယူထားသူများထံသို့ တိုက်ခန်းအသီးသီးကို လက်ရောက်အပ်နှံရန် အချိန်ပြည့်ရောက်နေပြီဖြစ်၍ ဝယ်ယူသူများက တိုက်ခန်းရောင်းဖိုးကျန်ငွေများကိုပေးချေပြီး ကန်ထရိုက်တာမှ တိုက်ခန်းအပ်နှံရန်ဖြစ်သည့်အတွက် ကန်ထရိုက်တာဦးအောင်ဝင်းအား ဆက်သွယ်ပါသော်လည်း ဆက်သွယ်၍မရပါ။ ကန်ထရိုက်တာဦးအောင်ဝင်း၏ တာဝန်ပျက်ကွက်မှုကြောင့် တိုက်ခန်းဝယ်ယူသူများသာမက မြေရှင်အနေဖြင့်လည်း ဝယ်ယူသူများနည်းတူ နစ်နာလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိုက်ခန်းဝယ်ယူထားသူများထံမှ စာချုပ်ပါကျန်ငွေကို လက်ခံရယူ၍ တိုက်ခန်းလက်ရောက်အပ်နှံပါရန် အကြောင်းကြားပါသည်။

အကယ်၍ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် တိုက်ခန်း လက်ရောက်အပ်နှံခြင်းမရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**အထက်အဆိုပါ တိုက်ခန်းဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဒင် LL.B** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်သန္တာခိုင် LL.B** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အောင်ကျော်မ LL.B** — **အထက်တန်းရှေ့နေ**

**ခိုင်ခန့်ကျော် ဥပဒေအကြံပေးနှင့် ဥပဒေဝန်ဆောင်မှုအဖွဲ့**
**အမှတ်(၅၄၂)၊ အခန်း(C-1)၊ "မေ"ရှော့ပင်းစင်တာ၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၀၂၇၄၊ ၀၉-၄၂၁၀၀၅၈၆၇၊ ၀၉-၃၃၃၅၄၉၃၇၊ ၀၁-၅၄၅၄၇၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Asia-Pacific Broadcasting Union (ABU) တို့ ပူးပေါင်းစီစဉ်သည့် ABU Radio Song Festival 2015 ကို ၂၀၁၅ခုနှစ် မေ ၂၉ရက် ညနေ ၆း၀၀နာရီမှ ၉း၀၀နာရီအထိ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများမှ တေးသံရှင်များနှင့် မြန်မာနိုင်ငံမှ အနုပညာရှင်များ ပါဝင်သီဆိုကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပါသည်။ ယခုလို မြန်မာနိုင်ငံတွင် ထူးထူးခြားခြားကျင်းပသည့် အထိမ်းအမှတ်ပွဲအား မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးကြရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း-၀၉-၅၁၈၈၅၀၄ နှင့် ဖုန်း-၀၆၇-၇၉၃၇၄၊ Fax: 06779205 email.irmrtv @ gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ရန်ကုန်ပုံနှိပ်စက်ရုံများနှင့် နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများနှင့် ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၉-၅-၂၀၁၅ ရက်မှ ၂၅-၅-၂၀၁၅ ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၂၅-၅-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

### အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရုံးအမှတ်(၁)တွင်ဆေးသုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၅-၂၀၁၅ ရက် မှ ၂၉-၅-၂၀၁၅ ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၁)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၄-၆-၂၀၁၅ ရက်၊ ၁၅း၀၀ နာရီအတွင်း တင်ဒါအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၀၁၂ နှင့် ၀၆၇-၄၀၇၁၅၁ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ် (၁)၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သုတေသနဓာတ်ခွဲခန်းသုံးစက်နှင့် စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာပစ္စည်းများ နှင့် E Government အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အမှတ် (၅) ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၉-၅၁၃၆၇၁၀ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် စက်ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

**စတင်ရောင်းချမည့်ရက်** - ၂၆-၅-၂၀၁၅ ရက် နံနက် ၀၉း၃၀ နာရီ

၄။ **အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၂၉-၆-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## သတ္တုတွင်းဝန်ကြီးဌာန
## အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ ရုံးခွဲများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

ဆေးနှင့်ဆေးဝါးပစ္စည်း၊ ရုံးအသုံးအဆောင်၊ ဩဇီရိပ်သာ၊ သန့်ရှင်းရေးသုံးပစ္စည်းများ၊ အထွေထွေလုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုထည့်အိတ်ခွံ၊ ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ

၂။ **တင်ဒါပုံစံထုတ်ပေးရက်** - ၂၂-၅-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်ရက်** - ၂၂-၆-၂၀၁၅ ရက်၊ ၁၅း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာနှင့် နယ်စီမံကိန်း၊ ရုံးခွဲများတွင် စုံစမ်းရယူနိုင်ပါသည်-

(က) အမှတ် (၂) သတ္တုတွင်းလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ် (၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁
(ခ) နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး (ပျဉ်းမနား)၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၆၇- ၂၂၁၂၆
(ဂ) ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၅၆-၂၁၀၂၉
(ဃ) မော်ချီးသတ္တုတွင်းစီမံကိန်းရုံး၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၀၇၆
(င) အထွေထွေမန်နေဂျာရုံး (ကယား၊ ရှမ်း၊ မန်း)၊ မန္တလေးမြို့၊ ဖုန်း-၀၂-၅၉၈၇၅
(စ) တနင်္သာရီတိုင်းဒေသကြီး၊ တိုင်းအထွေထွေမန်နေဂျာရုံး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၁၀၀
(ဆ) တနင်္သာရီတိုင်းဒေသကြီး၊ ဒု-တိုင်းအထွေထွေမန်နေဂျာရုံး၊ မြိတ်မြို့၊ ဖုန်း-၀၅၉-၄၂၂၉၄

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ် (၂)၊ သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်**

### အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
### ဝန်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | LCD Projector<br>(Lumen 3200 with free screen 70") | ၆ စုံ |
| (ခ) | Water Cooler | ၄ လုံး |
| (ဂ) | ပလတ်စတစ်ကုလားထိုင်(လက်တင်ပါ) | ၂၀၀ ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၅-၂၀၁၅ ရက်မှ ၂၉-၅-၂၀၁၅ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၁) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၆-၂၀၁၅ ရက် ၁၄း၀၀ နာရီအတွင်း တင်ဒါအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၀၁၂ နှင့် ၀၆၇-၄၀၇၁၅၁ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး**
**ရုံးအမှတ် (၁)၊ နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံတို့ ပူးပေါင်းဖွင့်လှစ်မည့် စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်း၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၌ အောက်ဖော်ပြပါ Hotel and Tourism ဆိုင်ရာသင်တန်းများ၌ သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။ အဆိုပါသင်တန်းကျောင်းတွင် လစ်လပ်လျက်ရှိသော သင်တန်းနယ်ပယ်တစ်ခုအတွက် နည်းပြများခန့်အပ်သွားမည်ဖြစ်ပါသည်။

(က) Front Office Operations
(ခ) Housekeeping Operations
(ဂ) Retail Operations

၂။ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန(တောင်ပိုင်းရုံးခွဲ)၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့တွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများပူးတွဲ၍ ၂၉-၅-၂၀၁၅ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အဆိုပါသင်တန်းများအတွက် သက်ဆိုင်ရာနယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ (သုံး)နှစ်ရှိရမည်။
(ဂ) အင်္ဂလိပ်ဘာသာ၊ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) လုပ်ငန်းခွင်သင်တန်း တက်ရောက်ဖူးသူများ ဦးစားပေးမည်။
(င) Microsoft Word, Excel, Powerpoint များအား တတ်ကျွမ်းရမည်။
(စ) ဥပဓိရုပ်ကောင်းမွန်ပြီး သေသပ်ကျနစွာဝတ်စားဆင်ယင်တတ်သူဖြစ်၍ ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။
(ဆ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

၃။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း အောင်မြင်ပြီးပါက သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောသင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများတင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၄၇၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံတို့ ပူးပေါင်းဖွင့်လှစ်မည့် စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်း၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၌ အောက်ဖော်ပြပါ Hotel and Tourism ဆိုင်ရာသင်တန်း၌ သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။ အဆိုပါသင်တန်းကျောင်းတွင် လစ်လပ်လျက်ရှိသော သင်တန်းနယ်ပယ်တစ်ခုအတွက် နည်းပြများခန့်အပ်သွားမည်ဖြစ်ပါသည်။

(က) Food & Beverage Operations

၂။ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန(တောင်ပိုင်းရုံးခွဲ) အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့တွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများပူးတွဲ၍ ၂၉-၅-၂၀၁၅ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Hotel/Restaurant/Resort/Leisure Management ဆိုင်ရာနယ်ပယ်များတွင် အသိအမှတ်ပြုဘွဲ့ရရှိသူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး Hotel/ Restaurant/Resort/Leisure Management ဆိုင်ရာနယ်ပယ်များတွင် ဒီပလိုမာ ရရှိသူ
(ဂ) Food & Beverage Operations နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ(၃)နှစ် ရှိရမည်။
(ဃ) အင်္ဂလိပ်ဘာသာရေး၊ ဖတ်၊ ပြော ကျွမ်းကျင်သူဖြစ်ရမည်။
(င) သင်တန်းပို့ချဖူးသည့် အတွေ့အကြုံရှိသူ ဦးစားပေးမည်။
(စ) Microsoft Word,Excel,Powerpoint များအား တတ်ကျွမ်းရမည်။
(ဆ) ဥပဓိရုပ်ကောင်းမွန်ပြီး သေသပ်ကျနစွာဝတ်စားဆင်ယင်တတ်သူဖြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
(ဇ) (၆)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

၃။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။လူတွေ့စစ်ဆေးခြင်းအောင်မြင်ပြီးပါက သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောသင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများတင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၄၇၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်အသုံးပြုရန် ရုံးသုံးပရိဘောဂ(၁၅)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၉-၅-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး၊ ငွေစာရင်းဌာနသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင်တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၅ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄း၀၀ နာရီတိတိ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ် (၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇၊ ၅၄၉၁၇၀**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက် - ၂၂-၅-၂၀၁၅ရက်(သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၂-၆-၂၀၁၅ ရက် (တနင်္လာနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကော်မတီ**
**နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး**
**ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈၊ ၀၁-၅၄၄၀၀၀**

### တင်ဒါကြော်ငြာပုံစံ
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီးဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
## ရန်ကုန်တိုင်းဒေသကြီး
## ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော စိတ်ဝေဒနာရှင်များအတွက် အသုံးပြုရန်လိုအပ်သည့် ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၂၆-၅-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်ရက်** - ၁၂-၆-၂၀၁၅ ရက်၊ ညနေ ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သော Relay, Transformer Accessories and Security Light များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းများအား Turnkey စနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းနှင့်ပြည်လမ်းထောင့် တွင် 66/11-6.6 kV(2× 20) MVA Indoor GIS (Gas Insulated Switchgear) ဓာတ်အားခွဲရုံနှင့် 66 kV မြေအောက်ဓာတ်အားလိုင်းတည်ဆောက်ခြင်း။

(ခ) ခရမ်းမြို့နယ် သပြုကန်၊ ကြာထုံး၊ ပလူကန်ကျေးရွာများသို့ (၁၁)ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း (၅.၇)မိုင်ခန့် တည်ဆောက်ခြင်း။

(ဂ) ခရမ်းမြို့နယ် ပုဂံတောင်ကျေးရွာ၊ ပန်းတောချောင်ကျေးရွာများသို့ (၁၁) ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း (၃.၅)မိုင်ခန့် တည်ဆောက်ခြင်း။

(ဃ) ခရမ်းမြို့နယ် မက္ကသံ၊ ကန်ညီနောင်၊ ကျားဝင်းကျေးရွာများသို့ (၁၁) ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း (၅.၅)မိုင်ခန့် တည်ဆောက်ခြင်း။

(၁) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၅ ရက်
(၂) **တင်ဒါပိတ်မည့်ရက်အပိုဒ်(က)ပါလုပ်ငန်း** - ၁၀-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်အပိုဒ်(ခ၊ဂ၊ဃ)ပါလုပ်ငန်း** - ၁၉-၆-၂၀၁၅ ရက်
(၃) **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

---

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
# "တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်"

ပြည်နယ်/တိုင်းဒေသ အသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ ၂၀၁၅ခုနှစ် ဧပြီလ သုံးစွဲကာလအတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထား ပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | တယ်လီဖုန်းအမျိုးအစား | နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက် |
|---|---|---|---|
| ၁။ | နေပြည်တော်၊ရန်ကုန်၊မန္တလေး၊ စစ်ကိုင်း၊မကွေး၊ကချင်၊ကရင်၊ ကယား၊ ဧရာဝတီ၊ မွန်၊ ပဲခူး(အရှေ့/အနောက်) | Auto နှင့် Mobile ဖုန်းများ E-mail, ADSL MPT Satellite | ၂၉-၅-၂၀၁၅ရက် |
| ၂။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှမ်းပြည်နယ် (တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ | Auto နှင့် Mobile ဖုန်းများ E-mail, ADSL MPT Satellite | ၂၉-၅-၂၀၁၅ ရက် |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

---

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၁

**ကွယ်လွန်သူ ဦးအောင်ထွန်း (ဆရာကြီးမင်းသိခ်)၏ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

ဒေါ်သန်းနုအောင် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မင်္ဂလာခြံ၊ မရမ်းတလင်းတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအောင်ထွန်း(ဆရာကြီးမင်းသိခ်)၏ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းနုအောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ် ဇွန် ၁၅ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအောင်ထွန်း(ဆရာကြီးမင်းသိခ်)၏ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဆိုင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၅ ခုနှစ် ဇွန် ၁၅ရက်(၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်)နံနက် ၁၀း၀၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှုခင်းမှတ်တမ်းကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်သန်းနုအောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ခုနှစ် မေ ၁၃ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

## ရှမ်းပြည်နယ်လွှတ်တော်ရုံး
## တောင်ကြီးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်လွှတ်တော်ရုံးတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ် (၂)စီးအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) TOYOTA/ NISSAN Mini Bus (6-15 seats) ၁စီး
(ခ) TOYOTA/ NISSAN Mini Bus (25-30 seats) ၁စီး
၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် ၂-၆-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်ရုံး**
**စီမံရေးရာဌာန၊ ဖုန်း-၀၈၁-၂၁၂၁၁၁**

---

# ဗိုလ်သင်တန်းအမှတ်စဉ်(၆၅)
# မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)၊စည်သူတပ်ခွဲ၏ (၃၂)ကြိမ်မြောက် မိတ်ဆုံစားပွဲအား ၂၇-၅-၂၀၁၅ရက် ဗုဒ္ဓဟူးနေ့ ၁၈း၀၀နာရီတွင် (၇)မိုင်ခွဲ၊ ကုန်းမြင့်သာယာစားသောက်ဆိုင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်-** သောင်းအေး ဖုန်း-၀၉-၈၆၃၁၉၄၈၊ အေးဝင်း ဖုန်း-၀၉-၅၁၄၂၈၅၈၊ ထွန်းကြည် ဖုန်း-၀၉-၅၁၉၆၃၄၉၊ ဇော်ဝင်း ဖုန်း-၀၉-၅၄၀၉၉၄၉

---

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC)နှင့်
## MPDC Education
## တို့ပူးပေါင်း၍ဖွင့်လှစ်သော
# Certificate in Marketing Management(CMM)
# အမှတ်စဉ်(၇)သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (NMC) နှင့် Myanmar Professional Development Center-MPDC Education တို့ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၇)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။

၃။ ပညာအရည်အချင်းအထောက်အထား(မူရင်း)နှင့် မိတ္တူ(၂)စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)မိတ္တူ (၂)စုံ၊ လိုင်စင်ဓာတ်ပုံ(၅)ပုံ တင်ပြရမည်။

**အသေးစိတ်သိရှိလိုပါက-** အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊

**ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၄၂၀၁၂၅၉၀၀၊ ၀၉-၄၂၁၁၀၄၇၇၁**

---

### အမည်ပြောင်း

နတ်မောက်မြို့နယ်၊ လဲဘူးကျေးရွာအုပ်စု၊ သပွတ်ပင်ကျေးရွာ၊ ငွေစံပယ်ရပ်ကွက်၊ အိမ်နံပါတ်(၈၃)နေ ဦးလှသောင်း၏သမီး မခင်ဝိုင်း(ခ)ကျောင်းအမည် မတင်မာချင်း ၈/နမန(နိုင်)၀၉၀၇၉၅ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

### အမည်မှန်

ဆောမြို့၊ အထက နဝမတန်း(D)တွင် ပညာသင်ကြားနေသော ဦးဝင်းမြင့်၏သမီး မနှင်းယုမွန်၏အမည်မှန်မှာ မဖြိုးယုမွန် ၈/ဆမန(နိုင်)၀၆၄၂၃၈ ဖြစ်ပါကြောင်း။

**မဖြိုးယုမွန် ၈/ဆမန(နိုင်)၀၆၄၂၃၈**

### အမည်ပြောင်း

ဦးမျိုးသန့်ကျော်၏သမီး ဝဏ္ဏသိဒ္ဓိမြို့နယ်၊ အထက(၁၁)၊ စတုတ္ထတန်း(A)တွင် ပညာသင်ကြားခဲ့သော မအေးအိအိသန့်အား မဝင့်သီရိအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မဝင့်သီရိအောင်**

### အမည်ပြောင်း

တာချီလိတ်မြို့၊ မိုင်းကိုးကျေးရွာအုပ်စု၊ ပန်တောင်ချေကျေးရွာနေ ဦးကျခက် ၁၃/တခလ(နိုင်)၀၀၈၁၀၃၏သမီး မနာထော့ ၁၃/တခလ(နိုင်)၀၇၉၈၇၆အား မမာရီဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၆-၆-၁၉၉၂ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးစိုင်းအောင်ထူး ၁၃/မရတ(နိုင်)၀၀၀၁၅၃၏သား တာချီလိတ်မြို့၊ မကာဟိုခမ်း၊ အထက၊ စတုတ္ထတန်း(E)မှ မောင်မျိုးမြတ်အား မောင်စိုင်းမျိုးမြတ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စိုင်းမျိုးမြတ်**

---

# ဆရာ၊ ဆရာမများ အလိုရှိသည်
# (အချိန်ပိုင်း)

**ဘာသာရပ်ကျွမ်းကျင်မှု** **ဦးရေ (၁)ဦးစီ**

၁။ ရှေးဦးသူနာပြုဘာသာရပ်/အခြေခံသူနာပြုဘာသာရပ်
၂။ လူနာပြုစုစောင့်ရှောက်ရေးဘာသာရပ်
၃။ ခန္ဓာဗေဒဘာသာရပ်
၄။ ဇီဝကမ္မဗေဒဘာသာရပ်
၅။ ဆေးဝါးကျွမ်းကျင်ဘာသာရပ်
၆။ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာလုပရေး ဘာသာရပ်
၇။ လူမှုဆက်ဆံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဘာသာရပ်
၈။ အခြေခံအင်္ဂလိပ်စကားပြောဘာသာရပ်
၉။ အခြေခံကွန်ပျူတာဘာသာရပ်
၁၀။ အခြေခံစက်မှုနှင့် လျှပ်စစ်ဘာသာရပ်

**မှတ်ချက်** - ဉာဏ်ပူဇော်ခအား ထိုက်တန်စွာချီးမြှင့်ပါမည်။
- မိမိသင်ကြားမည့် ဘာသာရပ်သင်ရိုးမိတ္တူနှင့်တကွ တင်ပြရန်။
- သက်ဆိုင်ရာအထောက်အထား မိတ္တူများ ပူးတွဲတင်ပြ လျှောက်ထားနိုင်ပါသည်။

ကြော်ငြာသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း နောက်ဆုံးထား၍ အထက်ပါအချက်အလက်များနှင့်အတူ အမှတ် ၁၃၀၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၄၀၇၄၂၊ ၅၄၀၇၄၇၊ ၅၅၈၉၇၃ တို့သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

---

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
## ပြင်ဆင်မှုလျှောက်ထားခံရသူထံ ကြားသိစေသည့်
# အကြောင်းကြားစာ
### တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၂၃

ဒေါ်နန်းထွေးညို နှင့် ၁။ ဦးသိန်းနု
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါ်သူဇာစိုး
ဦးစိုင်းညီလင်းအောင်)
**ပြင်ဆင်မှုလျှောက်ထားသူ** **ပြင်ဆင်မှုလျှောက်ထားခံရသူများ**

**"တာမွေမြို့နယ်တရားရုံးတော်၏ ၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂ တွင် ၁၉-၂-၂၀၁၅ ရက်က ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို ပြင်ဆင်မှုလျှောက်ထားမှု"**

အမှတ်(၂၂)၊ (သုံးလွှာ/ဘီ)၊ အရိယမဂ္ဂင်လမ်း၊ ကျောက်ကုန်းရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေကြီးနေ လျှောက်ထားခံရသူ (၂) ဒေါ်သူဇာစိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် တာမွေမြို့နယ်တရားရုံးတော်က ချပေးသည့်စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်မှုလျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်း၊ ထိုလျှောက်ထားမှုကို ၂၀၁၅ခုနှစ် မေ ၂၉ရက် (၁၃၇၇ခုနှစ် နယုန်လဆန်း ၁၂ရက်) နံနက် ၁၀း၀၀နာရီတွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်ပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤလျှောက်ထားမှုတွင် သင့်အတွက်ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းလျှောက်ထားမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က ပြင်ဆင်လျှောက်ထားခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤပြင်ဆင်ရုံး၌ အကြောင်းကြားအစီရင်ခံစာသွင်းရမည်။

၂၀၁၅ခုနှစ် မေ ၁၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်(၃၉)နေ ဦးသန်းဦးနှင့်ဒေါ်ကေသီမြင့်တို့၏သား မောင်ထူးလင်းဇော် MME-၆၅၉၁၃၃ သည် မိဘများဆိုဆုံးမမှုအား မနာခံဘဲ အမျိုးမျိုးဒုက္ခပေးနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးသန်းဦး-ဒေါ်ကေသီမြင့်**

---

## ဇနီးအဖြစ်မှမသက်ဆိုင်တော့ကြောင်းကြေညာခြင်း

ကျွန်တော် ဦးသိန်းဝင်းနိုင် (ဘ) ဦးဘွန်ကြည် ၆/မအရ(နိုင်)၀၉၆၃၃၁နှင့် ဒေါ်ကုမ္မေနန်းမြင့် (ဘ) ဦးလှအောင် ၁၂/ရကန(နိုင်)၀၆၃၅၁၀တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပြီး သားသမီး(၂)ဦးထွန်းကား၍ မြိတ်မြို့၌ အလုကုန်၊ စားကုန်၊ ဆိုင်ကယ်အပိုပစ္စည်းများရောင်းချစဉ် ဒေါ်ကုမ္မေနန်းမြင့် ပြုလုပ်ခဲ့သည့် အကြွေးများအားလုံး ပေးဆပ်ခဲ့ပြီးနောက် ဆိုင်ရှိပစ္စည်းများအားလုံးကို ရောင်းချ၍ ငွေများအားလုံးကိုရယူပြီး ၁၄-၅-၂၀၁၅ရက်တွင် ၎င်း၏ဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ပါ။

**ဦးသိန်းဝင်းနိုင် ၆/မအရ(နိုင်)၀၉၆၃၃၁**
**အမှတ်(၁၂)၊ အောက်ရေပုန်းလမ်း၊ အောက်ရေပုန်းရပ်၊ မြိတ်မြို့**

## (၂၉) နှစ်မြောက် ပုလဲရတုအကြို မင်္ဂလာဆုတောင်း

ပါးပါး ပါမောက္ခ ဦးတင်ဦး (အင်္ဂလိပ်စာဌာန၊ သမဝါယမတက္ကသိုလ်၊ သန်လျင်) နှင့် မေမေ ဒေါ်စောလှဝင်း (လ/ထ ကထိက၊ အင်္ဂလိပ်စာဌာန၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)တို့၏ ၂၂-၅-၂၀၁၅ ရက်တွင် ကျရောက်သော (၂၉)နှစ်မြောက် ပုလဲရတုအကြို မင်္ဂလာရက်မြတ်မှသည် ချစ်သားများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆောင်ရွက်ရင်းဘဝခရီးလမ်းကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ကြပါစေ။

**သားကြီး-ဟိန်းစိုးထွန်း (အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံရုံး)**

**သားငယ်- ညီပြည့်ဦး**

## (၂၈)နှစ်မြောက်မင်္ဂလာဆုတောင်း

ဖေဖေဦးဝင်းသော် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ)နှင့် မေမေ ဒေါ်သီတာဦးတို့၏ ၂၀၁၅ ခုနှစ် မေ ၂၂ ရက်တွင် ကျရောက်သော (၂၈)နှစ်မြောက် မင်္ဂလာရက်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သမီးများနှင့်အတူ အောင်မြင်ကျန်းမာပျော်ရွှင်စွာဖြင့် ဖြတ်သန်းနိုင်ပါစေ-

**သမီးကြီး** - **ဝင့်ဖူးသော်(ဖူးဖူး)**
- **M.E (Civil)**

**သမီးငယ်** - **ဖူးပွင့်သော်(ပိုးဉ)**
- Myanmar Imperial College (HND Diploma in Business)
- Second Year English (Yangon Distance University)

## ရေကြည်မြို့နယ်အသင်း(ရန်ကုန်)အသင်းတိုက်ရုံးသစ်ဖွင့်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ (၃၁)လမ်း၊ အမှတ်(၇၁/အေ)၊ သုံးလွှာတွင်ဖွင့်လှစ်ခဲ့သည့် ရေကြည်မြို့နယ်အသင်း(ရန်ကုန်)ရုံးခန်းအား ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် (၃၆) သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး အသင်းတည်နေရာတွင် **ဘုရားအနေကဇာတင်နှင့်အသင်းတိုက်ဆိုင်းဘုတ်ဖွင့်လှစ်ပွဲ** အခမ်းအနားသို့ အသင်းသူအသင်းသားများနှင့် ရေကြည်မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာမရသည်ဖြစ်စေ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - **၁၃၇၇ ခုနှစ် နယုန်လဆန်း ၇ ရက် ၂၄-၅-၂၀၁၅ ရက် (တနင်္ဂနွေနေ့)**

**ကျင်းပမည့်အချိန်** - **နံနက် ၈း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ**

**အမှုဆောင်အဖွဲ့**
**ရေကြည်မြို့နယ်အသင်း(ရန်ကုန်)**

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ ဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။စိတ်ပါဝင်စားသူမည်သူမဆို ဟောပြောပွဲတက်ရောက်လိုသူများသည် အသင်းရုံးခန်းတည်ရှိရာ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း ပထမထပ်)သို့ ၂၇-၅-၂၀၁၅ရက် နောက်ဆုံးထား၍ မှတ်ပုံတင်ကြေးပေးသွင်းပြီး တက်ရောက်နိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၁၇၁၈၁၄၉ နှင့် ၀၁-၂၁၄၆၅၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နေ့ရက်** - **၃၀-၅-၂၀၁၅ ရက် (တနင်္ဂနွေနေ့)**

**အချိန်** - **နံနက် ၈း၀၀ နာရီမှ ၁၂း၀၀ နာရီထိ**

**နေရာ** - **ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉ (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း)**

**ဟောပြောမည့်ခေါင်းစဉ်** - **"Union Tax Law 2015 နှင့်နောက်ဆုံး Tax Reform ကိစ္စရပ်များ"**

**ဟောပြောမည့်ဌာန** - **ပြည်တွင်းအခွန်များဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးဝင်းမြင့်-ဒေါ်မိရီတို့၏သား မောင်ဖြိုးကျော်ဟန် ၁၂/မရက(နိုင်)၁၅၆၁၂၂ သည် မိဘများအကြိမ်ကြိမ် ဆိုဆုံးမမှုကို မနာခံဘဲမိဘများအား ရန်ရှာသည်အထိ ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးဝင်းမြင့်-ဒေါ်မိရီ**

## သားအဖြစ်မှအမွေပြတ်စွန့် လွှတ်ခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ ပိတောက်ဝါစားတော်ဆက်နေ ဦးဝင်းမြင့် ၁၀/ဘလန(နိုင်)၀၇၅၈၅၃-ဒေါ်ယုယုမော် ၁၀/ဘလန(နိုင်)၀၀၆၄၉၅တို့၏ သား မောင်အောင်ထက်လင်း(ခ) ကိုထက်သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဘာသာအလို အလျောက်ပြုမူပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**အဖေနဲ့အမေ**
**ဦးဝင်းမြင့်-ဒေါ်ယုယုမော်**

## သူရ(၆၃)သူငယ်ချင်းများသို့

၁။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၃)သူရတပ်ခွဲ၏ (၃၃)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အတွက် ဘုန်းကြီးဆွမ်းကပ်ခြင်း၊ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်း၊ မိတ်ဆုံညစာစားခြင်းနှင့် ဂေါက်သီးကစားခြင်းများကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး ပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(က) ၂၉-၅-၂၀၁၅ရက် (သောကြာနေ့) ၀၉း၀၀နာရီတွင် ထေရဝါဒဗုဒ္ဓတက္ကသိုလ်စွယ်တော်မြတ်စေတီအနီး၊ ရန်ကုန်၌နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါမည်။

(ခ) ၃၀-၅-၂၀၁၅ရက်(စနေနေ့) ၁၈း၀၀ နာရီတွင် ရွှေရှမ်းကန်စားသောက်ဆိုင်၊ အင်းလျားလမ်း၊ ရန်ကုန်၌ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်း၊ မိတ်ဆုံ ညစာစားခြင်း ပြုလုပ်ပါမည်။

(ဂ) ၃၁-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) ၀၇း၀၀နာရီတွင် တပ်မတော်ဂေါက်ကွင်း (ရန်ကုန်) ၌ ဂေါက်သီးကစားပါမည်။

၂။ အစီအစဉ်အသေးစိတ်မေးမြန်းနိုင်ရန် ၂၀၁၄ခုနှစ်တွင် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်သော ဘာသာရေး ပညာရေး လူမှုရေးထူးချွန်ဆုရရှိသော သားသမီးများ၏ အမည်စာရင်းပေးပို့နိုင်ရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ဖုန်း-၀၉-၆၈၀၁၀၈၃၊ ၀၉-၂၅၄၀၁၆၅၇၆၊ ၀၉-၅၁၂၅၀၆၀၊ ၀၉-၈၆၂၂၆၆၁၊ ၀၉-၈၆၂၆၇၈၁၊ ၀၉-၅၁၉၄၈၉၃၊ ၀၉-၇၃၂၂၂၁၁၀၊၀၉-၄၃၀၈၉၁၀၀၊ ၀၉-၈၆၀၀၈၉၁၊ ၀၉-၃၁၀၀၁၄၂၈၊ ၀၉-၅၁၃၀၆၂၇ တို့သို့ ဆက်သွယ်ကြပါရန်။

**သူရ(၆၃)ကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သန်လျင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၀**

ဦးခင်မောင်မြင့် **နှင့်** ၁။ ဦးတင်မြင့်
၂။ ဒေါ်ခင်ခင်ဦး
၃။ ဦးသိန်းဝင်း
၄။ ဦးသိန်းမောင်
၅။ ဦးဂျေမာတန်း

**တရားလို** **တရားပြိုင်များ**

အမှတ် (၁)၊ မြို့ပတ်လမ်း၊ မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးတင်မြင့်၊ ဒေါ်ခင်ခင်ဦး၊ ဦးသိန်းဝင်း၊ ဦးသိန်းမောင်၊ ဦးဂျေမာတန်း(ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်မြင့်က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၈ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မေ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောမြတ်နွယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၄**

ဦးစိုင်းသန်းလွင် **နှင့်** ဦးသန်းထွန်း(ခ)တွမ်ဂျုံရူး

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၈၀)၊ အိမ်အမှတ်(၁၂/ခ)၊ ၃၀×၃၁လမ်းကြား၊ ၈၂×၈၃လမ်းကြားနေ ဦးသန်းထွန်း(ခ) တွမ်ဂျုံရူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးစိုင်းသန်းလွင်မှ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၅)၊ ဦးပိုင်(၂၈)ဂရန်မြေကွက်နှင့်ပတ်သက်၍ တရားလိုတရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ (၁၃၇၇ခုနှစ် နယုန်လဆန်း ၁၂ရက်) ၂၉-၅-၂၀၁၅ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၁၅ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုချို)**
**မန္တလေးခရိုင်တွဲဖက်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

## ရောင်းချရန်ကြော်ငြာ

**တရားမကျင့်ထုံးကိုခ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆**

ဦးဝင်းသိန်း **နှင့်** ဒေါ်ခင်ဖုန်း

**တရားနိုင်** **တရားရှုံး**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၅၆၂/၂၀၁၁ အမှုတွင် ရရှိထားသော အနိုင်ဒီကရီအရ အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ၂၀၁၅ခုနှစ် ဇွန် ၂၅ရက် နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်တွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင် လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း ၃ လမ်း၊ ခြောက်လွှာ ခေါင်းရင်းခန်း၊ တိုက်အမှတ်-၁၀ အပါအဝင် အကျိုးခံစားခွင့်များအားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀**
**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုအတွက် တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းချက် အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၅ခုနှစ် မေ ၁၈ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး-၂**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုခ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မိုးကုတ်မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄**

မဝါဝါညွန့် **နှင့်** ကိုဇော်လတ်(ခ)ကိုသန်းဇော်ဦး

**တရားလို** **တရားပြိုင်**

မြဝတီမြို့၊ ကျောက်တုံးကြီးအနောက်ရပ်၊ အမှတ်(၃) ရဲကင်းတိုက်လမ်း၊ အိမ်အမှတ် ၁၈၂နေ ကိုဇော်လတ်(ခ)ကိုသန်းဇော်ဦး(ဘ)ဦးပေါက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မဝါဝါညွန့်က လင်မယား ကွာရှင်းပြတ်စဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်မည့် တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၂၉ ရက် (၁၃၇၇ ခုနှစ် နယုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်နှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်တိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မိုးကုတ်မြို့နယ်တရားရုံး**

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော်ဦးသူရိန်မင်း ၉/မရမ(နိုင်)၀၈၀၀၁၇ ၏ ဇနီးဒေါ်ကေဇင်အောင် ၇/ဒဥန(နိုင်)၀၈၈၂၅၄ သည် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခြင်း၊ အိမ်တွင်းပစ္စည်းများနှင့်အတူ အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်နှင့် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးသူရိန်မင်း**
**၉/မရမ(နိုင်)၀၈၀၀၁၇**

## မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏မြေး မချောထက်ထက်အောင်(ခ)ဘစ်ကြီး ၉/ရမသ(နိုင်)၁၉၇၇၆၈ သည် ကျွန်တော်အုပ်ထိန်းသူ၏ ပြောဆိုဆုံးမခြင်းကို နားမထောင်မခံယူဘဲ မိမိသဘောအရ ဆွေမျိုးသားချင်းတစ်စု၏ ဂုဏ်သိက္ခာကိုညှိုးနွမ်းစေရန် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ မြေးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးလှရွှေ ၉/ရမသ(နိုင်)၀၁၀၅၄၉၊ လမ်းမတော်၊ ရွှေစည်းခုံရပ်ကွက်၊ ရမည်းသင်းမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါခရိုင်နှင့်လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၂)တို့မှ လမ်း/တံတားတည်ဆောက်ခြင်းလုပ်ငန်းများအတွက် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ခေါ်ယူအပ်ပါသည်။

ဆောင်ရွက်လိုသော တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များအနေနှင့် အိတ်ဖွင့် တင်ဒါပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဂန့်ဂေါမြို့တွင် ၁-၆-၂၀၁၅ ရက်မှ ၅-၆-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**လျှောက်လွှာရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၉း၀၀ နာရီ

**လျှောက်လွှာပိတ်မည့်ရက်** - ၅-၆-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၁၆း၀၀ နာရီ

**စုံစမ်းမေးမြန်းရန်** - ဖုန်း-၀၆၂-၅၀၀၂၈၊ ၀၉-၆၈၁၃၂၃၈၊ ၀၉-၄၀၁၅၆၆၁၂၀

---

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းဦးစီးဌာန**
**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးရန်ပုံငွေဖြင့် မြေကြီးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်မှ ၁၂-၆-၂၀၁၅ ရက်အထိ

(ခ) **တင်ဒါသွင်းရမည့်နောက်ဆုံး ရက်/အချိန်** - ၁၅-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၃-၂၈၆၂၄၊ ၀၆၂-၂၁၅၇၃၊ ၀၉-၆၅၇၀၁၉၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ပညာရေးကောလိပ်နည်းပြ(စာပေ) (လစာနှုန်း-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)**

## ရာထူးအတွက်လျှောက်လွှာခေါ်ယူခြင်း

(၁) ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပညာရေးကောလိပ်များတွင် နည်းပြ (စာပေ)ရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က)တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာအထူးပြု(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပ၊ ဓာတု၊ ဇီဝ၊ ပထဝီ၊ သမိုင်း၊ ဘောဂ၊ ကွန်ပျူတာ)ဘာသာရပ်များတွင် အနည်းဆုံး မဟာဘွဲ့ (M.A, M.Sc) ရရှိသူဖြစ်ရမည်။ နည်းပြ(ကွန်ပျူတာ)ရာထူးအတွက် (B.C.Sc, D.C.Sc, P.D.Cs, B.C.Tec) ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဂ) ၃၁-၅-၂၀၁၅ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပါက အသက်(၄၀) ထက်မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့် ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ဆေးလက်မှတ်ပါရှိရမည်။

(င) ပညာရေးကောလိပ်များတွင် အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၂) လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတန်းများပါရှိရမည်။

(က) ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံသုံးပုံ၊

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူနှင့်ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ၊

(ဃ) လျှောက်ထားသူနှင့်မိဘနှစ်ပါး၏နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်မူရင်း၊

(၃) လျှောက်လွှာများကို နီးစပ်ရာပညာရေးကောလိပ်များတွင် ရယူ၍ ၃၁-၅-၂၀၁၅ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် လျှောက်လွှာထုတ်ယူရာ ပညာရေးကောလိပ်သို့ ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို မိမိဖြေဆိုလိုသည့် ပညာရေးကောလိပ်သို့ ကြိုတင်ပေးပို့ လျှောက်ထားရမည်ဖြစ်ပြီး ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနအဖွဲ့အစည်းမှ တစ်ဆင့် ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်သို့ ပေးပို့ရန်ဖြစ်သည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

(၄) ရေးဖြေစာမေးပွဲအား မန္တလေးနှင့်ရန်ကင်းပညာရေးကောလိပ်တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၆-၆-၂၀၁၅ရက် နံနက်ပိုင်းတွင် မြန်မာစာနှင့်အထွေထွေဗဟုသုတ၊ ညနေပိုင်းတွင် အင်္ဂလိပ်စာတို့ကို ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(၅) ဖြေဆိုခွင့်ကတ်ပြားများအား ၄-၆-၂၀၁၅ရက်မှ ၅-၆-၂၀၁၅ရက်တို့တွင် ရုံးချိန်အတွင်း မိမိတို့စာမေးပွဲဖြေဆိုမည့် ပညာရေးကောလိပ်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

(၆) အသေးစိတ်သိရှိလိုပါက ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်ဖုန်း-၀၆၇-၄၀၇၂၆၄၊ မန္တလေးပညာရေးကောလိပ် ဖုန်း-၀၂-၃၉၁၇၆၊ ရန်ကင်းပညာရေးကောလိပ် ဖုန်း-၀၁-၅၆၆၆၁၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါ သည်။

**ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

**ဖခင်အမည်မှန်**

ညောင်ရွှေမြို့နယ်၊ အလက သန်းတောင် အဌမတန်းမှ မောင်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးလွန်းတင် ၁၃/ညရန(နိုင်)၀၄၃၃၇၅ ဖြစ်ပါကြောင်း။

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၇)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်မုံရွာ-ယာကြီး-ကလေးဝလမ်းမိုင်(၄၀/၀-၁၁၅/၅)အတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်(ကျောက်ရှယ်စုံ၊ သဲကြမ်း၊ ကျောက်ရောမြေ)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့်လမ်းခင်းပစ္စည်းများ၏ အသေးစိတ်စာရင်းများကို ဒုတိယညွှန်ကြားရေးမှူး (ကလေးဝမြို့)ရုံးတွင် စုံစမ်းနိုင်ပါသည်။(ရုံးဖုန်း-၀၇၃-၄၄၀၀၅)

၃။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းအထူးအဖွဲ့(၇)၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ ကလေးဝမြို့တွင် ၂၃-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၆-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ

**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၆-၆-၂၀၁၅ ရက်၊ ၁း၀၀နာရီ

**တင်ဒါရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၇) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကလေးဝမြို့

**တင်ဒါစိစစ်ရေးကော်မတီ**

---

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းအနောက်ကွင်း၊ မြေကွက်အမှတ်(၉၁)၊ အမှတ်(၄၁၄-ဘီ)၊ ဧရိယာ ၀ဒသမ၇၅ ဧကပေါ်တွင် ဆောက်လုပ်ထားသော တိုက်ခန်းလေးခန်းတွဲလေးထပ် အဆောက်အအုံအနက် Tower A, မြေညီထပ် Unit 4 အကျယ်အဝန်း ပေ၄၀×၃၅ပေ၊ ဧရိယာ ၁၄၄၈ စတုရန်းပေရှိအခန်း၊ ယင်းအခန်းနှင့်တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသော ထူးပြည့်ပြည့်စုံဆောက်လုပ်ရေးလုပ်ငန်း၏ ကန်ထရိုက်တာ ဦးသိန်းသန်းဝင်း ၂/ဖရဆ(နိုင်)၀၁၂၇၁၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်အေး B.A (Law), LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၆၇)**
**အမှတ် ၁၆(က)၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၆၅၄၆၅**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမာလာလမ်းရှိ အမှတ်(၈၅၈) ဟုခေါ်တွင်သည့် မြေတိုင်းမြေကွက်အမှတ်(၈၅၈)၊ ဧရိယာ (ပေ၂၀×ပေ၆၀)ရှိ ဒေါ်စောတင်ဂရန် အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့်နှစ်ထပ်အိမ် အပါအဝင်အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ရှင်များထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းရွှေ၊ ဒေါ်မြင့်မြင့်အေး တို့က အပိုင်လွှဲပြောင်းဝယ်ယူရန် အိမ်မြေဖိုး စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ အထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်တို့ထံသို့ကြော်ငြာစာပါရှိသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအေးကြိုင် B.Sc,H.G.P,R.L,D.B.L** | **ဦးကိုကိုအောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၃၄)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၄၇၃)** |
| **ဖုန်း-၀၉-၅၁၂၅၁၀၆** | **ဖုန်း-၀၉-၅၆၆၁၂၀၂** |

**အမှတ်(၁၀၃၀)၊ သုဇိတာ(၆)လမ်း၊ ၂ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

# ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့
# အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအစား | တန် |
|---|---|---|
| (က) | ၈၀/၁၀၀ ကတ္တရာ | ၂၀၅၆ |
| (ခ) | Country of Origin | Iram |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂-၆-၂၀၁၅ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄း၃၀နာရီ

၂။တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၁-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့

**ဖုန်း-၀၅၂-၂၂၀၀၀၇၆၊ ၀၅၂-၂၂၀၀၀၉၃**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/6429 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/6425 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

## မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ အ.ထ.က(၄)၊ အဌမတန်း(A)မှ မောင်ကျော်ရှိုင်းထူး၏ မိခင်အမည်မှန်မှာ ဒေါ်ဇာခြည်အောင် ၁၃/ကတန(နိုင်)၀၈၀၄၉၄ ဖြစ်ပါကြောင်း။ **ဒေါ်ဇာခြည်အောင်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၂ယ/၈၉၉၄၇ Fino 115 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခင် ၁၃/မကန(နိုင်) ၀၄၈၄၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ကြီး)**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်နိုင် ၁၃/လလန(နိုင်)၀၀၅၈၄၈ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၈၄၅၇၁၇**

---

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၉ယ/၂၂၀၉၅ Honda Wave,NF 100S, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင် ၁၂/ဗတထ(နိုင်)၀၀၉၇၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ယ/၇၇၀၉၆ Honda MTX 125(M/C) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၉/ဝတန(နိုင်)၀၀၉၄၆၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံ**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မော်လမြိုင်မြို့၊ ဇေယျာသီရိရပ်ကွက်၊ နယ်မြေ(၄)၊ အိမ်အမှတ် (၃၉၀)၊ ၄ရွှေဝါ(၇)လမ်းရှိ ဒေါ်အေးမြင့်(ဘ)ဦးမောင်ဖေ MME-၁၇၈၈၆၇ ပိုင်ဆိုင်သော အနှစ်(၃၀)အငှား ဂရန်ရရှိထားသောမြေကွက်ဖြစ်သည်။

၁။ မော်လမြိုင်မြို့နယ်အုပ်စုအမှတ်(၁၃)ဇေယျာသီရိရပ်ကွက်၊အကွက်အမှတ် (၁၅/က) မြေကွက်အမှတ်(၃၉၀)ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်နှင့်၄င်းမြေကွက်ပေါ်ရှိ ပျဉ်ခင်းပျဉ်ကာ ဖက်မိုးတစ်ထပ်အိမ်နှင့်

၂။ မော်လမြိုင်မြို့၊ ဇေယျာ(၂)ရပ်ကွက်ရှိ ကံကော်(၆)လမ်းနယ်မြေအပိုင်(၁၆)တွင် နေထိုင်သော ဒေါ်အေးသီ ၁၀/မလမ(နိုင်)၀၁၈၀၉၀ ပိုင်ဆိုင်သောအမှတ်(၁၉၉၂) ဇေယျာ(၂)ဂန့်ဂေါ်(၆)လမ်းနယ်မြေ အပိုင်(၁၆)တွင်ရှိသော မြေကွက်ဧရိယာ (ပေ၄၀×ပေ၆၀)ရှိ မြေကွက်တို့မှာ အပေါင်အနှံအရှုပ်အရှင်းကင်းစွာ တရားဝင် အမည်ပေါက် ပိုင်ဆိုင်သူများထံမှ ကျွန်မဒေါ်အေးဝင်း(ဘ)ဦးရွှေမျှင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၃/ဘအန(နိုင်)၂၇၈၉၃၉ မှ တစ်ဦးတည်းဝယ်ယူပိုင်ဆိုင်ခဲ့သော အိမ်နှင့်မြေကွက်များ ဖြစ်ပါသည်။

ဖော်ပြပါမြေကွက်များနှင့် ပတ်သက်၍ပိုင်ရှင်ဖြစ်သူ ကျွန်မ ဒေါ်အေးဝင်းမှ မည်သူတစ်ဦးတစ်ယောက်ကိုမှ ထိုမြေကွက်များအား ရောင်းဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်းအတွက် ခွင့်ပြုချက်ပေးခြင်းမရှိခဲ့ပါ။ ကျွန်မ ဒေါ်အေးဝင်း တစ်ဦးတည်းသာလျှင် ပိုင်ဆိုင်သောမြေကွက်များဖြစ်သည့်အတွက် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ မော်လမြိုင်မြို့၊ ဇေယျာသီရိရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်မဒေါ်အေးဝင်းမှ အိမ်ခြံမြေနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စများအား ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးဝင်း**
**၃/ဘအန(နိုင်)၂၇၈၉၃၈၊ အမှတ် ၃၉၀၊ ၄ရွှေဝါ(၇)လမ်း၊ နယ်မြေ(၄)၊**
**ဇေယျာသီရိရပ်ကွက်၊ မော်လမြိုင်မြို့**

---

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၄လမ်း၊ တိုက်အမှတ်(၅၄)၊**
**အခန်းအမှတ်(၆)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၂ပေခွဲ×ပေ၅၀)ရှိ**
**ဦးသောင်းရွှေမူလအမည်ပေါက် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

## အသိပေးကြေညာခြင်း

အထက်ပါတိုက်ခန်းကို မူလအမည်ပေါက် ဦးသောင်းရွှေထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး ယခုလက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးတင်နိုင်ထွန်း ၈/ပခက(နိုင်)၁၇၄၆၁၃ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)**
**'လင်း'၊ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁) စီ၊ မြေညီ၊ ဗိုလ်ချုပ်ရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆**

---

## မသက်ဆိုင်တော့ပါကြောင်း

ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)၊ မြို့သစ်(၂)နေ ကျွန်မဒေါ်နန်းနွန်း ၁၃/မယန(နိုင်)၀၀၈၆၉၇(ဘ)ဦးစိုင်းဆမ်နှင့် မိုင်းယန်းမြို့နေ ဦးစိုင်းပန်းအောင် ၁၃/မယန(နိုင်)၀၁၄၃၈၁(ဘ)ဦးကော်ရမှာ အသိသက်သေများရှေ့တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ယခုကြော်ငြာပါသည့်ရက်မှစ၍ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်နန်းနွန်း ၁၃/မယန(နိုင်)၀၀၈၆၉၇**

## ဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင် (ရဲ-၁၆၂၀)
### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ ဇလမ်း၊ ခရေပင်လမ်းခွဲ၊ အမှတ် ၂၁၂၇နေ ဗိုလ်မှူးခင်အေးနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်စွာထွန်း-မမေဇွန်မျိုးမြင့်၊ မမြတ်မြင့်မိုရ်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်လရောင်ထွန်းတို့၏ချစ်လှစွာသောဖခင် ရဲမှူးကြီးအောင်ထွန်းထွန်းလွင်သည် ၁၉-၅-၂၀၁၅ရက် ထိုင်းစံတော်ချိန် ည ၁၀း၀၅နာရီတွင် ထိုင်းနိုင်ငံ Bumrungrad ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မြင့် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဂန့်ဂေါ)၏ ဇနီး ဒေါ်မြင့်မြင့်ကြည်သည် ၂၀-၅-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့်ဇနီး ဒေါ်ခင်မျိုးဌေး မိသားစု**
**ပြန်ကြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### သိက္ခာတော်ရ ဆရာကြီး
## ဒေါက်တာဦးအောင်ခင်
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၃၁နေ (ဒေါ်ဖွားမှီ)၊ ဒေါ်လှရည် (အငြိမ်းစားညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန)တို့၏ခင်ပွန်း၊ ချစ်လှစွာသောဦးလေး သိက္ခာတော်ရ ဆရာကြီး ဒေါက်တာဦးအောင်ခင်သည် ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူ တူ၊ တူမများက ဝမ်းနည်းကြေကွဲရပါကြောင်း။

**(ဝဏ္ဏကျော်ထင် ဦးစန်းမောင်-ဒေါ်လှကြည်)၏သားသမီးများ**
**ဦးသီဟမင်းအောင်-ဒေါ်ရှုပါအောင်၊ ဒေါက်တာနန္ဒာမောင်(ဖျာပုံ)၊ ဦးအောင်မြတ်၊ ဒေါက်တာမင်းအောင်-ဒေါ်လှိုင်မေထက်၊ ဒေါက်တာအုန်းသိန်း(ခေတ္တ-South Africa) - ဒေါက်တာခင်စန်းတင့်၊ ဒေါ်ခေမာမောင်၊ ဦးကျော်ဆန်း (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး) - ဒေါ်သင်းသင်းအေး (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)နှင့် မြေး၊မြစ်များ**

## ရဲမှူးကြီးအောင်ထွန်းထွန်းလွင်
### (ရဲ-၁၆၂၀)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
### (စစ်တက္ကသိုလ်အမှတ်စဉ်-၂၃)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ (ဇ)လမ်း၊ ခရေပင်လမ်းခွဲ၊ အမှတ် ၂၁၂၇နေ (ဦးအောင်ပန်းစိန်-ဒေါ်သစ်သစ်လွင်)တို့၏သားကြီး၊ (ဗိုလ်မှူးညီလွင်အောင်)-ဒေါ်ခင်မျိုးမျိုးသက်တို့၏အစ်ကို၊ (ဦးမြမောင်)-ဒေါ်တင်မြတို့၏သားသမက်၊ ဗိုလ်မှူးခင်အေးနွယ်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်စွာထွန်း-မမေဇွန်မျိုးမြင့်၊ မမြတ်မြင့်မိုရ်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်လရောင်ထွန်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ညီရဲထွဋ်၏ဦးလေး၊ မထူးမြတ်မေ၏အဘိုး၊ ဒေါ်ခင်လေးကြွယ်(အထက်တန်းပြဆရာမ၊ အထက-၁၊ မဂဒ)၊ ဦးအောင်လွင်-ဒေါ်ရီရီဆွေ(အလယ်တန်းပြဆရာမ၊ အထက-၁၊ မဂဒ)တို့၏အစ်ကိုကြီး၊ မောင်အုပ်စိုးခန့်၊ မောင်ပိုင်စိုးမောင်မောင်တို့၏ဘကြီးသည် ၁၉-၅-၂၀၁၅ရက် ထိုင်းစံတော်ချိန် ည ၁၀း၀၅နာရီတွင် ထိုင်းနိုင်ငံ Bumrungrad ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည့်အချိန်နှင့် နေရာကိုထပ်မံကြေညာပါမည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင် (ရဲ-၁၆၂၀)
### စစ်တက္ကသိုလ်အမှတ်စဉ်-၂၃
### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
### အသက်(၅၄)နှစ်

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီးအောင်ထွန်းထွန်းလွင်သည် ၁၉-၅-၂၀၁၅ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဒေသစံတော်ချိန် ၂၂း၀၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဇေယျ-ဒေါ်တင်သင်းသင်းသန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင် (ရဲ-၁၆၂၀)
### စစ်တက္ကသိုလ်အမှတ်စဉ်-၂၃
### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
### အသက်(၅၄)နှစ်

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီးအောင်ထွန်းထွန်းလွင်သည် ၁၉-၅-၂၀၁၅ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဒေသစံတော်ချိန် ၂၂း၀၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးချုပ်နေဝင်းနှင့် လေကြောင်းတပ်ဖွဲ့ဝင်များ**

## ဦးစိုးမင်းလှိုင် အသက်(၅၁)နှစ်
### လက်ထောက်မြို့နယ်ဦးစီးမှူး(လဝက)၊ မကွေးမြို့နယ်ဦးစီးဌာနမှူးရုံး

မကွေးမြို့၊ ပြည်တော်သာလမ်း၊ ရန်ကျော်ရပ်နေ ဦးမြင့်ဆွေ(လဝက၊ ငြိမ်း)-ဒေါ်ခင်တင့်တို့၏သား၊ ဦးတင်ထွတ်-ဒေါ်ခင်ဆွေဦး(ဌာနခွဲမှူး၊ မကွေးတက္ကသိုလ်)၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်ဆွေလတ်(အထက-၂၊ မကွေး)၊ (ဦးစိုးမြင့်လှိုင်)-ဒေါ်ခင်မာအေး(လဝက၊ ညောင်ဦး)၊ ဗိုလ်မှူးချုပ်စိုးတင့်နိုင်-ဒေါ်မိုးစန္ဒာဝင်း၊ ဦးမြတ်ဇော်(လဝက၊ လားရှိုး)-ဒေါ်မေယုဆွေ (လဝက၊ လားရှိုး)၊ (ဦးစိုးမိုးလှိုင်)-ဒေါ်ကျစ်ကျစ်ခိုင်(လဝက၊ လားရှိုး)တို့၏ညီ/မောင်၊ ဒေါ်နွယ်နှင်း၏ခင်ပွန်း၊ မနန်းချယ်ရီစိုးမင်း (ဒု-လဝကမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်)၊ မသဲစုစန္ဒီနှင်း(တတိယနှစ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်)တို့၏ဖခင်သည် ၂၀-၅-၂၀၁၅ရက် ည ၁၁း၃၀နာရီတွင် တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀၊နေပြည်တော်)၌ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြသိန်း အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်း ငွေးကြွယ်(က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၉၆၊ ခြောက်လွှာ(ဝဲ)နေ (ဦးအုန်းမောင်-ဒေါ်ပိုး)တို့၏ဒုတိယသမီး၊ (ဦးဝင်း)၏ဇနီး၊ (ဦးသက်ဝင်း)၊ ဦးမိုးဝင်း [ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ အမှတ်(၂)ဘိလပ်မြေစက်ရုံ၊ တန် ၄၀၀၀၊ မြိုင်ကလေး]-ဒေါ်ဖြူဖြူလွင်တို့၏မိခင်၊(ဦးမြတ်ကျော်-ဒေါ်ခင်တင့်)တို့၏ညီမ၊(ဦးသန်းထွန်း-ဒေါ်လှမြိုင်)၊ ဦးလှမြင့်-(ဒေါ်မြင့်မြင့်သိန်း)တို့၏အစ်မသည် ၂၁-၅-၂၀၁၅ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြ (စီးကရက်စက်ရုံ၊ ငြိမ်း)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်ချမ်းသာလမ်း၊(၅)ရပ်ကွက်၊ အမှတ် ၁၆၉၊ အခန်း ၅၀၁နေ (ဦးမောင်စိုး)၏ဇနီး၊ ဦးသန်းလွင်၊ ဒေါ်တင်လှရီတို့၏အစ်မ၊ ဒေါ်မြမြဝင်း(မြတ်သီဂီအပ်ချုပ်ဆိုင်၊လှည်းတန်းဈေး)၊ဒေါ်စန်းနု၊ (ဦးမြင့်စိုး၊ ဝ/သ ဒါရိုက်တာ)၊ (ဒေါ်ခင်စန်းမြင့်)၊ (ဦးခင်မောင်ဝင်း)တို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၈ယောက်၊ တီတစ်ယောက်တို့၏အဘွားသည် ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၅ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်လှိုင် (သဇင်ပုံနှိပ်တိုက်၊ နွားထိုးကြီးမြို့)
### အသက်(၈၈)နှစ်

နွားထိုးကြီးမြို့၊ အမှတ်(၁)ရပ်နေ (ဦးအေးမောင်-ဒေါ်ခင်ညွန့်)တို့၏သမီးကြီး၊ [ဦးဘထွေး(မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ငြိမ်း)]၏ဇနီး၊ ဦးအေးလွင်(စိုက်ပျိုးရေး)-ဒေါ်တင်တင်မြ (သဇင်ပုံနှိပ်တိုက်-၅)၊ ဦးကျော်-ဒေါ်နုနုရည် (အထက-၁၆၊ မန္တလေးမြို့)၊ ဦးမောင်မောင်-ဒေါ်သန်းသန်းဌေး(သဇင်ပုံနှိပ်တိုက်-၁)၊ ဒေါ်ဇင်မာထွေးတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၅ရက်တွင် နွားထိုးကြီး မြို့မသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၅ရက်(စနေနေ့)နံနက်တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်ညွန့်(ပဲခူး) အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ဝေါမြို့နေ(ဦးဘိုးမြ-ဒေါ်အုန်းမြ)တို့၏သမီး၊ (ဦးကျင်ခဲ-ဒေါ်ကျင်လှိုင်)တို့၏ညီမ၊ ပဲခူးမြို့၊ မော်ကန် ၅လမ်းနေ (ဦးဘမောင်)၏ဇနီး၊ ဦးမျိုးမြင့်အောင်-ဒေါ်ခင်မြကြည်၊ ဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း)-ဒေါ်ခင်တီ၊ ဒေါ်လှလှ(မြန်မာစီးပွားရေးဘဏ်၊ ငြိမ်း)၊ (ဦးတင်အေး)၊ ဦးသိန်းစိုး-ဒေါ်သန်းသန်းအေး(နဝရတ်အထည်ဆိုင်)တို့၏မိခင်၊မြေးငါးယောက်၊မြစ်ခြောက်ယောက်တို့၏အဘွားကြီးသည် ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ပဲခူးမြို့၊ မော်ကန် ၅လမ်း၊ အမှတ် ၇၇၆ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၅ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့၊ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမဖာတမာဘီဘီ(ခ)ဒေါ်မြမြ (သန်လျင်)
### အသက်(၈၂)နှစ်

ခရမ်းမြို့နေ (ဦးဟာမက်-ဒေါ်အုန်း)တို့၏သမီးလတ်၊ သန်လျင်မြို့နေ (ဦးကာဆင်-ဒေါ်စိန်မေ)တို့၏သမီးချွေးမ၊ သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားလမ်း၊အမှတ်၆နေ(ဟာဂျီ ဦးခင်မောင်ကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ငြိမ်း)၏ဇနီး၊ ဦးဇော်မင်း(3/E Uniteam)-ဒေါ်မြင့်မြင့်အေး၊ဦးစိုးမင်း-(3/E Uniteam)၊ ဒေါ်ညီညီဝင်း (မြသီတာ ဖိနပ်နှင့်စတိုး)၊ (ဒေါ်သီတာ)၊ ဦးထွေးမင်း (C/O Uniteam)-ဒေါ်ခင်အုန်းသန်း၊ ဟာဂျီဦးမြင့်လှိုင်-ဟာဂျီမဒေါ်မာလာ၊ ဒေါ်စန္ဒာ၊ ဒေါ်နီလာတို့၏မိခင်၊ မအေးသဉ္ဇာဇော်၊ မောင်ဖွဲ့ဇာနည်မင်း၊ မောင်ဉာဏ်သာမင်း၊ မောင်ကောင်းဆက်မင်း၊ မောင်ရဲပြည့်စုံမင်းတို့၏အဘွားသည် ၁၈-၅-၂၀၁၅ ရက်(တနင်္လာနေ့)ညနေ ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့)ဇဟိုရ်အပြီးတွင်နေအိမ်မှ သန်လျင်ဒါရ်ဂါကဘာရ်စတန်၌ဒါဖွာနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးသွင်
### အသက်(၇၈)နှစ်

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၅၅)တွင် တက်ရောက်နေသော ဒေါက်တာခိုင်ခိုင်စိုး (ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မကွေးဆေးရုံ)၏ဖခင် ဦးစိုးသွင်သည် ရန်ကုန်မြို့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **သင်တန်းသူ/သင်တန်းသားများ**

## မဖြိုးဆုမွန်အောင်
### B.Sc (Zoology)
### အသက်(၃၀)

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗိုလ်မြင့်အောင်လမ်း၊ အမှတ် ၃၂နေ (ဦးအောင်စိန်)-ဒေါ်မြကြိုင်၊ (ဦးသိန်းဟန်-ဒေါ်တင်တင်မြင့်)တို့၏မြေး၊ ဦးသက်ဝင်း (BSN MIRACO MARIME SERVICES)-ဒေါ်အေးအေးမွန်(လင်းလက်ဆန်ဆိုင်)တို့၏သမီးကြီး၊ မောင်ဝင်းမင်းထက် - မသက်ဆုနွေလင်း (GRADE-2) ခာတ်ခွဲဌာန၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ)၊ မရွှက်နုဖူးပွင့် (ဒုတိယနှစ်၊ ပန်းချီအနုပညာ တက္ကသိုလ်)၊ မောင်ကောင်းထက်ဇင် (Grade-9၊ အထက-၁၊ မြောက်ဒဂုံ)တို့၏အစ်မသည် ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက်၂း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မဖြိုးဆုမွန်အောင်
### B.Sc (Zoology)
### အသက်(၃၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗိုလ်မြင့်အောင်လမ်း၊ အမှတ် ၃၂နေ (ဦးအောင်စိန်)-ဒေါ်မြကြိုင်၊ (ဦးသိန်းဟန် - ဒေါ်တင်တင်မြင့်)တို့၏ မြေး၊ ဦးသက်ဝင်း - ဒေါ်အေးအေးမွန်တို့၏ သမီး၊ မောင်ဝင်းမင်းထက်- မသက်ဆုနွေလင်း၊ မရွှက်နုဖူးပွင့်၊ မောင်ကောင်းထက်ဇင်တို့၏အစ်မသည် ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သန်း
### မြန်မာ့ကုန်တိုက်ရုံးချုပ်
### စီမံရေးရာ BC (ငြိမ်း)
### မြန်မာနိုင်ငံသားများဘဏ်(ရန်ကုန်)
### အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊အမှတ် ၃၄နေ ကိုရတနာထွန်းထွန်း-မခင်မာမာဝင်းတို့၏ ဖခင်၊ မောင်အေးချမ်းဖြိုး၊ မဝတ်မှုန်ရတနာ၊ မထွန်းသန့်ရတနာတို့၏အဘိုး၊ ယခင်တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်းနေ(ဦးစံကြူး-ဒေါ်သိန်းတင်)တို့၏သား၊ (ဒေါ်ခင်ဘီ)၏ခင်ပွန်းသည် ၂၀-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၃နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မြောက်ဒဂုံ နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါမြောက်ဒဂုံ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစောသန်းမြ
### မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ငြိမ်း)
### အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ဖန်ခါးကုန်းကျေးရွာ၊ မြသီတာပျိုးဥယျာဉ်နှင့် အမှတ် ၆၊ ရွာမရပ်ကွက်၊ ထောက်ကြံ့မြို့နေ ဗိုလ်ကြီးဒေါ်နော်သင်းကြူ(ငြိမ်း)၏ခင်ပွန်း၊ စောသာဝေါ-ဒေါ်နီနီ၊ ဗိုလ်မှူးတင်ထူး-ဒေါ်နွယ်နွယ်၊ဒေါ်ထိုက်ထိုက်၊ ကိုစောသန်းထိုက်-ဒေါ်ခိုင်ဇာလွင်တို့၏ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၂၀-၅-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆း၀၅နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးနေဝင်း
### သစ်ထုတ်လုပ်ရေးမန်နေဂျာ(ငြိမ်း)
### အသက်(၇၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ (ဦးအုန်းဖေ-ဒေါ်ကြင်ကြင်) တို့၏သား၊ မော်လမြိုင်ကျွန်းမြို့နေ (ဦးတောအုပ်-ဒေါ်ချစ်ညွန့်)တို့၏သားသမက်၊ ဒေါ်ဆွေဆွေ၏ခင်ပွန်း၊ ဒေါ်ခင်စောမူ၊ ဦးခင်မောင်အုန်း၊ ဦးခင်မောင်မြင့်၊ ဦးကျော်ဇော၊ ဦးကြည်မြင့်၊ ဒေါ်ကြိုင်ကြိုင်၊ ဦးကြည်လွင်တို့၏ အစ်ကို/မောင်၊ ဒေါ်သူဇာဆွေဝင်း (စင်ကာပူ)၊ဒေါ်ကလျာဆွေဝင်း၊ဦးသူရတို့၏ဖခင်သည် ၁၃-၅-၂၀၁၅ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၁၅ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်
### B.A (Law), LL.B
### (တရားလွှတ်တော်ရှေ့နေ)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ် ၈၅၊ ပထမထပ်(A)နေ ဦးတင်ဖေ-ဒေါ်တင်စိန်တို့၏သားကြီး၊ (ဦးအောင်မောင်း)-ဒေါ်မြင့်မြင့်အေး၊ ဦးထင်အောင်(စစစ၊ ငြိမ်း)-ဒေါ်ယုဇနရှိန်၊ ဦးအောင်ထွန်း-ဒေါ်ချိုချိုလွင်၊ ဦးမောင်မောင်-ဒေါ်ခင်မာအေး၊ ဦးထင်ကျော်-ဒေါ်ချိုဝါတို့၏အစ်ကိုကြီး၊ တူ/တူမ ကိုးယောက်တို့၏ဘကြီးသည် ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၂း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၅ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တကုသလပဏ္ဍိတ (မဟာဒွါရ)
### သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀/တောင်)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ ရတနာပုံကျောင်းတိုက်၊ သီတာရုံကျောင်း၌ သီတင်းသုံးတော်မူသော ပဓာနနာယက (ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ထောင်လုံရွာနေ ခမည်းတော် ဦးလှကျော်-မယ်တော်ဒေါ်အေး)တို့၏သား၊ သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ ရန်ကုန်တိုင်းဒေသကြီး ဝိနည်းဓိုရ်ဟောင်း(မဟာဒွါရ) သက်တော်ရှည်ဆရာတော်သည်(၁၃၇၇ခုနှစ် နယုန်လဆန်း ၄ရက်) ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ခုနှစ် နယုန်လဆန်း ၈ရက်) ၂၅-၅-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) စျာပနကျင်းပရေးကော်မတီ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသူရိယ
### သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ (၁၁)ရပ်ကွက်၊ ၁၀လမ်း၊ မှန်ပင်ပရိယတ္တိစာသင်တိုက်နှင့် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယ မဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ် ကဆုန်လကွယ်) ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် နယုန်လဆန်း ၆ရက်) ၂၃-၅-၂၀၁၅ရက် (စနေနေ့)တွင် စံကျောင်းချ၍ (၁၃၇၇ခုနှစ် နယုလဆန်း ၁၄ရက်) ၃၁-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ စျာပနဖြစ်မြောက်ရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်သန်း
### အသက်(၈၃)နှစ်

(ဦးစံရ-ဒေါ်မြခင်)တို့၏သမီး၊ (ဦးသိန်းတန်-ဒေါ်စောတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တာဝတိံသာလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ မဟာဗန္ဓုလအိမ်ရာ(Ocean East Point Center)၊ တိုက်(B)၊ အခန်း ၄၀၁နေ [ဒေါက်တာဦးစိုးဝင်း(မနနလဆေးရုံအုပ်ကြီး၊ ငြိမ်း)၏ဇနီး၊ ဒေါ်ခင်စန်းဝင်း(မူ/ပြ-ငြိမ်း၊ အထက-၄၊ ဗိုလ်တထောင်)-ဦးခင်မောင်စန်း(နက္ခတ္တဗေဒပညာရှင်)၊ (ကိုခင်မောင်ဝင်း)၊ ဒေါ်မြမြဝင်း(လ/ထညွှန်မှူး၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဒေါ်မြမြသင်း(ဦးစီးအရာရှိ၊ ငြိမ်း၊ ကျန်းမာရေးစီမံကိန်း၊ မြဖူးသစ်ရတနာရွှေဆိုင်)၊ ဒေါ်အေးအေးဝင်း(ညွှန်မှူး၊ အကောက်ခွန်ဦးစီးဌာန)-ကပ္ပတိန်ဦးဝင်းထွန်းထွန်း၊ ဒေါ်ကြည်ကြည်ဝင်း-ဦးသိန်းဝင်း(စွန်းရှင်ရတနာရွှေဆိုင်)၊ ဒေါက်တာသန်းစိုး(ခ)မျိုးမင်းထိုက်(Venus News ဂျာနယ်)၊ ဒေါက်တာညွန့်ဝင်း (ခေတ္တ-ဂျမေကာ)-ဒေါက်တာသန္တာဇော်(ခေတ္တ-USA) တို့၏မိခင်ကြီး၊ မောင်ကောင်းမြတ်သူ-မဝင်းအိဖြူ(ဒီဇင်ဘာစတိုး)၊ မောင်ထက်အောင်ကျော်(3rd Year English)၊ မပင်ကီထွန်းထွန်း(Clark University ခေတ္တ-USA)၊ မစုစန်ထွန်းထွန်း(Secondary IV ILBC)၊ မမြဖူးနွယ်(Grade-11, အထက-၁၊ ဒဂုံ)တို့၏အဘွားသည် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးသွင် အသက်(၇၆)နှစ်
### ဒုညွှန်မှူး(ငြိမ်း)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၉၀၂နေ (ဦးဘိုးသိန်း-ဒေါ်သန်းတင်)တို့၏သား၊ (ဦးမောင်-ဒေါ်ငွေတင်)တို့၏သားသမက်၊ (ဗိုလ်မှူးတင်သိန်း)-ဒေါ်ကြည်ကြည်တို့၏မောင်၊ (ဦးမောင်ချစ်)၊ ဦးသိန်းဆွေ၊ ဦးဟံမြင့်တို့၏အစ်ကို၊ ဒေါ်လှလှမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးနိုင်ထွန်း-ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းနှင်းဝင့်တို့၏ဦးလေး၊ (ဦးသီဟရွှေ)-ဒေါ်မြတ်မြတ်စိုး(အာရှတော်ဝင်ဆေးရုံ)၊ ဒေါက်တာခိုင်ခိုင်စိုး (မကွေးပြည်သူ့ဆေးရုံကြီး)၊ (ဗိုလ်ကြီးဇော်နိုင်စိုး)-ဒေါ်အေးမိစံ၊ ဦးဇော်မင်းစိုး-ဒေါ်နွယ်အေးခိုင်၊ ဦးအောင်ကျော်စိုး-ဒေါ်မိုးမိုးတို့၏ဖခင်၊ မနှင်းအေးလတ်၊ မောင်ကောင်းထက်၊ မသီရိစိုး၊ မရွှန်းလဲ့မေ၊ မောင်စိုးထိုက်၊ မမြတ်သန္တာစိုးတို့၏အဘိုးသည် ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြသန်း
### အသက်(၆၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ (ဦးထွန်းရှိန်-ဒေါ်ဖွားသိန်း) တို့၏သမီး၊ (ဦးတင်ဝင်း)၏ဇနီး၊ ဦးအောင်ဆွေ-ဒေါ်စန္ဒာဝင်း(မိုးသောက်ကြယ်စတိုး)၊ ဦးဝင်းဇော်-ဒေါ်သီတာဝင်း၊ ဦးနေလင်း-ဒေါ်နီလာဝင်း (ရွှေပန်းထိမ်လုပ်ငန်း)၊ ဒေါ်နိုင်နိုင်ဝင်းတို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၇၂၊ သုခလမ်း၊ သုံးလွှာ(အေ)၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်အေးအေးသော်
### ဒု-ညွှန်ကြားရေးမှူး(အာဟာရ၊ ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန
### အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမြသော်-ဒေါ်ငွေကြည်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးစံလှအောင်-ဒေါ်စေိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ရွှေပြည်စိုးအိမ်ရာ၊ မိုးစွေလမ်း၊ အမှတ် ၂၅၂/၇နေ ဒေါက်တာမျိုးသိမ်း(ဒု-ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)၏ဇနီး၊ ဦးမောင်မောင်မြင့်၊ ဒေါ်ခင်လေးမြင့်၊ ဦးမြင့်သိန်း (ဌာနစုမှူး၊ ငြိမ်း၊ MPPE ခရိတော)-ဒေါ်ခင်လှလှဝင်းတို့၏ညီမ၊ (မတင်တင်သော်)၏အစ်မ၊ ဗိုလ်ကြီးအောင်စည်သူမျိုး (တဆရ ၁၁/၁၀၀ မိုင်းဆက်၊ ဆရက-၂/၁၀၀၀၊ နေပြည်တော်-ယာယီတာဝန်)-ဒေါက်တာခင်လပြည့်ထွဏ်း (ဆေးသုတေသနဦးစီးဌာန)၊ မောင်ချမ်းငြိမ်းစိုး-မမျိုးမဥ္ဇူအေး၊ မောင်သန့်သူရမျိုးတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၀-၅-၂၀၁၅ရက် ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးသည် ပထမရှိရမည့် လိုအပ်ချက်ဖြစ်၍ ပြည်သူများပူးပေါင်းပါဝင်

စာမျက်နှာ-၃

# တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အထူးအလေးထားဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၁

**ပင်လယ်ပြင်အတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အရေးပေါ် စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဒုတိယသမ္မတ ဦးစိုးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။**



ဘင်္ဂါလီများတင်ဆောင်ပို့ဆောင်ပေးသည့် လူမှောင်ခိုရေယာဉ်များ။

အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြားတို့တွင် ဖြစ်ပေါ်လျက်ရှိသည့် ရွှေ့ပြောင်းအခြေချလိုသူများ၊ ပင်လယ်တွင်း လှေစီးဒုက္ခသည်များနှင့် ပတ်သက်ပြီး နိုင်ငံတကာသတင်းများတွင်အကျယ်တဝင့် ဖော်ပြလျက်ရှိကြောင်း။

ထိုသတင်းများကြောင့် နိုင်ငံတကာ အသိုက်အဝန်းတွင်လည်း စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရားမဝင် ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ တားဆီးနိုင်ရန်အတွက် မြန်မာ့ရေပိုင်နက်အတွင်း ပုံမှန်ကင်းလှည့်ခြင်း၊ ဘေးဒုက္ခရောက်သူများကို ရှာဖွေကယ်ဆယ်ခြင်းတို့ကို တပ်မတော်၏ ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ အဓိကတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ယခု သတင်းဖြစ်ပေါ်နေသည့် ပင်လယ်တွင်း လှေစီးဒုက္ခသည်များသည် လူမှောင်ခိုမှု၊ လူကုန်ကူးမှုများကို စီးပွားရေးလုပ်ငန်းကြီးတစ်ရပ်သဖွယ် ဆောင်ရွက်နေသည့် နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများ၏ သားကောင်များသာဖြစ်ကြောင်း၊ ယခုဖြစ်ရပ်များသည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ကြောင်း။

အဆိုပါ **ပင်လယ်တွင်း လှေစီးဒုက္ခသည်များသည် မြန်မာနိုင်ငံမှ လာသည်ဟု**

*စာမျက်နှာ ၈ ကော်လံ ၁* ●



ဘင်္ဂါလီများတင်ဆောင်ပို့ဆောင်ပေးသည့် လူမှောင်ခိုရေယာဉ် အတွင်းပိုင်းကို တွေ့ရစဉ်။

# မြန်မာယူ-၂၀ ကာတာအသင်းကို ရှုံးနိမ့်

ရန်ကုန် မေ ၂၁ ■ ဖိုးသော်ဇင်

၂၀၁၅ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာယူ-၂၀အသင်းနှင့် ကာတာယူ-၂၀အသင်းတို့ ယနေ့ နေ့လယ်ပိုင်းက ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ခြေစမ်းကစားခဲ့ရာ မြန်မာအသင်းက လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အာရှ ယူ-၁၉ ပြိုင်ပွဲ ဆီမီးတွင် တွေ့ဆုံဖူးသည့် ပြိုင်ဘက်ဟောင်း နှစ်သင်း ပြန်လည်ခြေစမ်းသည့်ပွဲ၌ ကာတာအသင်းက ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယခုပွဲတွင် ကွင်းလယ်ဒိုင်က

*စာမျက်နှာ ၁၀ ကော်လံ ၄* ◆



# ရိုးရာလက်ဝှေ့ ချန်ပီယံလုပွဲ မေ ၃၀ရက်တွင် ယှဉ်ပြိုင်မည်

သတင်း-မောင်စိန်လွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၁

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲကြီး (၂၀၁၅)ကို ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ယခုလာမည့် မေ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် စတင်ယှဉ်ပြိုင်ထိုးသတ်တော့မည်ဖြစ်ကြောင်း ပြိုင်ပွဲဖြစ်မြောက်ရေးအဖွဲ့မှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံရိုးရာ လက်ဝှေ့ရွှေခါးပတ်ချန်ပီယံလုပွဲကြီး ကို မြန်မာနိုင်ငံ၌ ၁၉၉၆ ခုနှစ်က ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ်တွင် နောက်ဆုံး ဆဋ္ဌမအကြိမ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ယခု လေးနှစ်ကျော်ကာလအတွင်း ပြန်လည်ကျင်းပမည့် ၂၀၁၅ ချန်ပီယံ ရွှေခါးပတ်လုပွဲသည် သတ္တမအကြိမ်မြောက်ဖြစ်သည်။ ယခုပြိုင်ပွဲကြီးကို ဦးစိုင်းဇော်ဇော် H & S Group နှင့် ထိုင်းနိုင်ငံ Color boy တို့က ပြိုင်ပွဲ ဖြစ်မြောက်ရေး ဦးဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❐






မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း
# လူမှုစီးပွားအားကစား
၂၀၁၅ခုနှစ်၊ မေ ၂၂ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**မင်္ဂလာပါ TPA**

စာ - ၃



လူမှုစီးပွား

**ဘားအံမြို့ သုနာပြန့်သင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံသစ်များဖွင့်လှစ်**

စာ - ၄



လူမှုစီးပွား

**ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်အမှတ်(၁၀)ပေါ်မှ သူငွေးကုန်းတံတား**

စာ - ၅





# ဂျူဗင်တပ်စ်ရဲ့စွမ်းထက်ချိန်နဲ့ စောင့်ကြည့်ရဦးမယ့်

## အီတလီဘောလုံးလောက

လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကာလက အင်တာမီလန် အသင်း ချန်ပီယံလိဂ် ဆုဖလား ရရှိခဲ့တယ်။ အဲဒီအချိန်တုန်းက အင်တာမီလန်အသင်းကို မော်ရင်ညို ကိုင်တွယ်တာကြောင့် စီးရီးအေကို လူတိုင်း စိတ်ဝင်စားတယ်လို့ဆိုရင်တော့ မှန်မှာမဟုတ်ပါဘူး။ အဲဒီအချိန်တုန်းကဆိုရင် စီးရီးအေကလပ် အင်တာမီလန်အသင်းဟာ ဥရောပဘောလုံးလောကကို အုပ်စိုးထားရုံသာမက ပြည်တွင်းအမှတ်ပေး ပြိုင်ပွဲတွေကို ကြည့်မယ်ဆိုရင်လည်း စီးရီးအေဆုဖလားကို နှစ်နှစ်ဆက်တိုက် ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် အဲဒီအချိန်ဟာ အီတလီဘောလုံးလောကရဲ့ရွှေရောင်တောက်ပတဲ့အချိန်လို့လည်း ပြောရမှာ ဖြစ်ပါ တယ်။

အဲဒီအချိန်တုန်းကဆိုရင် စီးရီးအေလို့ ဆိုလိုက်တာနဲ့ သပ်သပ်ရပ်ရပ်၊ ဂုဏ်သိက္ခာရှိရှိနဲ့ စိတ်အားထက်သန်စွာ ယှဉ်ပြိုင်ကစားနေကြတဲ့ အီတလီ ပြည်တွင်းထိပ်တန်း အမှတ်ပေးပြိုင်ပွဲကို မျက်စိထဲ ပြေးမြင်ကြမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း စီးရီးအေပြိုင်ပွဲတွေကို လူတိုင်း ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်ကြည့် ချင်စရာလိဂ်အဖြစ်လည်း ရှိနေခဲ့ပါ တယ်။

ဒါပေမယ့်ပြီးခဲ့တဲ့ငါးနှစ်ကာလအတွင်းမှာတော့ အီတလီမှာရှိတဲ့ဘောလုံးကလပ်တွေကို လူတွေကမေ့လျော့လာခဲ့ကြပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လွန်ခဲ့တဲ့ ငါးနှစ်အတွင်းအီတလီစီးရီးအေ အသင်းတွေဟာ ဥရောပထိပ်တန်း အသင်းတွေသာ ယှဉ်ပြိုင်ကြတဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ကိုတောင် တက် ရောက်နိုင်ခဲ့ခြင်း မရှိခဲ့လို့ပါ။ အဲဒါကို ကြည့်ခြင်းအားဖြင့် အီတလီဘောလုံးလောကဟာ ဘယ်လောက်တောင် နိမ့်ကျသွားလဲဆိုတာကိုတောင် တွေ့မြင်နိုင်ပါတယ်။

အီတလီ ဘောလုံးလောကရဲ့နိမ့်ကျသွားခြင်းရဲ့ အဓိကအကြောင်း တရားတွေကတော့ အီတလီဘောလုံး လောကကို ထိပ်တန်းဘောလုံးသမား တွေ မခေါ်ယူနိုင်တာနဲ့ ပြည်တွင်း ပါရမီရှင် ကစားသမားတွေ ခန်း ခြောက်လာခဲ့တာကြောင့်လည်း ဖြစ်ပါ တယ်။ ဒါကြောင့် အီတလီအသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလားမှာဆိုရင် အုပ်စု အဆင့်ကနေ ထွက်ခဲ့ရတဲ့ အခြေအနေကို ဆိုက်ရောက်သွားခဲ့ရပါတယ်။

စာမျက်နှာ ၇ သို့

**အောင်က**

မြန်မာ့အလင်း
၂၂-၅-၂၀၁၅ (သောကြာနေ့)

# Man City

## Vs

# Southampton

| | |
|---|---|
| Competition | Premier League |
| Date | 24 May 2015 |
| Game week | 38 |
| Kick-off | 20:30 |
| Venue | (Etihad Stadium) |


*လာမယ့် မေလ ၂၄ ရက်နေ့မှာ ပရီမီယာလိဂ်ပွဲစဉ်(၃၈)ကို တစ်ချိန်တည်း ယှဉ်ပြိုင်ကစားကြမယ်။ အဲဒီပွဲမှာ ယူရိုပါလိဂ်ဝင်ခွင့်မျှော်လင့်နေတဲ့ ဆောက်သမ်တန်က မန်စီးတီးရဲ့ကွင်းမှာသွားကစားရမှာဖြစ်လို့ နိုင်ပွဲရယူနိုင်မလား စောင့်ကြည့်ရမယ်။*

## PREDICTED TEAM

အခုနောက်ပိုင်းမှာ မန်စီးတီးရဲ့ ကစားပုံကောင်းမွန်လာတာတွေ့ရတယ်။ အထူးသဖြင့် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိနေပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေရနေတော့ နောက်ဆုံး ငါးပွဲဆက်တိုက်အနိုင်ကစားသွားနိုင်ခဲ့တယ်။ ဒါပေမယ့် မန်စီးတီးရဲ့ ခံစစ်ပိုင်းကတော့ တန်ပြန်တိုက်စစ်ကောင်းမွန်တဲ့အသင်းတွေကို ဂိုးပေးရလေ့ရှိတာ သတိပြုရမယ်။

## KEY PLAYER

မန်စီးတီးမှာ အရည်အသွေးပိုင်းထက်မြက်တဲ့ ကစားသမားအများအပြားရှိပေမယ့် အဲဒီအထဲမှာတော့ အဂွေရိုက ဒီနှစ်အထူးခြားဆုံးပဲ။ အသင်းအတွက် အရေးပါတဲ့ ဂိုးတွေကို သွင်းယူပေးနိုင်သလို ကစားဖော်တွေ ဂိုးသွင်းနိုင်အောင်လည်း တံ့ပြန်ဖန်တီးပေးနိုင်လို့ မန်စီးတီးမှာတော့ အဂွေရိုက အဓိကပဲ။




## PREDICTED TEAM

ဆောက်သမ်တန်အတွက်ကတော့ ဒီပွဲက အရေးကြီးတယ်။ အခုတစ်ပွဲသာကျန်တဲ့အခြေအနေမှာ လီဗာပူးနဲ့ နှစ်မှတ်။ စပါးထက် တစ်မှတ်သာလျော့လို့ ယူရိုပါလိဂ်ဝင်ခွင့် မျှော်လင့်နိုင်သလို ယူရိုပါလိဂ်ဝင်ခွင့်ရချင်ရင် ဒီပွဲမှာ မဖြစ်မနေ အနိုင်ရဖို့လိုအပ်ပြီး တင်ကစားမှာလည်း သေချာတာပဲ။ ဗီလာကို နိုင်တဲ့ပွဲမှာလည်း အသင်းလိုက်ကစားပုံသိပ်ကောင်းခဲ့တယ်။

## KEY PLAYER

ဗီလာနဲ့ပွဲမှာတော့ မာနီက ဆောက်သမ်တန်အတွက် သူရဲကောင်းပဲ။ ပွဲချိန် ၁၃ မိနစ်ကနေ ၁၆ မိနစ်အတွင်း တစ်ဦးတည်း သုံးဂိုးသွင်းပြခဲ့လို့ ပရီမီယာလိဂ် သမိုင်းမှာ အမြန်ဆုံး ဟက်ထရစ်ရှင်၊ အစောဆုံး ဟက်ထရစ် သွင်းနိုင်သူအဖြစ် စံချိန်တွေတောင် တင်နိုင်ခဲ့သလို တိုက်စစ်ကိုလည်း ဦးဆောင်နိုင်သူဖြစ်တယ်။



# ဒီဂီယာကို ရောင်းချမည်မဟုတ်ဟု ရီးရဲထံ မန်ယူအသင်း အကြောင်းကြားခဲ့ဟု သတင်းထွက်ပေါ်လာ

**မန်ယူအသင်းသည် ဂိုးသမား ဒေးဗစ်ဒီဂီယာအား ရောင်းချမည်မဟုတ် ဟု ရီးရဲမက်ဒရစ်အသင်းထံ အကြောင်းကြားခဲ့ကြောင်း စပိန်ရေဒီယိုကွန်ရက်တစ်ခုဖြစ်သည့် Cadena COPE မှ သတင်းထုတ်ပြန်လိုက်သည်။**

မန်ယူအသင်းမန်နေဂျာ လူးဝစ်ဗန်ဟားလ်က ဂိုးသမား ဒီဂီယာအနေဖြင့် သူ၏အနာဂတ်ကို ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ သို့သော်လည်း ဒီဂီယာသည် အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ရခြင်းမရှိသေးကြောင်း ပြီးခဲ့သည့် တနင်္ဂနွေနေ့က ပြောဆိုခဲ့သည်။

"မန်ယူနဲ့ ရီးရဲမက်ဒရစ်တို့ဟာ ထိပ်တန်းအသင်းကြီးနှစ်သင်းဖြစ်ပြီး ဒီနှစ်သင်းအနက်က တစ်သင်းကို ရွေးချယ်ရတာဟာ မလွယ်ကူပါဘူး။ တကယ်လို့ မန်ယူမှာ ဒီဂီယာ ဆက်ရှိနေမယ်ဆိုရင်တော့ ကျွန်တော်တို့ တကယ့်ကို ဝမ်းသာမိမှာပါ။ ဒီဂီယာကိုယ်တိုင်ကလည်း မန်ယူကို အလွယ်တကူစွန့်ခွာသွားဖို့ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူဟာလက်ရှိအချိန်မှာလည်း ကမ္ဘာ့အကောင်းဆုံးကလပ်အသင်း တစ်သင်းမှာ ရှိနေတာကြောင့်ပါ။ဒါပေမယ့် ဒီဂီယာက စပိန်လူမျိုးဖြစ်ပြီး စပိန်နိုင်ငံမှာလည်း သူ့ရဲ့ချစ်သူရှိနေတာကြောင့် သူ့အတွက် ရွေးချယ်ဖို့ခက်ခဲနေရတယ်" ဟု မန်နေဂျာ ဗန်ဟားလ်က ပြောဆိုခဲ့သည်။

အက်သလက်တီကိုအသင်း ဂိုးသမားဟောင်း ဒီဂီယာသည် လာမည့် နွေရာသီအတွင်းတွင် ရီးရဲမက်ဒရစ်အသင်းသို့ ငါးနှစ် သို့မဟုတ် ခြောက်နှစ် သက်တမ်းရှိစာချုပ်ဖြင့် ပြောင်းရွှေ့မည်ဖြစ်ပြီး ရီးရဲအသင်းတွင် တစ်နှစ် လုပ်ခ ငွေ ပေါင် လေးသန်း ရရှိမည်ဖြစ်ကြောင်း ပြီးခဲ့သည့်သီတင်းပတ်အတွင်းတွင် မာကာသတင်းစာက ဖော်ပြခဲ့သည်။



သို့သော်လည်း မန်ယူအသင်းသည် အသက် ၂၄ နှစ်အရွယ်ရှိ ဂိုးသမား ဒီဂီယာအား ရောင်းချမည်မဟုတ်ဘဲ မန်ယူတွင် ဒီဂီယာ ဆက်ရှိနေစေရန်အတွက် တစ်ပတ်လုပ်ခငွေပေါင် ၂၅၀၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း Cadena COPE ၏ ဖော်ပြချက်တွင် ပါရှိသည်။

ဂိုးသမားဒီဂီယာသည် ယခုနှစ်ဘောလုံးရာသီအတွက် မန်ယူအသင်းကစားသမားများက ရွေးချယ်သည့် မန်ယူတစ်နှစ်တာအကောင်းဆုံးကစားသမားဆု၊ မန်ယူပရိသတ်များက ရွေးချယ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုများကို ရရှိခဲ့သည်။


ဂိုးသမား ဒီဂီယာသည် Sir Matt Busby တစ်နှစ်တာအကောင်းဆုံးကစားသမားဆုဟု ထင်ရှားသည့် မန်ယူပရိသတ်များ ရွေးချယ်သော တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို နှစ်နှစ်ဆက်တိုက်ရရှိသည့် စတုတ္ထမြောက် ကစားသမားဖြစ်သည်။ ယခင်က အဆိုပါဆုကို ရှိုင်ကိန်း၊ နစ္စတဲလ်ရှိုင်း နှင့် ခရစ္စတီယာနိုရော်နယ်ဒိုတို့က နှစ်နှစ်ဆက်တိုက် ရရှိခဲ့ဖူးသည်။

## EPL LAST 5 MATCHES

W {2-4} W{6-0} W{0-1} W{3-2} W{2-0}

## POSSIBLE LINEUP (MAN CITY)

1. ဂျိုးဟတ်
5. ဘောလက်တာ
11. ကိုလာရော့ဗ်
20. မန်ဂါလာ
26. ဒီမစ်ချယ်လီ
7. မီလ်နာ
25. ဖာနန်ဒင်ညို
18. လမ်းပတ်
21. ဆေးလ်ဗား
42. ယာယာတိုရေး
16. အဂွေရို




## EPL LAST 5 MATCHES

W {6-1} L{2-0} L{2-1} D{2-2} L{2-1}

## POSSIBLE LINEUP (SOUTHAMPTON)

25. ဂါဇာနီဂါ
21. ဘာထရန့်
2. ကလိုင်း
6. မွန်တီ
19. အယ်ဒါဝီလ်ရက်
12. ဝမ်ယာမာ
8. ဒါဗီးစ်
10. မာနီ
16. ပရိုစီ
19. ပယ်လီ
7. ရှိန်းလောင်း




## OTHER MATCHES

### အာဆင်နယ်-ဝက်စ်ဘရွန်း

ဝက်စ်ဘရွန်းက အမှတ်မလိုတော့ပါဘူး။ အာဆင်နယ်ကတော့ ကစားပုံ ကောင်းနေသလို အိမ်ကွင်းလည်းဖြစ်တာကြောင့် အမှားခံမှာ မဟုတ်ဘူး။ အာဆင်နယ်ပဲနိုင်မယ်။

### ဗီလာ-ဘန်လေ

ဗီလာက တန်းမဆင်းနိုင်တော့သလို ဘန်လေကလည်း တန်းဆင်းသွားရပါပြီ။ ဒါပေမယ့် အသင်းလိုက်ခြေစွမ်းနဲ့ တိုက်စစ်ပိုင်းမှာ ဗီလာက ပိုမိုကောင်းမွန်လို့ ဗီလာပဲနိုင်မယ်။

### ချယ်လ်ဆီး-ဆန်းဒါးလန်း

အခုနောက်ပိုင်း ဆန်းဒါးလန်းရဲ့ကစားပုံ မဆိုးဘူးဆိုပေမယ့် ချန်ပီယံချယ်လ်ဆီးက အိမ်ကွင်းနောက်ဆုံးပွဲမှာ အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ဘူး။ ချယ်လ်ဆီးပဲနိုင်ပွဲရမယ်။

### ပဲလေ့စ်-ဆွမ်ဆီး

ဆွမ်ဆီးက ယူရိုပါလိဂ်ဝင်ခွင့်မျှော်လင့်လို့မရတော့ပါဘူး။ ပဲလေ့စ်ကလည်း တန်းတင်ကျန်ရစ်ခဲ့ပါပြီ။ ဒါပေမယ့် ပဲလေ့စ်ကွင်းဖြစ်ပြီး ခြေလည်းကောင်းနေလို့ ပဲလေ့စ်အနိုင်ပါ။

### အဲဗာတန်-စပါး

ယူရိုပါလိဂ်ဝင်ခွင့်ရဖို့ ဒီပွဲအနိုင်ရမှုဖြစ်မယ့် စပါးရဲ့ ရုန်းကန်အားကို ခြေသာမန်သာရှိတဲ့ အဲဗာတန်တို့ ထိန်းချုပ်ဖို့ခက်ပါတယ်။

### ဟားလ်-မန်ယူ

တန်းမဆင်းရဖို့အတွက် ရုန်းကန်လာမယ့် ဟားလ်ရဲ့ကစားအားကြောင့် မန်ယူအခက်တွေ့နိုင်ပြီး နိုင်ရင်တောင် ပြတ်သားဖို့ခက်တယ်။

### လက်စတာ-ကျူပီအာ

လက်စတာက တန်းတင်ကျန်ရစ်ခဲ့ပါပြီ။ ကျူပီအာက တန်းဆင်းသွားပြီမို့ ခြေအရလက်စတာက ပိုကောင်းလို့ လက်စတာကပ်နိုင်မယ်။

### ကာဆယ်-ဝက်စ်ဟမ်း

ဒီပွဲနိုင်တာနဲ့ တန်းမဆင်းရဖို့သေချာမယ့် ကာဆယ်တို့ ခြေကုန်ထုတ်မှာဖြစ်ပြီး ခြေသာမန်သာရှိတဲ့ ဝက်စ်ဟမ်းကို အနိုင်ရယူသွားမှာပါ။

### စတုတ်-လီဗာပူး

ဒီပွဲအနိုင်ရမှ ယူရိုပါလိဂ်ဝင်ခွင့်ရမှာဖြစ်လို့ လီဗာပူး ခြေကုန်ထုတ်ကစားလာမှာသေချာပြီး စတုတ်ကို ကပ်အနိုင်ရသွားမှာပါ။ **လင်းဆက်**

ရှမ်းပြည်နယ်

# မင်္ဂလာပါ TPA



ညောင်ရွှေမြို့နယ် ကန်ခေါင်းမူလွန်ကျောင်း၌ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ ကျောင်းသူ ကျောင်းသားလေးများနှင့် တွေ့ဆုံစဉ်။

မင်္ဂလာပါ. . . . .

မင်္ဂလာပါ. . . . .

သူတို့အဖွဲ့နှင့်ဆုံသည့်အခါတိုင်း မင်္ဂလာပါဟု အပြန်အလှန်နှုတ်ဆက်ဖြစ်ခဲ့သည်။ သူတို့သည် ဂျပန်လူမျိုးများဖြစ်ကြပြီး မြန်မာစကားကို ကောင်းမွန်စွာပြောတတ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုတို့ကို လေးစားတန်ဖိုးထားတတ်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် ကျွန်တော်ထင်မြင်ယူဆမိပါသည်။ ထိုအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော Ms. Shibata Kyoko ၏ မြန်မာအမည်မှာ မြတ်နိုးဝေ ဖြစ်သည်။ TPA ခေါ် ကမ္ဘာ့လူသားအဖွဲ့အစည်း (Terra People Association) ကို ဂျပန်နိုင်ငံ ဆာကာမြို့၌ ၁၉၈၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအပါအဝင် ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများနှင့် TPA တို့ ရေစက်ဆုံရခြင်းမှာ ကျောက်တလုံးကြီးဒေသ မွေတော်ကက္ကုဘုရားကို သွားရောက်ဖူးမြော်ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။ TPA အဖွဲ့သည် ၂၀၀၁ ခုနှစ်လောက်က လေ့လာရေးခရီးစဉ်အဖြစ် ကျောက်တလုံးကြီးဒေသသို့ရောက်ရှိလာခဲ့သည်။ ထိုအချိန်က ဂျပန်နိုင်ငံမှ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် Karamosia International သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသများတွင် ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေချိန်ဖြစ်သည်။ ယင်းအဖွဲ့ကဲ့သို့ ဒေသအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လိုသဖြင့် အပြန်အလှန် ဆက်နွယ်အကျိုးပြု လူမှုအဖွဲ့အစည်း ဖန်တီးဖော်ဆောင်ခြင်း စီမံကိန်းကို ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသများ၌ ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့ကြခြင်းဖြစ်၏။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် TPA တို့အကြား နားလည်မှုစာချွန်လွှာ (MoU) တို့လက်မှတ်ရေးထိုး၍ ၂၀၀၃ ခုနှစ် အောက်တိုဘာလမှ ၂၀၀၆ ခုနှစ် စက်တင်ဘာလအထိ အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၉ သန်းဖြင့် ကျောက်တလုံး၊ နောင်ကား၊ တောင်ဘို့ကြီး၊ စလဲနှင့် ပင်းတယဒေသများတွင် လူမှုဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေးနှင့်ယဉ်ကျေးမှုဖလှယ်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အလားတူ စီမံကိန်းဒုတိယအဆင့်ဖြစ်သော ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၄ သန်းဖြင့် အထက်ပါဒေသများ၌ ရေရရှိရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်တည်ဆောက်ခြင်း လုပ်ငန်းများ အပါအဝင် ကျွဲဘဏ်၊ ဝက်ဘဏ်၊ ကြက်သွန်ဖြူဘဏ် အစရှိသည့်လုပ်ငန်းများကိုပါ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ စီမံကိန်းတတိယအဆင့်ကို ၂၀၁၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အမေရိကန် ဒေါ်လာ ၀ ဒသမ ၇၅ သန်းဖြင့်လည်းကောင်း၊ စီမံကိန်းစတုတ္ထအဆင့်ကို ၂၀၁၂ ခုနှစ် မတ်လမှ ၂၀၁၅ ခုနှစ် မတ်လအထိ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်နှင့် ကျောက်တလုံးကြီးဒေသများတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅သန်းဖြင့်လည်းကောင်း စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် MoU လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုလည်း စီမံကိန်းပဉ္စမအဆင့်အဖြစ် ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်များနှင့် နောင်တရား၊ ကျောက်တလုံးဒေသများတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅ သန်းဖြင့် စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် မေ ၁၅ ရက်တွင် MoU လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းလက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက အမှာစကားပြောကြားရာတွင် အပြန်အလှန်ဆက်နွယ်အကျိုးပြု လူမှုအဖွဲ့အစည်း ဖန်တီးဖော်ဆောင်ခြင်းစီမံကိန်းအား ထပ်မံလက်တွဲပူးပေါင်းဆောင်ရွက်မှုအတွက် ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ယနေ့လက်မှတ်ရေးထိုးပွဲ အခမ်းအနားသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်ရွာဒေသဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်မှုသမိုင်းမှာ အရေးပါတဲ့ စာမျက်နှာတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နှစ်ဦးနှစ်ဖက် ညှိနှိုင်းတိုင်ပင်မှု၊ နီးကပ်စွာပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ကူညီပံ့ပိုးမှုတို့ဖြင့် မဆုတ်မနစ် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း သက်ဆိုင်ရာအဖွဲ့များအနေဖြင့်လည်း စီမံချက်ပါလုပ်ငန်းများအတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

Terra People Association မှ President ဖြစ်သူ Mr. Yamaguchi Hisaomi က ပြန်လည်ရှင်းလင်းပြောကြားရာတွင် TPA အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသများတွင် အပြန်အလှန်ဆက်နွယ်အကျိုးပြု လူမှုအဖွဲ့အစည်း ဖော်ဆောင်ရေးစီမံကိန်းအရ စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှုဖလှယ်ရေး စသည့်လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းကာလ သုံးနှစ်အတွင်း ဂျပန် NGO တစ်ခုအနေဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှနှင့် Terra People Association မှ President ဖြစ်သူ Mr. Yamaguchi Hisaomi တို့မှ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ အထက်ပါစီမံကိန်းအရ TPA သည် စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း၊ အသေးစားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးခြင်း၊ သောက်သုံးရေသွယ်ယူခြင်း၊ စိုက်ပျိုးမွေးမြူရေး ရက်ရှည်သင်တန်းများ ဖွင့်လှစ်ခြင်း၊ အသေးစားဆည်များတည်ဆောက်ပေးခြင်း၊ အမကကျောင်းများဆောက်လုပ်ပေးခြင်းနှင့် မူကြိုကျောင်းများဖွင့်လှစ်ပေးခြင်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံလူငယ်များအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ထိတွေ့ဆက်ဆံခွင့်ရရှိပြီး ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဖလှယ်ရေးတို့အတွက် Study Tour များအပြန်အလှန်သွားလာ လည်ပတ်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ အင်းလေးကန်ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များထိန်းသိမ်းကာကွယ်ရန် ပူးပေါင်းဆောင်ရွက်ပေးခြင်း စသော လုပ်ငန်းများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းစတုတ္ထအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော TPA ၏ လုပ်ငန်းများထဲ၌ ထင်ရှားသည့်ဒေသအကျိုးပြုလုပ်ငန်းများမှာ ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာအုပ်စု ရေပြုန်ရေထွက်မှ သန့်ရှင်းသော သောက်သုံးရေကို အင်းလေးဒေသရှိ ဘုရားနှစ်ဆူ၊ ကျေးရွာပေါင်း ၂၃ ရွာမှ အိမ်ခြေ ၁၈၂၅ လုံးသို့ ဖြန့်ဝေပေးခြင်း၊ ကင်တုတ်ဆည် တည်ဆောက်ပေးခြင်း၊ မိုင်းသောက်ဒေသ သစ်တောစိုက်ခင်းတည်ထောင်ခြင်းတွင် အပင်ပေါင်းတစ်သိန်း ပါဝင်စိုက်ပျိုးပေးခြင်း၊ ဂျပန်နိုင်ငံသို့ စိုက်ပျိုးရေးလေ့လာရေးခရီးစဉ် ခြောက်ဦးစေလွှတ်ပေးခြင်းတို့ အပါအဝင် သောက်သုံးရေသွယ်ယူခြင်း ကိုးမိုင်၊ စိုက်ပျိုးရေသွယ်ယူခြင်း ခုနစ်မိုင်၊ မူကြိုကျောင်း လေးကျောင်း၊ မူလတန်းကျောင်း ငါးကျောင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ၎င်းအပြင် အပြန်အလှန်ဆက်နွယ်အကျိုးပြု စိုက်ပျိုးမွေးမြူရေးသင်တန်းများ၊ ယဉ်ကျေးမှုဖလှယ်ရေးအတွက် လေ့လာရေးအစီအစဉ်များကိုပါ ဆောင်ရွက်ပေးခဲ့သည်။ TPA က ဆောင်ရွက်ပေးသော ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဒေသခံပြည်သူလူထုအတွက် အကျိုးပြုလုပ်ငန်းများ ဖြစ်စေခဲ့သည်။

TPA အဖွဲ့အား ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသရှိ တိုင်းရင်းသားသွေးချင်းများက ထာဝရ ကျေးဇူးတင်လျက်ရှိနေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။



TPA မှ ဆောင်ရွက်နေသော နောင်ကားသင်တန်းကျောင်းရှိ သစ်တောပျိုးဥယျာဉ်။

မြင့်စိုး(နတလ)

**ကရင်ပြည်နယ်**

# ဘားအံမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အဆောက်အအုံသစ်များ ဖွင့်လှစ်

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သည့် ဆရာဝန်၊ သူနာပြု၊ သားဖွားများနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသလို အခြေခံကျသော အဆောက်အအုံများကိုလည်း ဆောက်လုပ်ပေးလျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံသစ်များကို ကျန်းမာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေနှင့် ဆောက်လုပ်ပြီးစီးသွားသဖြင့် ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက် ၈ နာရီက အဆိုပါ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံသစ်၌ ကျင်းပသည်။

အဆောက်အအုံသစ်များကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်တို့ တက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဆောက်အအုံသစ်များနှင့် ပတ်သက်၍ ကျောင်းအုပ်ဒေါ်သင်းနွဲ့အေးက ရှင်းလင်းတင်ပြသည်။



အဆိုပါ အဆောက်အအုံသစ်များမှာ ကျန်းမာရေးဝန်ကြီးဌာန ကရင်ပြည်နယ် ဘားအံမြို့ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး ဦးစီးဌာန သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ၂၀၁၃-၂၀၁၄ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၅၀၀ ဖြင့် မြဒေးကြွယ်လင်းကုမ္ပဏီက တာဝန်ယူ တည်ဆောက်သော အလျား ၁၁၆ ပေ ၊ အနံ ပေ ၄၀၊ အမြင့် ၃၆ ပေရှိ RCC သုံးထပ် သူနာပြုသင်တန်းကျောင်း တစ်ဆောင်၊ အလျား ၇၅ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၃၆ ပေရှိ RCC သုံးထပ်သားဖွားသင်တန်းကျောင်းဆောင်အပြင် အခြားအဆောက်အအုံများမွမ်းမံခြင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၈၀၀ ဖြင့် အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ နှစ်ထပ်သင်တန်းသား အိပ်ဆောင်တစ်ဆောင်နှင့် အလျား ၇၆ ပေ ၊ အနံ ၃၅ ပေရှိ လေးခန်းတွဲ ဆရာ ဝန်ထမ်းအိမ်ရာ တစ်ဆောင်အပြင် အခြားအဆောက်အအုံများ မွမ်းမံခြင်းကို လည်းကောင်း၊ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၀၀၀ ဖြင့် ဝင့်ယုနဒီဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီက တည်ဆောက်ပြီးစီးသော အလျား ၆၅ ပေ ၊ အနံ ၃၅ ပေရှိ နှစ်ထပ်ပင်မဆောင် အကြီးစားပြုပြင်မွမ်းမံခြင်း၊ အလျား ၄၅ ပေ၊ အနံ ၂၅ ပေရှိ နှစ်ခန်းတွဲ လေးထပ်ဝန်ထမ်း အိမ်ရာတစ်လုံးတည်ဆောက်ခြင်းနှင့် ခြံစည်းရိုး၊ အုတ်တံတိုင်းကာရံမွမ်းမံခြင်း လုပ်ငန်းများကို စုစုပေါင်းငွေကျပ်သိန်း ၈၃၀၀ ဖြင့် ဆောက်လုပ်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်**

**မကွေးတိုင်းဒေသကြီး**

# ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင်ဧက(၁၀၀)စနစ်တကျလယ်ယာမြေဖော်ထုတ်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စုရှိ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧရာဝတီမြစ်မှမြစ်ရေကိုရယူ၍ မြစ်ရေတင်စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၈- ၂၀၀၉ ခုနှစ်တွင် လယ်ယာမြေများအား စတင်ရေပေးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင်မိုးစပါး ၅၀၇ ဧက၊ နွေစပါး ၁၇၀ ဧကတို့အတွက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှစိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

အောက်ဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဧရိယာနယ်မြေကွင်းအမှတ် ၁၁၂၂/၁၁၂၃ ရှိ တောင်သူ ၆၄ ဦး၏သဘောဆန္ဒကိုရယူကာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၅၀ ဖြင့် စနစ်တကျလယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို မေ ၁၅ ရက်မှစတင်၍ မြို့နယ်မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများ၊ အမှတ်(၇)စက်မှုလယ်ယာစခန်း ပခုက္ကူမှဝန်ထမ်းများပူးပေါင်း၍ မြေတိုင်းတာခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် အမှတ်(၇)စက်မှုလယ်ယာစခန်း ပခုက္ကူမြို့နယ်ဦးစီးမှူး ဦးလှသန်းဦးစီး၍ ယန္တရားကြီးများဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တစ်ဧကလျှင် အလျား ၃၆၃ ပေ အနံ ၁၂၀၊ စနစ်တကျလယ်ယာမြေဧက ၁၀၀ ဖော်ဆောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ယခင်စပါးစိုက်ဧက တစ်ကွက်ချင်းအလိုက် ကန်သင်းဟောင်းများပြုပြင်ခြင်း၊ မြေညှိခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း လယ်ယာမြေဖော်ထုတ်ရာတွင် တောင်သူများ၏သဘောတူညီမှု၊ စိုက်ပျိုးရေရရှိမှု၊ ရန်ပုံငွေခွဲဝေချထားရေးအပေါ်မူတည်၍ ဆောင်ရွက်ရခြင်းဖြစ်သည်။



စနစ်တကျလယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ရာတွင် ကုန်ထုတ်လမ်းသုံးလမ်း၊ ရေပေးမြောင်း ငါးခု၊ ရေထုတ်မြောင်း ခြောက်ခုပါဝင်မည်ဖြစ်ပြီး စနစ်တကျလယ်ယာမြေဧက ၁၀၀ အတွက် စိုက်ပျိုးရေကို လက်တံသုံးမှုရယူဆောင်ရွက်မည်ဖြစ်ပြီး စနစ်တကျလယ်ယာမြေဖော်ထုတ်ခြင်းကြောင့် စိုက်ပျိုးရေကိုအချိန်တိုအတွင်း စနစ်တကျရယူသုံးစွဲနိုင်ခြင်း၊ ရေလေလွင့်ဆုံးရှုံးမှုနည်းပါးခြင်း၊ ကုန်ထုတ်စရိတ်၊ စိုက်ပျိုးစရိတ်သက်သာပြီး လုပ်သားရှားပါးမှုပြဿနာများဖြေရှင်းနိုင်ခြင်း၊ ယာဉ်ယန္တရားများဝင်ရောက်၍ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ သီးနှံများကို အချိန်နှင့်တစ်ပြေးညီစိုက်ပျိုးခြင်း၊ ရိတ်သိမ်းနိုင်ခြင်းတို့ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်** (iprd)

ဧရာဝတီတိုင်းဒေသကြီး

# ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်အမှတ်(၁၀)ပေါ်မှ သူငွေးကုန်းတံတား



သူငွေးကုန်းတံတားကို တွေ့ရစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ပထဝီအနေအထားပေါ်မူတည်၍ နယ်စပ်ဒေသအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် လမ်းများဖောက်၍ တံတားများ တည်ဆောက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်စေရန် ရည်ရွယ်၍ လမ်းကွန်ရက်များဖောက်လုပ်ပေးလျက်ရှိရာ လမ်းကွန်ရက်အမှတ်(၁၀) ဘိုကလေး - မော်လမြိုင်ကျွန်း - ကျုံမငေး-ဝါးခယ်မ-မြောင်းမြကားလမ်းပေါ်မှ သူငွေးကုန်းတံတားကို တံတားဦးစီးဌာန တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)မှ ၃၀-၉-၂၀၁၄ ရက်က တံတားတစ်စင်းလုံး ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့သဖြင့် အများပြည်သူတို့ကို အသုံးပြုခွင့်ပေးခဲ့သည်။

စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ အလျား ၂၅၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေ၊ ရေလမ်းကင်းလွတ်အမြင့် ခုနစ်ပေ၊ အကျယ် ၅၅ ပေ (ရေအတက်ဆုံးအချိန်) တံတားတည်ဆောက်ပုံမှာ အုတ်မြစ် (၀ ဒသမ ၈ မီတာအချင်းဘိုးပိုင်)နှင့် တံတားအပေါ်ထည်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

တံတားဦးစီးဌာန တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ရွှေပေါက်ကံတံတား၊ ကုက္ကိုဝတံတား၊ ခရမ်း-သန်လျင်-ပဲခူးကားလမ်းပေါ်မှ ဖွဲ့တွန်တံတား၊ လမ်းကွန်ရက်အမှတ်(၁၀)မှ ကျွဲခြံရေကျော်တံတား၊ သူငွေးကုန်းတံတားအပါအဝင် မြန်မာ-ဂျပန် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အထိမ်းအမှတ် သာကေတတံတားသစ်ကိုလည်း တင်ဒါအောင်မြင်ခဲ့၍ ဂျပန်ကုမ္ပဏီများနှင့် ပူးပေါင်းပါဝင် တည်ဆောက်လျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်**

စစ်ကိုင်းတိုင်းဒေသကြီး

# စိုက်ပျိုးရေပေးဝေနိုင်မည့် ရေလွှဲဆည်များ တည်ဆောက်ပြီးစီး



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် ရေလွှဲဆည်များ တည်ဆောက်ပြီးစီးကြောင်း သိရသည်။

အဆိုပါရေလွှဲဆည်များကို ရေရှင်ကျေးရွာအုပ်စု ဟဲကင်းကျေးရွာ၌ ခွင့်ပြုငွေကျပ်သန်း ၅၀၀ ဖြင့် အလျားပေ ၄၀၊ ဧက ၂၀၀ ရေပေးဝေနိုင်မည့်ရေလွှဲဆည်ကို လည်းကောင်း၊ ကုန်းကြီးကျေးရွာတွင် ခွင့်ပြုငွေကျပ်သန်း ၁၅၀ ဖြင့် အလျား ပေ ၂၀၊ ၃၈ ဧက ရေပေးနိုင်မည့်ရေလွှဲဆည်တို့ကို လက်ထောက်ညွှန်ကြားရေးမှူးရုံး (၂) တည်ဆောက်ရေး(၄)က တာဝန်ယူ၍လည်းကောင်း၊ ထိန်တောကျေးရွာ တမံအရှည်ပေ၂၀၀ ဧက ၁၅၀ ရေပေးနိုင်မည့်လမ်းဖြစ်တာဖြစ်ရေလွှဲဆည်ကို ကန့်ဘလူ ဆည်မြောင်းထိန်းသိမ်းရေးက တာဝန်ယူတည်ဆောက်ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ကျေးရွာနေပြည်သူများအနေနဲ့ တောင်သူလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးရေအတွက် မိုးရေကိုသာ အဓိကထားစိုက်ပျိုးရတော့ မိုးခေါင်ရင် အခက်အခဲမျိုးစုံ ကြုံတွေ့ရတယ်။ အခုလို ရေလွှဲဆည်နဲ့ လမ်းဖြစ်တာဖြစ်ဆည်တွေ တည်ဆောက်လိုက်တော့ စိုက်ပျိုးရေအတွက်အဆင်ပြေပြီး လယ်ယာလုပ်ငန်းတိုးချဲ့စိုက်ပျိုးနိုင်မယ့်အပြင် ကျွဲနွားများ သောက်သုံးရေဖူလုံစွာရရှိမှာ ဖြစ်ပါတယ်" ဟု ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

ကချင်ပြည်နယ်

# ရွှေကူမြို့နယ် မြို့ကုန်းကျေးရွာအုပ်စု၌ အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့ကျင်းပ



ဗန်းမော်ခရိုင် ရွှေကူမြို့နယ် မြို့ကုန်းအုပ်စု မြို့ကုန်းကျေးရွာအထက်တန်းကျောင်း၌ မေ ၁၂ ရက်က အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့အခမ်းအနားကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းအောင်နှင့် ဒေသခံကျေးရွာပြည်သူများ တက်ရောက်ခဲ့ပြီး မြို့ကုန်းကျေးလက်ကျန်းမာရေးဌာန၊ လက်ထောက်ကျန်းမာရေးမှူး ဒေါ်ချောစုဝင်းက အမှာစကားပြောကြားသည်။ ထို့နောက်သားဖွားဆရာများက ကိုယ်ဝန်ဆောင်စဉ်ကာလ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း ကျန်းမာရေးပညာပေး ဟောပြောခြင်းများ၊ ငါးနှစ်အောက်ကလေးအာဟာရနှင့်ပတ်သက်၍စာစောင်များပေးကမ်းခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅.၅.၂၀၁၅ ရက်နေ့ နေပြည်တော်၌ ကျင်းပပြုလုပ်သည့်
နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
သုံးနှစ်ဆက်တိုက် **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
**(နိုင်ငံတော်အခွန်ဘဏ္ဍာ တာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သောလုပ်ငန်းရှင်-ပထမဆု)** ကို
**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား
ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နောင်နှစ်ပေါင်းများစွာ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံးထမ်းဆောင်နိုင်ပြီး
နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅.၅.၂၀၁၅ ရက်နေ့ နေပြည်တော်၌ ကျင်းပပြုလုပ်သည့်
နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
**(နိုင်ငံတော်နှင့်ပြည်သူတို့၏ လူမှုရေးအကျိုးပြု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)** ကို
**"ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းစမ်း"** အား
ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နိုင်ငံတော်နှင့်ပြည်သူတို့အတွက် လူမှုရေးအကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုးတိုး၍
ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်

## ဂျူဗင်တပ်စ်ရဲ့ စန်းထချိန်နဲ့ စောင့်ကြည့်ရဦးမယ့် အီတလီဘောလုံးလောကမှ

ဒါကြောင့်လည်း ၂၀၁၀ နောက်ပိုင်းမှာ စီးရီးအေဟာ ပိုမိုပြောင်းလဲမှုတွေ ရှိလာခဲ့တယ်လို့ ပြောရမှာပါ။ ၂၀၁၀ မတိုင်ခင်ကဆိုရင် စီးရီးအေကို ပဲကြည့်ကြည့်၊ အီတလီ နိုင်ငံလက်ရွေးစင်အသင်းကိုပဲ ကြည့်ကြည့် ဘောလုံးလောကရဲ့ ထိပ်တန်းကစားသမားတွေကြီးစိုးနေတာကို တွေ့ရပါတယ်။ အဲဒီအချိန်တုန်းက စီးရီးအေဘောလုံးလောကကို ကြည့်မယ်ဆိုရင်လည်း ဂက်တူဆို၊ ကမ်နာဗာရို၊ အီဘရာဟီမိုဗစ်၊ ကမ်ဘီယာဆို၊ မိုက်ကွန်၊ ဇက်နက်တီ၊ ဗီယာရာ၊ နက်စတာ၊ သီယာဂိုဆေးလ်ဗား၊ ဆီးဒေါ့ဖ်၊ ဘက်ခမ်းနဲ့ ရော်နယ်ဒင်ညိုတို့လို ကမ္ဘာ့ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတွေကို တွေ့ရပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ စီးရီးအေမှာ အဲဒီလို နာမည်ကြီးကစားသမားတွေ ပျောက်ဆုံးနေပြီး ဥရောပရဲ့ ထိပ်တန်းနေရာကနေလည်း လျော့ကျခဲ့ပါတယ်။

အခုဆိုရင်လည်း ဘောလုံးသမားတွေရဲ့ မျက်လုံးထဲမှာတော့ စီးရီးအေကို တစ်ချိန်ကလိုမျိုး မမြင်တော့ပါဘူး။



❝ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ချန်ပီယံလိဂ် ဆုဖလားကိုသာ ရယူနိုင်ခဲ့မယ်ဆိုရင်တော့ ဥရောပ ဘောလုံးလောကမှာ အီတလီဘောလုံးလောကဟာ ပြန်လည်တောက်ပလာဦးမယ် ❞

ဘောလုံးလောကရဲ့ သက်ကြီးကစားသမားတွေဟာ အခုအခါမှာတော့ စီးရီးအေဟာ သူတို့ရဲ့နောက်ဆုံးကစားသမားဘဝ ခေါင်းချရာနေရာအဖြစ် သတ်မှတ်နေကြတာကိုလည်း တွေ့ရပါတယ်။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် အက်ရှ်လေကိုးလ်၊ မီကာရစ်ချက်၊ အက်ဆီယံနဲ့ အီဗရာတို့ဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ အကောင်းဆုံးကစားသမားဘဝ ပြီးဆုံးခဲ့ကြတဲ့ သူတို့ဟာ ဥရောပတောင်ပိုင်း နိုင်ငံဖြစ်တဲ့ အီတလီမှာ ခေါင်းချဖို့ ဆုံးဖြတ်ထားကြတာလည်း ဖြစ်ပါတယ်။

စီးရီးအေ ဘောလုံးလောကရဲ့ အောင်မြင်မှုတွေကို လျော့ကျစေတဲ့ ကြီးမားတဲ့ နောက်အကြောင်းတရားတစ်ခုကတော့ လူငယ်ပါရမီရှင်ကစားသမားတွေကို မမွေးထုတ်နိုင်ခြင်းပါပဲ။ ဒါကြောင့်လည်း အီတလီအသင်းနည်းပြ ကွန်တီက အီတလီလက်ရွေးစင်အသင်းနဲ့ ကလပ်အသင်းတွေ ဥရောပမှာ မအောင်မြင်ရခြင်းဟာ ပါရမီရှင် လူငယ်ကစားသမားတွေ မွေးထုတ်နိုင်ခြင်း မရှိလို့ဖြစ်တယ်ဆိုပြီး ဝေဖန်ထောက်ပြထားပါတယ်။

ဒါ့အပြင် အီတလီဘောလုံးလောက ပြစ်ချက်တစ်ခုကိုလည်း ဂျူဗင်တပ်စ်ဥက္ကဋ္ဌ အယ်လီဂရီက ထောက်ပြခဲ့ပါသေးတယ်။ အဲဒါကတော့ စီးရီးအေပြိုင်ပွဲတွေကို ပရိသတ်လာရောက်ကြည့်ရှုမှု နည်းပါးသွားကြခြင်းပါပဲ။ ၂၀၀၉ ခုနှစ်ကဆိုရင် အေစီမီလန်အသင်းရဲ့ ပြိုင်ပွဲတွေကို လာရောက်ကြည့်ရှုကြတဲ့ ပရိသတ်အရေအတွက်ဟာ ၅၃၀၀၀ ရှိခဲ့ပေမယ့် အခုအချိန်မှာတော့ ၃၅၀၀၀ လောက်ပဲရှိပြီး ကြည့်ရှုသူ ၂၀၀၀၀ လောက် လျော့ကျသွားတာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် လက်ရှိစီးရီးအေချန်ပီယံ လေးနှစ်ဆက်တိုက်ရရှိထားတဲ့ ဂျူဗင်တပ်စ်အသင်းကတော့ ၂၀၀၉ ခုနှစ်မှာ ကွင်းအတွင်း ကြည့်ရှုသူ ၂၂၀၀၀ သာရှိခဲ့ပေမယ့် အခုအချိန်မှာတော့ ၃၇၀၀၀ ရှိလာခဲ့တာကြောင့် အပေါင်းလက္ခဏာ ဆောင်တယ်လို့တော့ ပြောနိုင်ပါတယ်။ ဒါပေမယ့် စီးရီးအေရဲ့ ကွင်းအတွင်း ပရိသတ်ကြည့်ရှုအားပေးမှုဟာ ပရီမီယာလိဂ်နဲ့ ယှဉ်ကြည့်မယ်ဆိုရင် အများကြီးကွာခြားမှု ရှိနေသေးတာကိုတော့ တွေ့ရပါတယ်။

ဒါပေမယ့် မကြာသေးခင်က ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်မှာ စီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းဟာ စပိန်ထိပ်တန်းကလပ် ရီးရဲမက်ဒရစ်အသင်းကို အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲကို တက်ရောက်လာနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အခုလို ဂျူဗင်တပ်စ်အသင်းရဲ့ တိုးတက်မှုတွေဟာ အီတလီဘောလုံးလောကအတွက် အပြောင်းအလဲတွေ ပြန်လည်ဖြစ်လာဖို့အတွက် စန်းတက်လာချိန်ရောက်လာပြီးလားဆိုပြီး မေးခွန်းထုတ်မှုတွေတော့ ရှိလာခဲ့ပါတယ်။

တကယ်တော့ ဂျူဗင်တပ်စ်အသင်းဟာ ၂၀၀၆ ခုနှစ်က အကျင့်ပျက်ခြစားမှုတွေကြောင့် စီးရီ(ဘီ)ကို တန်းဆင်းသွားရတဲ့ အသင်းဖြစ်ပေမယ့် အသင်းကို အကောင်းဆုံး ပြန်လည်တည်ဆောက်ပြီး ဥရောပမှာ စာမျက်နှာသစ် ဖွင့်လှစ်ဖို့အတွက် ကြိုးစားနိုင်ခဲ့တဲ့ အသင်းလို့လည်းဆိုရမှာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ၂၀၁၁-၁၂ ခုနှစ်ကနေစပြီး လက်ရှိရာသီအထိ ပြည်တွင်း စီးရီးအေအမှတ်ပေးဆုဖလားကို လေးနှစ်ဆက်တိုက်ရယူထားနိုင်တဲ့ အသင်းလည်းဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကို ၂၀၀၃ခုနှစ်က နောက်ဆုံးရောက်ရှိခဲ့တာဖြစ်ပြီး အဲဒီဗိုလ်လုပွဲမှာတော့ အေစီမီလန်အသင်းကို ရှုံးနိမ့်ပြီး ဒုတိယနေရာနဲ့ပဲ ကျေနပ်ခဲ့ရတာလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းကမှ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ရီးရဲမက်ဒရစ်အသင်းကို နှစ်ကျော့စလုံး အနိုင်ကစားပြီး ဖိုင်နယ်တက်ရောက်လာတာကို ကြည့်တာနဲ့ ဂျူဗင်တပ်စ်နဲ့အတူ စီးရီးအေရဲ့ အောင်မြင်မှုတွေဟာ မကျရှုံးသေးဘူးလို့ ပြောရမှာဖြစ်ပါတယ်။

ဒါကြောင့်လာမယ့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာတော့ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ဘာစီလိုနာအသင်းကို အနိုင်ကစားနိုင်မလားဆိုတာကိုလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။ တကယ်လို့သာ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ချန်ပီယံလိဂ်ဆုဖလားကိုသာ ရယူနိုင်ခဲ့မယ်ဆိုရင်တော့ ဥရောပဘောလုံးလောကမှာ အီတလီဘောလုံးလောကဟာ ပြန်လည်တောက်ပလာဦးမယ်လို့ ဆိုရမှာဖြစ်ပါတယ်။

■ အောင်က

# လီဗာပူးကစားသမား စတာလင်း၏ အနာဂတ်နှင့် ပတ်သက်၍ အမြင်ကွဲပြားမှုများရှိနေ

**ပရီမီယာလိဂ် လီဗာပူးအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်ကာလအတွင်းတွင် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသူ ကွင်းလယ်ကစားသမား ရာဟီးစတာလင်းအား ရောင်းချသင့်ကြောင်း လီဗာပူအသင်း အားကစားဒါရိုက်တာဟောင်း ဒါမိန်းကိုမိုလီက ထုတ်ဖော်ပြောဆိုလိုက်သည်။**

အင်္ဂလန်ကစားသမား စတာလင်းသည် လီဗာပူးမှ ထွက်ခွာရန် ဆန္ဒရှိနေသည်ဟု မန်နေဂျာ ရော်ဂျာကို အသိပေးပြောဆိုထားသည်ဟု ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက သတင်းများထွက်ပေါ်လာခဲ့သည်။ လီဗာပူးအသင်းနှင့် ကွင်းလယ်ကစားသမား စတာလင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၇ ခုနှစ်တွင်မှ ကုန်ဆုံးမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် လီဗာပူးအသင်း အားကစားဒါရိုက်တာရာထူးမှ နုတ်ထွက်ခဲ့သူ ကိုမိုလီက "စတာလင်းဟာ လီဗာပူးနဲ့ စာချုပ်သစ် မချုပ်ဆိုဖြစ်ပဲ သူ့ကို အခုနွေရာသီဈေးကွက်ကာလအတွင်းမှာလည်း မရောင်းချဖြစ်ခဲ့ဘူးဆိုရင် လီဗာပူးအသင်းအနေနဲ့ လာမယ့် ၂၀၁၇ ခုနှစ်မှာ စတာလင်းကို ပြောင်းရွှေ့ကြေးအလွတ်နဲ့ လက်လွှတ်ရမယ့်အန္တရာယ်ကို ရင်ဆိုင်ရမှာပါ။ ကျွန်တော့်အနေနဲ့ အချိန်အနည်းငယ်ယူပြီး စတာလင်းကို လီဗာပူးမှာပဲ ဆက်ကစားဖို့ ဖျောင်းဖျကြည့်ချင်ပါတယ်။ ဒါပေမယ့် နောက်ဆုံးအနေနဲ့ လီဗာပူးအသင်း ဘုတ်အဖွဲ့ကို အကြံပေးချင်တာကတော့ စတာလင်းကို အခု နွေရာသီဈေးကွက်ကာလအတွင်းမှာ ရောင်းချသင့်တယ်ဆိုတာပါပဲ" ဟု ပြောသွားသည်။

သို့သော်လည်း လီဗာပူးအသင်း တောင်ပံကစားသမားဟောင်းတစ်ဦးဖြစ်သူ ဂျွန်ဘန်းစ်ကမူ စတာလင်းသည် လီဗာပူးတွင်သာ ဆက်ရှိသင့်သည်ဟု မှတ်ချက်ပြုပြောဆိုခဲ့သည်။

"စတာလင်းဟာ အလားအလာကောင်းတွေ အများကြီးရှိသူပါ။ လီဗာပူအသင်းကလည်း သူ့ကို အခွင့်အရေးတွေပေးခဲ့တာမို့ စတာလင်းအနေနဲ့ လီဗာပူးမှာပဲ ဆက်ရှိသင့်ပါတယ်။ တကယ်လို့ စတာလင်းအနေနဲ့ မန်စီးတီးအသင်းကို ပြောင်းရွှေ့ခဲ့မယ်ဆိုရင် မန်စီးတီးအသင်းရဲ့ပွဲထွက်ကစားသမားစာရင်းမှာ ပါဝင်ခွင့်ရမယ်လို့ လူတိုင်း ယုံကြည်လက်ခံနိုင်ပါ့မလား" ဟု ဂျွန်ဘန်းစ် (၅၁နှစ်)က ပြောသွားသည်။

ကွင်းလယ်ကစားသမား စတာလင်းသည် ၂၀၁၄-၁၅ ခုနှစ် ဘောလုံးရာသီအတွက် လီဗာပူးအသင်း၏ တစ်နှစ်တာ လူငယ်အကောင်းဆုံး ကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်သည်။ အသက် ၂၀ နှစ်အရွယ်ရှိ စတာလင်းသည် အဆိုပါဆုကို ပြီးခဲ့သည့်ရာသီကလည်း ရရှိခဲ့ဖူးသည်။



### ပရီမီယာလိဂ်ပွဲစဉ် (၃၈) တနင်္ဂနွေနေ့ (၂၄-၅-၁၅)

| | | | |
|---|---|---|---|
| ည ၈း၃၀ | အာဆင်နယ် - ဝက်စ်ဘရွန်း | ည ၈း၃၀ | ဟားလ် - မန်ယူ |
| ည ၈း၃၀ | ဗီလာ - ဘန်လေ | ည ၈း၃၀ | လက်စတာ - ကျူပီအာ |
| ည ၈း၃၀ | ချယ်လ်ဆီး - ဆန်းဒါးလန်း | ည ၈း၃၀ | မန်စီးတီး - ဆောက်သမ်တန် |
| ည ၈း၃၀ | ပဲလေ့စ် - ဆွမ်ဆီး | ည ၈း၃၀ | ကာဆယ် - ဝက်စ်ဟမ်း |
| ည ၈း၃၀ | အဲဗာတန် - စပါး | ည ၈း၃၀ | စတုတ် - လီဗာပူး |

မြန်မာ့အလင်း
၂၂-၅-၂၀၁၅ (သောကြာနေ့)



# စောင့်ကြည့်ရတော့မယ့် လီဗာပူး

ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် (၃၇)မှာ လီဗာပူးက ပဲလေ့စ်ကို ရှုံးတယ်။ ရှုံးတာမှဂိုးပြတ်ရှုံးတာ။ ၁-၃ နဲ့ကိုရှုံးတာ။ ဒီတော့ အဲဒီအရှုံးနဲ့ပတ်သက်ပြီး ဘာများပြောစရာရှိသလဲ။ အထူးသဖြင့် အဲဒီပွဲမတိုင်ခင်မှာ လီဗာပူးဟာ အဆင့် ၄ နေရာက မန်ယူနဲ့ ခြောက်မှတ်ကွာတယ်။ အဲဒီအမှတ်ကွာဟမှုအရ လီဗာပူးဟာ ကျန်နှစ်ပွဲ စလုံးနိုင်ပြီး မန်ယူက နှစ်ပွဲစလုံးရှုံးခဲ့ရင် လီဗာပူးဟာ မန်ယူနဲ့ ရာသီအကုန်မှာ အမှတ်တူနိုင်သော်ငြား သူတို့ နှစ်သင်းကြား ဂိုးကွာဟမှုက ၁၄ ဂိုးအထိရှိတယ်။ ပြောချင်တာက လီဗာပူးအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ဆိုတာ သိပ်ကို ခဲယဉ်းသွားတဲ့ အနေအထားဆိုတော့ သာမန်ကြည့်ရင် ပဲလေ့စ်ကိုရှုံးခြင်းဟာ လီဗာပူးအတွက် အပွန်းအရှ မရှိဘူးလို့ ဆိုနိုင်ပေမယ့် အဲဒီနေ့က စပါးနဲ့ ဆောက်သမ်တန်က နိုင်ပွဲရလိုက်တော့ အဲဒီရှုံးပွဲနဲ့အတူ လီဗာပူးဟာ ယူရိုပါလိဂ်ဝင်ခွင့်ရဖို့တောင် မသေချာတဲ့အခြေအနေအထိ ဖြစ်လာတဲ့အခါ။ သေချာတယ်။ လီဗာပူးအကြောင်း ပြောမှဖြစ်မယ်။

အထူးသဖြင့် လီဗာပူးဟာ ပဲလေ့စ်ကိုရှုံးခဲ့လို့ ရှိရင်စွဲ ၆၂ မှတ်နဲ့ တန့်နေတယ်။ အဲဒီအချိန်မှာ ဟားလ်ကိုနိုင်တဲ့ စပါးက ၆၁ မှတ်နဲ့ ဗီလာကိုနိုင်ခဲ့တဲ့ ဆောက်သမ်တန်က အမှတ် ၆၀ ရလာတော့ လီဗာပူးဟာ စပါးထက် တစ်မှတ်၊ ဆောက်သမ်တန်ထက် နှစ်မှတ်သာ အသာရတော့တဲ့ အခါ လီဗာပူးအတွက် နောက်ဆုံးပွဲစဉ်က အတိမ်းအစောင်းလုံးဝမခံတော့ဘူး။ တကယ်လို့ နောက်ဆုံးပွဲစဉ်မှာ သူတို့သာ ရှုံးပွဲကြုံပြီး စပါးနဲ့ ဆောက်သမ်တန်က နိုင်ပွဲရခဲ့ရင် သူတို့အနေနဲ့ အဆင့် ၇အထိတောင် ရောက်သွားနိုင်တော့။ ဒီနှစ်မှာလီဗာပူးအနေနဲ့ယူရိုပါလိဂ် ဝင်ခွင့်တောင် ရယူနိုင်ပါ့မလားဆိုတာ မေးစရာဖြစ်လာပြီ။

ဒါပေမယ့် အဲဒီလို ဒီရာသီမှာ ယူရိုပါလိဂ်ဝင်ခွင့်ကို လီဗာပူး ရနိုင်၊ မရနိုင်ဆိုတာကို အရင်မပြောခင် သူတို့ ဘာကြောင့်ဒီလိုဖြစ်သလဲဆိုတာကို အရင်ပြောမယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ လက်ရှိမှာတော့ အဲဒီ ယူရိုပါလိဂ်ဝင်ခွင့်ဆိုတဲ့ အဝန်းအဝိုင်းအတွင်းမှာတော့ ဦးဆောင်သူပဲ။ အရှင်းဆုံးပြောရရင် သူတို့ဟာ နောက်ဆုံးပွဲစဉ်မှာနိုင်ရုံနဲ့ ဘယ်အသင်းရဲ့ ရလဒ်ကိုမှကြည့်စရာမလိုပဲ ယူရိုပါလိဂ်ဝင်ခွင့်ရမယ်။ ထပ်ပြောရရင် ကိုယ့်ကံကြမ္မာကို ဖန်တီးခွင့် ရှိနေတုန်းပဲ။ ဒါပေမယ့် အဲဒီကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးခွင့်ရှိပါလျက် ဖန်တီးနိုင်ခြေရှိ မရှိဆိုတာ သူတို့ရဲ့ အနေအထားကို အရင်လေ့လာမှဖြစ်မှာဆိုတော့။ သေချာတယ်။ လီဗာပူး ယူရိုပါလိဂ်ဝင်ခွင့်ရ မရဆိုတာထက် ဘာကြောင့်ဒီလိုဖြစ်သလဲ ဆိုတာကို အရင်တွေးဆဖို့လိုကိုလိုတယ်။

ပြောမယ်ဆိုရင် ကျွမ်းကျင်သူ အများစုကတော့ လီဗာပူးရဲ့ ယိမ်းယိုင်မှုများရဲ့ အဓိကတရားခံအဖြစ် တိုက်စစ်ကို လက်ညှိုးညွှန်ကြတယ်။ အထူးသဖြင့် သူတို့ဟာ ဒီရာသီမှာ ဆွာရက်ဇ်ကိုရောင်းတယ်။ အဲဒီငွေနဲ့ အသင်းကို ပြုပြင်ပြောင်းလဲမှုတွေလုပ်တယ်။ လူသစ်အဝင်ပြတယ်။ အဲဒီမှာအသင်းဟာ မတည်ငြိမ်မှုဆိုတဲ့ခေါင်းစဉ်အောက်ရောက်တယ်။ အထူးသဖြင့် ခံစစ်နဲ့ တိုက်စစ်။ အဲဒီ နှစ်နေရာမှာ ကြီးကြီးမားမားအထိ အပြောင်းအလဲဖြစ်တယ်။ အဓိကကတော့ ဆွာရက်ဇ်အထွက်မှာ ကြီးသွားတဲ့ဟာကွက်ကို ဘယ်လိုမှ ပြန်မဖြည့်နိုင်ဘူး။ ဘာလေ့ာတယ်လီရောက်တယ်။ လမ်းဘတ်ဝင်တယ်။ အရေအတွက်အရ ပြည့်ပြည့်ဝဝဖြစ်သွားသော်ငြား အရည်အချင်းပိုင်းမှာ ပြည့်ပြည့်စုံစုံ ဖြစ်မလာဘူး။ အဲဒါ အဓိကပြဿနာပဲ။

အရှင်းဆုံးပြောရရင် ရော်ဂျာဟာ ဆွာရက်ဇ်အထွက်မှာ ဘာလေ့ာတယ်လီနဲ့ အဓိကထားဖြည့်ခဲ့တာ။ အဲဒီနှစ်ယောက်ကြားမှာ ကွာဟချက်က ရှိတယ်။ ပြောမယ်ဆိုရင် ဆွာရက်ဇ်နဲ့ ဘာလေ့ာတယ်လီတို့နှစ်ဦးဟာ ကစားဟန်နဲ့ ရွေ့လျားပုံချင်းမကွာဘူး။ နှစ်ဦးစလုံးက စကေးကောင်းတယ်။ ကွင်းလယ်စည်းစပ်အထိ ဘောလုံးဆင်းယူပြီး ကိုယ်တိုင်တိုက်စစ်လမ်းကြောင်းဖွင့် ကစားတတ်သလို ကစားဖော်တွေအတွက်လည်း တံ့ပြန်ဖန်တီးပေးနိုင်သူတွေချည်းပဲ။ ဒါပေမယ့် အဆုံးသတ်အားနဲ့ ဦးဆောင်မှုအခန်း ကဏ္ဍပိုင်းကျတော့ကွာတယ်။ သချ်ာဘာသာအရမှာတင် ဆွာရက်ဇ်က တစ်ရာသီကို ဂိုး ၃၀ လောက် အာမခံချက်ရှိသူ။ ဘာလေ့ာတယ်လီကတော့ တစ်ရာသီကို ၁၅ဂိုးနဲ့ ဂိုး ၂၀ကြားပဲသွင်းနိုင်သူ။ အဲဒီမှာတင် တိုက်စစ်ရဲ့ အဆုံးသတ်က ကျသွားတယ်။ အဲဒါက အဓိကပြဿနာပဲ။ ပိုဆိုးတာက ဘာလေ့ာတယ်လီက ထင်သလောက် အံမဝင်မှုနဲ့ စတားရစ်ရဲ့ ဒဏ်ရာပြဿနာပဲ။ အရှင်းဆုံးပြောရရင် ဆွာရက်ဇ် အထွက် ဘာလေ့ာတယ်လီနဲ့ လမ်းဘတ်အဝင်မှာ အရည်အချင်းပိုင်းမှာ ကျသွားရတဲ့ကြားထဲဝင်လာသူတွေက အံမဝင်၊ ရှိရင်းစွဲအနက်က အားထားရသူစတားရစ်က ဒဏ်ရာကြောင့် တစ်ရာသီလုံး သုံးမရတော့ ဂိုးတစ်ဂိုး ရဖို့တောင် တစ်ပွဲလုံး ဖြစ်ဖြစ်မည်သွင်းယူရတဲ့ ပွဲတွေများလာတဲ့အထိ ခံစစ်အားက ကျသွားတယ်။

ပြောမယ်ဆိုရင် အဲဒါကိုအခြေခံပြီး ထပ်ဆင့်ဖြစ်တည်မှုတစ်ခုကတော့ မတည်ငြိမ်မှုဘဲ။ ပြောရရင် ရော်ဂျာရဲ့ ရည်ရွယ်ရင်းက စတာလင်း+ဘာလေ့ာတယ်လီ+စတားရစ်နဲ့ တိုက်စစ်ကိုဖွဲ့တည်ရေး။ ဒါပေမယ့် အဲဒါက အလုပ်မဖြစ်တော့ တိုက်စစ်ကို အမျိုးမျိုးပြောင်းသုံးရတယ်။ အရှင်းဆုံး ပြောရရင် လာလာနာ၊ စတာလင်း၊ ကော်တင်ဟို၊ လမ်းဘတ်၊ ဘာလေ့ာတယ်လီ၊ အဘီး၊ မာကိုဗစ်၊ စတားရစ်တို့နဲ့ အမျိုးမျိုးအထိုင်ချသုံးခဲ့ရတာ။ အဲဒီမှာ အတွဲအဖက်မငြိမ်သလို နေရာအထားအသိုလည်း မငြိမ်တဲ့အခါ တိုက်စစ်ကတည်ငြိမ်မှုလုံးဝ ပျောက်သွားတယ်။ အရှင်းဆုံးပြောရရင် ပရီမီယာလိဂ်နောက်ဆုံး ၁၀ ပွဲမှာတောင် ရော်ဂျာဟာ တိုက်စစ်အတွဲအဖက် ခုနစ်မျိုးနဲ့ ပွဲထွက်ရင်ဆိုင်ခဲ့ရတာက သက်သေ။ အဲဒါကို ရှင်းအောင်ပြရရင် လာလာနာ+စတာလင်း+ကော်တင်ညို (ပဲလေ့စ်)၊ လာလာနာ+လမ်းဘတ်+စတာလင်း (ချယ်လ်ဆီး၊ ကျူပီအာ)၊ စတာလင်း+ဘာလေ့ာတယ်လီ+ အဘီး (ဟားလ်၊ ဝက်စ်ဘရွန်း)၊ စတာလင်း+ကော်တင်ညို+အဘီး (နယူးကာဆယ်)၊ ကော်တင်ညို+စတားရစ်+စတာလင်း (ဆွမ်ဆီး)၊ ကော်တင်ညို+စတားရစ်+လာလာနာ (မန်ယူ၊ ဘန်လေ)၊ ကော်တင်ညို+စတာလင်း+မာကိုဗစ် (အာဆင်နယ်) ဆိုတော့။

စတာလင်း တစ်ဦးတည်းကိုပဲကြည့်။ တိုက်စစ်ဗဟိုမှာ နှစ်ပွဲ။ တိုက်စစ်ညာမှာ နှစ်ပွဲ။ တိုက်စစ်ဘယ်မှာ နှစ်ပွဲ။ ပြီးတော့ ကစားသမား အသုံးပြုမှုက ရှစ်ဦး။ အတွဲအဖက်က ခုနစ်မျိုး။ ပြီးတော့ အဲဒီကြားမှာ နေရာအတည်တကျ မရှိမှုက ပါရှိတဲ့အခါ။ လီဗာပူးတိုက်စစ်ရဲ့ မတည်ငြိမ်မှု။ အဲဒီမတည်ငြိမ်မှုရဲ့ အကျိုးဆက်အဖြစ် စွမ်းဆောင်ရည်ကျဆင်းမှုတွေနဲ့ ကြုံတယ်။ အဲဒါက အဓိကပြဿနာပဲ။ အဲဒီ ၁၀ ပွဲမှာဆိုရင် လီဗာပူးဟာ တစ်ဂိုးထက်ပိုသွင်းနိုင်တာ နှစ်ပွဲ။ တစ်ဂိုးမှမရတာ နှစ်ပွဲဆိုတော့။ ဘယ်သူ့ကြောင့် ရယ်လို့ အပြစ်မဆိုနိုင်ပေမယ့် အဲဒီဒဏ်ကို ခံရတာကတော့ အလူးအလဲပဲ။

အရှင်းဆုံးပြောရရင် ပရီမီယာလိဂ်က ဂိုးကွာဟချက်နဲ့ ဆုံးဖြတ်တာ။ အဲဒီအတွက် သူတို့တစ်တွေ ပဲလေ့စ်ကို မရှုံးခင်မှာ မန်ယူကို အမှတ်အရ မီနိုင်သေးပေမယ့် တိုက်စစ်က ဂိုးလုံလောက်အောင်သွင်းမထားနိုင်တော့ မျှော်လင့်လို့မရ ဖြစ်သွားရတယ်။ ပြီးတော့ အဲဒီအခြေအနေကြောင့်ပဲ လီဗာပူးဟာ နောက်ဆုံးပွဲစဉ်မှာ သရေကျလို့တောင်မရဖြစ်နေရတယ်။ အထူးသဖြင့် အခု လီဗာပူးက ၆၂ မှတ်။ အဆင့် ၇ နေရာက ဆောက်သမ်တန်က ရမှတ် ၆၀။ တကယ်လို့ လီဗာပူးသာ နောက်ဆုံးပွဲစဉ်မှာ သရေကျပြီး ဆောက်သမ်တန်က နိုင်ရင် လီဗာပူးနဲ့ ဆောက်သမ်တန်တို့ ၆၃ မှတ်စီတူမယ်။ ဒါဆို ဂိုးကွာခြားမှုနဲ့ ဆုံးဖြတ်တော့မယ်ဆိုတော့ လက်ရှိဂိုးကွာခြားမှုမှာ လီဗာပူးက +၉။ ဆောက်သမ်တန်က +၂၃။ တိုက်စစ်ပိုင်း အားနည်းမှုကြောင့် မနိုင်လို့မဖြစ်တော့တဲ့အထိ လီဗာပူး ဖိအားများသွားတယ်။

ဒီတော့ အစကိုပြန်သွားမယ်။ လီဗာပူး ယူရိုပါလိဂ်ဝင်ခွင့် ရမရပေါ့။ လက်ရှိအနေအထားအရတော့ သူတို့က အခွင့်အသာဆုံးပဲ။ ဘာကြောင့်လဲဆိုတော့ နောက်ဆုံးပွဲမှာ သူတို့ အပါအဝင် စပါးရော ဆောက်သမ်တန်ပါ အဝေးကွင်းပွဲတွေ ကစားရမှာချင်း အတူတူသူတို့က စတုတ်နဲ့။ စပါးက အဲဗာတန်။ ဆောက်သမ်တန်က မန်စီးတီးဆိုတော့ သူတို့ကျပ်တာထက် စပါးနဲ့ ဆောက်သမ်တန်က ပိုကျပ်တယ်။ ဒီတော့ သူတို့မနိုင်ရင် တောင် စပါး၊ ဆောက်သမ်တန်တို့ ရှုံးပွဲကြုံရင် သူတို့အခွင့်အရေးရမယ်ဆိုတာ မှန်တယ်။ ပြီးတော့ လက်ရှိစည်းမျဉ်းအရ တကယ်လို့သာ အက်ဖ်အေဖလားမှာ အာဆင်နယ်က ဗီလာကိုနိုင်ပြီး ဖိုလ်စွဲခဲ့ရင် အဆင့် ၇က အသင်းက ယူရိုပါလိဂ်ဝင်ခွင့်ရဦးမှာ။ ဘာကြောင့်လဲဆိုတော့ လက်ရှိ စည်းမျဉ်းအရ အက်ဖ်အေဖလားမှာ ဖိုလ်စွဲတဲ့ အသင်းကိုပဲ ယူရိုပါလိဂ်ဝင်ခွင့်ပေးပြီး တကယ်လို့ အဲဒီ ဖိုလ်စွဲတဲ့အသင်းက ဥရောပဝင်ခွင့်ရပြီးသား အသင်းဖြစ်နေရင် အမှတ်ပေးဇယား မှာ ယူရိုပါလိဂ်ဝင်ခွင့် တစ်နေရာတိုး မယ့်အတွက်ကြောင့်ပဲ။ ဒီတော့ သူတို့မှာ အခွင့်အရေးရှိတာမှန်တယ်။ ဒါပေမယ့် မသေချာဘူး။ စပါးနဲ့ ဆောက်သမ်တန်က အဲဗာတန်နဲ့ မန်စီးတီးကို ရှုံးမယ်လို့ ယတိပြတ် မပြောနိုင်သလို အက်ဖ်အေဖလားမှာလည်း အာဆင်နယ်ဖိုလ်စွဲပါ့မယ်လို့ ဘယ်လိုမှ ယတိပြတ်မပြောနိုင်ဘူး။

ဒီတော့ ကိုယ့်တာကိုယ်လုံဖို့နိုင်ထားမှ တော်ကာကျမယ်။ ဒီတော့ သူတို့နောက်ဆုံးပွဲကိုနိုင်မလား။ ပြောခဲ့ပြီးတဲ့ သူတို့ရဲ့ တိုက်စစ်ပိုင်း စွမ်းဆောင်ရည်အားနည်းမှု။ ပြီးတော့ စတုတ်ရဲ့ အိမ်ကွင်းကစားပုံနဲ့ ခံကစားအား။ ဘယ်လိုပဲတွက်တွက် သူတို့ရဲ့ ပကတိအရှိတရားဟာ နောက်ဆုံးအချိန်အထိ ရင်မအေးရဆဲလို့သာ ဆိုချင်တယ်။

လီဗာပူး ယူရိုပါလိဂ်ဝင်ခွင့် ရမရပေါ့။ လက်ရှိအနေအထားအရတော့ သူတို့က အခွင့်အသာဆုံးပဲ။ ဘာကြောင့်လဲဆိုတော့ နောက်ဆုံးပွဲမှာ သူတို့ အပါအဝင် စပါးရော ဆောက်သမ်တန်ပါ အဝေးကွင်းပွဲတွေ ကစားရမှာချင်း အတူတူသူတို့က စတုတ်နဲ့။ စပါးက အဲဗာတန်။ ဆောက်သမ်တန်က မန်စီးတီးဆိုတော့ သူတို့ကျပ်တာထက် စပါးနဲ့ ဆောက်သမ်တန်က ပိုကျပ်တယ်။